# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းအေးသောစိတ်ရှိ**

အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းမရှိ၊ ငြိမ်သက်သောဣန္ဒြေ၊ ငြိမ်းအေးသောစိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-ဇ၆)**


၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက် | ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်၊ တနင်္လာနေ့ | အတွဲ (၅၈)၊ အမှတ်(၀၂၃)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံဆက်ဆံရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် H.E. Mr. Vijay Gokhale အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် အောက်တိုဘာ ၂၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် H.E. Mr. Vijay Gokhale အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ရခိုင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံရှိ ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# စစ်တွေဆိပ်ကမ်း၊ ပလက်ဝပြည်တွင်းရေကြောင်းဆိပ်ကမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ အဆောက်အအုံများအား စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် Private Port Operator ရွေးချယ်ခန့်ထားရေး လက်မှတ်ရေးထိုး



စစ်တွေဆိပ်ကမ်းကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၂**

ကုလားတန်မြစ်ကြောင်းဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းတွင်ပါဝင်သော စစ်တွေဆိပ်ကမ်း၊ ပလက်ဝပြည်တွင်းရေကြောင်းဆိပ်ကမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ အဆောက်အအုံများအား စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် Private Port Operator ရွေးချယ်ခန့်ထားရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို နေပြည်တော် Hilton Hotel ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်မျိုး၊ ဦးသာဦးနှင့် ဌာနအကြီးအကဲများ၊ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဌာန

*စာမျက်နှာ ၃ ကော်လံ ၁* ✤




# အမျိုးသမီးအခွင့်အရေး၊ လူ့အခွင့်အရေးနှင့် လူ့တန်ဖိုး

လူ့အခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေး၊ နိုင်ငံသားအခွင့်အရေး စသည်တို့ကို ပြောမည်ဆိုလျှင် ကျားရယ် မရယ် ခွဲခြားပြောဆိုရန် မဖြစ်နိုင်ပါ။

သူက ယောက်ျားဖြစ်လို့ ဘယ်ရာထူးကိုယူ၊ သူက မိန်းမဖြစ်တာကြောင့် ဟိုရာထူးပဲရမည် ဆိုတာမျိုး ခွဲခြားဖို့မဖြစ်နိုင်။ ဘယ်သူ ဘယ်မျှလောက် အလုပ်လုပ်နိုင်သလဲ၊ ဘယ်သူက အလုပ်နှင့် ထိုက်တန်သလဲ ဆိုတာသာ မူရင်းဖြစ်ပါမည်။

နိုင်ငံသားချင်းအတူတူ သူက ဘယ်တိုင်းရင်းသားမို့ ဘယ်ဘာသာကိုးကွယ်လို့ သည်မျှလောက်အခွင့်အရေး၊ ကိုယ်က မြေပြန့်သားဖြစ်လို့ ဘယ်ဘာသာကိုးကွယ်လို့ ဟိုမျှလောက် အခွင့်အရေးဟုဆိုကာ လူမျိုးဘာသာခွဲခြား ပြောဆိုလို့မရ။ နိုင်ငံသားတိုင်းမှာ တန်းတူညီမျှ အခွင့်အရေး ရှိရမည်သာ။

သည်တစ်ယောက်က အသားဖြူလို့ ပိုယူ၊ ဟိုတစ်ယောက်က အသားမည်းလို့ ဟိုနားသွားနေ၊ ဟိုဘက်က အသားဝါလို့ ဝင်ခွင့်မရှိ ဟူ၍ အသားအရောင်ကို တည်မှီပြီး ခွဲခြားပြောဆိုလို့မရ။ လောက မိုးကောင်းကင်အောက်မှာ လူ့အခွင့်အရေး ဒီမိုကရေစီ အခွင့်အရေးက အားလုံးအတူတူ ရှိကြသည်ချည်းသာ။

အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ၊ အသားဖြူဖြူ ဝါဝါမည်းမည်း၊ လူမျိုးကိုးကွယ်ယုံကြည်ရာ မည်သို့ပင် မတူညီဘူးဖြစ်စေ အားလုံးမှာ ဥပဒေနှင့်အညီ တန်းတူညီမျှ အခွင့်အရေးရှိကြရမည်ဆိုသည်က ယနေ့ကမ္ဘာ့လူမှုအဖွဲ့အစည်း၏ ပြဋ္ဌာန်းချက်ဖြစ်နေပြီ။

ခေတ်ဟောင်း လူ့သမိုင်းစဉ်တစ်လျှောက်မှာမူ ယောက်ျားများကသာ အများအားဖြင့် ကြီးစိုးလွှမ်းမိုးတာ များခဲ့၏။ ခန္ဓာကိုယ် ဖွဲ့စည်းပုံသဘာဝအရ အမျိုးသားတို့က အမျိုးသမီးများထက် ပိုမိုအားကောင်းခဲ့ခြင်းက အမျိုးသားတို့ အသာစီးရမှု၏ မူလဘူတ အကြောင်းခံဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။

သမိုင်းစဉ်တစ်လျှောက် လူသားတို့သဘာဝတရားကို အန်တု၍ ရှင်သန်လှုပ်ရှား ရင်ဆိုင်ဖြတ်သန်းခဲ့ကြရာတွင် ခွန်အား၏ အခန်းကဏ္ဍက ပိုမိုအရေးပါခဲ့သည်ကြောင့် ဖြစ်ပါမည်။ ထို့ကြောင့်ပင် ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းမှုမှာ ယေဘုယျအားဖြင့် အားသာသော ယောက်ျားများက ဦးဆောင်သည့်နေရာက နေခဲ့ကြရခြင်း ဖြစ်နိုင်ပါသည်။

ယဉ်ကျေးမှု၏ အခြေခံအကြောင်းတရားက မိမိကြောင့် အခြားသူတစ်ဦး သို့မဟုတ် လူမှုအဖွဲ့အစည်း ထိခိုက်နစ်နာသွားမည်ကို လူတစ်ဦးချင်းက စောင့်ထိန်းမှု၊ လူသားအချင်းချင်း တန်းတူညီမျှ သဘောထားကာ ဆက်ဆံမှုတို့ အပေါ်မူတည်ခြင်းဖြစ်ပါ၏။ သည်တော့ လူ့ယဉ်ကျေးမှုမြင့်မားသည်နှင့်အမျှ အခြားသူတစ်ဦး ထိခိုက်နစ်နာမှုမရှိစေရန်နှင့် မိမိက အခြားသူများကို တန်းတူညီမျှဆက်ဆံရန် စသည်တို့က အရေးပါလာပါသည်။ ထိုအခြားသူသည် လူတစ်ဦးအဖြစ် ရှင်သန်နေရန်သာ လိုအပ်ပြီး သူ၏ အသားအရောင်၊ လိင်အမျိုးအစား၊ လူမျိုးကိုးကွယ် ယုံကြည်ရာတို့နှင့် လားလားမှမဆိုင် ဖြစ်ပါသည်။

အခြားတစ်ဖက်တွင်လည်း ခေတ်သစ်နည်းပညာ အတတ်ပညာသမိုင်းက အစဉ်သဖြင့် တိုးတက်ပြောင်းလဲလာခဲ့ပြီး ယနေ့ကာလလို ပညာဉာဏ်ပေါ်မှာ အခြေခံသည့် အသိပညာ၊ အတတ်ပညာ၊ နည်းပညာခေတ်တို့ကို ရောက်ရှိလာသည့်အခါ ယောက်ျား မိန်းမဟူ၍ ခွဲခြားဖို့ မဖြစ်နိုင်တော့ပြီ။ ခန္ဓာကိုယ်ကြံ့ခိုင်ခြင်း အားသာမှုက လူမှုဝန်းကျင်မှာ အသာစီးရသင့်သည်။ ပိုမိုအခွင့်အရေး ရသင့်သည်ဟူသည့် အယူအဆက ဗလအားကိုးခေတ်မှာ အလိုအလျောက် ကျန်ခဲ့ပြီဟု ဆိုရပါမည်။ ဤသည်က အရှေ့တိုင်းနိုင်ငံ၊ အနောက်တိုင်းနိုင်ငံရယ်ဟူ၍ မဟုတ်တော့ဘဲ နိုင်ငံတကာ အမြင်၊ နိုင်ငံတကာအတွေး၊ နိုင်ငံတကာယဉ်ကျေးမှု ဖြစ်လာပါသည်။

နေရာဒေသ အသီးသီး၊ အခန်းကဏ္ဍအသီးသီးမှာ အမျိုးသား အမျိုးသမီးဟူ၍ ခွဲခြားကန့်သတ်ဖို့ မဖြစ်နိုင်တော့သည့်ခေတ် ဖြစ်နေပြီ။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ နည်းပညာ အရေးအရာ မည်သို့သော နယ်မြေမှာမဆို အမျိုးသား အမျိုးသမီး ခွဲခြားစည်းတားလို့ မရနိုင်ပြီ။

ယခုအခါဆိုလျှင် အမျိုးသမီးတို့၏ အခွင့်အရေး အမျိုးသားတို့၏ အခွင့်အရေးဟု ခွဲခြားပြောဆိုနေခြင်းသည်ပင်လျှင် မသင့်လျော်သော အချိန်သို့ရောက်လာနေပြီး လူ့အခွင့်အရေး စံသတ်မှတ်ချက်တွင်းမှာ အားလုံးအတူတူ တန်ဖိုးချင်းအတူတူဟု နားလည်ကြသည့်ကာလဟု မြင်ပါသည်။

ယနေ့ခေတ်က အမျိုးသမီး အမျိုးသားမဟူ၊ မည်သည့်လူမျိုး၊ မည်သည့်ဘာသာမခွဲ၊ မည်သည့်အသားအရောင်မခြား၊ မည်သူပဲဖြစ်ဖြစ် လောကလူမှုအဖွဲ့အစည်းအတွက် မည်မျှလောက် တာဝန်ကျေကျေ ပါဝင်လုပ်ဆောင်နိုင်သလဲ ဟူသည့် အပေါ်မှာတည်၍ လူသားတို့၏ တန်ဖိုးကို သတ်မှတ်နေမည်သာဖြစ်သည်ဟု တင်ပြလိုက်ရပါသည်။ ။

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်



ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(သံတွဲမြို့)
၂၀၁၈-ခုနှစ် ၊ အောက်တိုဘာလ (၂၇ ၊၂၈) ရက် စနေနေ့ ၊ တနင်္ဂနွေနေ့ များတွင်
နံနက် (၈) နာရီမှ ညနေ (၅) နာရီအထိ မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
ဒွါရာဝတီမြို့နယ်ခန်းမ ၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်

## သုံးခွမြို့နယ်တွင် အကြိမ် ၁၀၀ မြောက် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**သုံးခွ အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ် ၁၂ ရပ်ကွက်ရှိ ရွှေပြည်အေးစေတီတော်မြတ်ကြီး၏ အကြိမ် ၁၀၀ မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး အောက်တိုဘာ ၂၉ ရက် မွန်းတည့် ၁၂ နာရီမှစ၍ စတုဒိသာ စားသောက်ဖွယ်ရာများဖြင့် လှူဒါန်းမည်ဖြစ်သည်။ အောက်တိုဘာ ၃၀ ရက် နံနက်တွင် ပင့်သံဃာများက ဗုဒ္ဓါဘိသေက ဘုရားအနေကဇာ တင်လှူပူဇော်ပွဲကျင်းပပြီး သံဃာတော်အပါး ၃၀ အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော် (သုံးခွ)**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း မန္တလေးတိုင်းဒေသကြီးအတွင်း လုပ်ငန်းများကြည့်ရှုစစ်ဆေး

**မန္တလေး အောက်တိုဘာ ၂၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် အောက်တိုဘာ ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးရုံးချုပ် စန္ဒကူးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့နယ် မြေတိုင်းကျောင်းခန်းမ၌ ကျောင်းအုပ်ကြီး၊ သင်ကြားရေးဆရာများ၊ သင်တန်းသားများနှင့်တွေ့ဆုံရာ ကျောင်းအုပ်ကြီးက မြေတိုင်းကျောင်းမှ ဖွင့်လှစ်လျက်ရှိသော သင်တန်းအမျိုးအစားများ၊ သင်တန်းအမျိုးအစားအလိုက် သင်တန်းသားလက်ခံနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ဘက်လိုက်မှုကင်းရှင်းရန်

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအနေဖြင့် ခေတ်မီစက်ကိရိယာများ ကိုင်တွယ်အသုံးပြုနိုင်သလို အခြားတစ်ဖက်တွင်လည်း ကိုယ်ကျင့်တရားကောင်းမွန်ရန်၊ လုပ်ငန်းဆောင်ရွက်ရာတွင် ဘက်လိုက်မှုကင်းရှင်းရန် လိုအပ်ကြောင်း၊ သင်တန်းဆရာများအနေဖြင့်လည်း စေတနာထားသင်ကြားပို့ချပြီး ကျွမ်းကျင်မှုပြည့်ဝသော သင်တန်းသားများဖြစ်အောင် လေ့ကျင့်ပေးရန် မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအား လက်ရှိသင်ကြားနေမှုများမှ လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်မည့် အခြေအနေများ၊ သင်တန်းသားများ စားသောက်နေထိုင်ရေး၊ ကျန်းမာရေးတို့အတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့ပြီး သင်တန်းကျောင်းတွင် အသုံးပြုလျက်ရှိသည့် သင်ထောက်ကူပစ္စည်းများကို စစ်ဆေးကြည့်ရှုခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့နယ် မြန်မာနိုင်ငံ သစ်တောကျောင်းတွင် ကျောင်းအုပ်ကြီး၊ သင်ကြားရေးဆရာများနှင့်တွေ့ဆုံ၍ နှစ်နှစ်သင်တန်း ဖွင့်လှစ်ပို့ချနေမှုအပေါ် တွေ့ကြုံနေရသည့် အခက်အခဲများ၊ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးမှာကြားခဲ့သည်။

### ရေဝေရေလဲထိန်းသိမ်းရေး

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့နယ် တောင်ပြိုတိုးချဲ့ကြိုးဝိုင်း အကွက်အမှတ် (၇) ရေဝေရေလဲ ထိန်းသိမ်းရေးစိုက်ခင်း ၁/၂၀၁၇ ဧက ၁၀၀ ထင်းရှူးနှင့် ရေသင်းဝင်ပင်များ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ စစ်ဆေးတွေ့ရှိမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးပင်များ ရှင်သန်မှုကောင်းစေရန်အတွက် ပြုစုထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်း ရန်ပုံငွေခွဲဝေထားရှိမှုနှင့်အညီ သုံးစွဲရန်နှင့် သေပင်များ ပြန်လည်ဖာထေးစိုက်ပျိုးရာတွင်လည်း ရေဝေရေလဲ ထိန်းသိမ်းရေး ရည်ရွယ်ချက်နှင့် ကိုက်ညီသော သစ်မျိုးများကိုသာ ရွေးချယ်စိုက်ပျိုးရန်၊ အမြဲတမ်းစမ်းသပ်ကွက်များ ပြုလုပ်သတ်မှတ်ပြီး သစ်ပင်များ ရှင်သန်ကြီးထွားမှုကို မှတ်တမ်းတင်ရန် ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းဟောင်းမှ တံတားဦးလေဆိပ်သို့ ဆက်သွယ်ထားသော လမ်းဘေးရှိ မြန်မာ့သစ်လုပ်ငန်းပိုင် ပုလိပ်သစ်ဆိပ်သို့ ရောက်ရှိခဲ့ရာ သစ်ဆိပ်အတွင်း ကျွန်းသစ်လုံးပြည်ပရောင်း၊ ပြည်တွင်းရောင်းလပ်ပုံများနှင့် လေလံတင်ရောင်းချနိုင်ခဲ့သည့် ဈေးနှုန်းများ နှိုင်းယှဉ်စစ်ဆေး ကြည့်ရှုသည်။

### ကျွန်းသစ်ထုတ်လုပ်မှုလျှော့ချ

စိစစ်တွေ့ရှိမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက သက်ကြီးစိုက်ခင်းများမှ ထုတ်လုပ်ထွက်ရှိသော ကျွန်းသစ်လုံးအတန်းအစားများသည် သဘာဝတောများမှ ထုတ်လုပ်သည့် ကျွန်းသစ်လုံးအတန်းအစားများထက် ဈေးပိုရသဖြင့် အနာဂတ်တွင် သဘာဝတောများမှ ကျွန်းသစ်ထုတ်လုပ်မှုကို တတ်နိုင်သမျှ လျှော့ချပြီး စိုက်ခင်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆွဲဆောင်နိုင်ရေး၊ တရားဝင်သစ် တင်ပို့ရောင်းချမှုစနစ် ပိုမိုတောင့်တင်းခိုင်မာရေး၊ မြန်မာ့သစ်တောများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### ထင်သာမြင်သာ ပြုပြင်စရာ

# ရွှေကူမြို့နယ် အုပ်ချီကျေးရွာအဝင်လမ်း အမြန်ကောင်းစေလို

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် အုပ်ချီကျေးရွာသို့ အဝင်လမ်းများသည် အောက်တိုဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့က မိုးများရွာသွန်းမှုကြောင့် ဗွက်အိုင်နှင့် ချိုင့်ခွက်များ ဖြစ်ပေါ်လျက်ရှိပြီး ကားများ၊ ဆိုင်ကယ်များ သွားလာရန် အခက်အခဲများရှိနေကြောင်း သိရသည်။

အဆိုပါလမ်းသည် အနီးအနားရှိ ကျေးရွာများနှင့် အုပ်ချီကျေးရွာ ဒေသခံပြည်သူများ ရွှေကူမြို့သို့ နေ့စဉ်သွားလာရာတွင် အသုံးပြုနေသော အဓိက လမ်းမကြီးဖြစ်ရာ ပျက်စီးနေသော ယင်းလမ်းကို သက်ဆိုင်ရာက ပြုပြင်ပေးစေလိုကြောင်း လမ်းအသုံးပြုသူများထံမှ သိရသည်။

**လဘန်အောင် (ကချင်မြေ)**



# တရားမ အထွေထွေလျှောက်ထားမှု(၄)မှု စီရင်ချက်ချမှတ် (၅)မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် အောက်တိုဘာ ၂၂**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးအောင်ဇော်သိန်း တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်ပြီး တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၄)မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၅)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

✤ *ရှေ့ဖုံးမှ*

Foreign Secretary H.E. Mr. Vijay Gokhale ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Vikram Misri နှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး နားလည်မှု စာချွန်လွှာအား မြန်မာနိုင်ငံအစိုးရကိုယ်စား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်နှင့် အိန္ဒိယနိုင်ငံအစိုးရကိုယ်စား အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဌာန နိုင်ငံခြားရေးအတွင်းဝန် H.E. Mr. Vijay Gokhale တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ယခုလက်မှတ်ရေးထိုးသည့် နားလည်မှုစာချွန်လွှာသည် ၂၀၀၈ ခုနှစ် ဧပြီလတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် ကုလားတန်မြစ်ကြောင်းဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းနှင့် နောက်ဆက်တွဲ အခြေပြုစာချုပ်ငယ်(၃)ခုဖြစ်သည့် ဆောက်လုပ်ရေးနှင့် လုပ်ငန်း ဆောင်ရွက်ရေး မူဘောင်သဘောတူစာချုပ်၊ သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ ပရိုတိုကောနှင့် ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း ပရိုတိုကောများအရ ဆက်လက်ဆောင်ရွက်ခြင်း ဖြစ်သည်။ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နားလည်မှု စာချွန်လွှာ(MoU) လက်မှတ်ရေးထိုးမည့်ကိစ္စအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၂/ ၂၀၁၈)က သဘောတူညီခဲ့ပြီး လည်း ဖြစ်သည်။

**အကျိုးကျေးဇူးများ ရရှိမည်**

နားလည်မှုစာချွန်လွှာ(MoU) အား လက်မှတ်ရေးထိုးနိုင်ခဲ့ သဖြင့် မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံ ကုန်သွယ်မှုအခွင့်အလမ်း ပိုမိုရှိစေခြင်း၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ ပေါ်ပေါက်လာပြီး အိန္ဒိယနိုင်ငံနှင့်သာမက အခြားနိုင်ငံများနှင့်ပါ တိုက်ရိုက် ကုန်သွယ်နိုင်ခြင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုး တိုးတက်မှုကို များစွာအထောက်အကူဖြစ်စေခြင်း၊ ဒေသခံ ပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေခြင်း၊ ဒေသခံများအနေဖြင့် ရေကြောင်းသွားလာမှုကို အခြေခံသော ကမ္ဘာလှည့်ခရီးသွားများနှင့် ပတ်သက်သည့် အခွင့်အလမ်းများ ရရှိလာနိုင်မည်ဖြစ်ခြင်း စသောအကျိုးကျေးဇူးများ ရရှိမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်နှင့် အိန္ဒိယနိုင်ငံအစိုးရကိုယ်စား အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် H.E. Mr. Vijay Gokhale တို့ လက်မှတ်ရေးထိုးစဉ်။

# ပညာရေးကဏ္ဍများတွင် စွမ်းဆောင်ရည်မြင့်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် အရည်အသွေးရှိသည့်ပညာရေးကို အကောင်အထည်ဖော်နိုင်မည်

**နေပြည်တော် အောက်တိုဘာ ၂၂**

ပညာရေးဝန်ကြီးဌာန၏ Certificate in Critical Thinking, Applied English and Microsoft Office Training သင်တန်းဆင်းလက်မှတ် ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၂၁)ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံး၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုရန်ပုံငွေ (Capacity Development Fund-CDF) ပံ့ပိုးမှုဖြင့် လေးနက်စွာတွေးခေါ်မှု၊ အင်္ဂလိပ် ဘာသာ ကျွမ်းကျင်မှု၊ ကွန်ပျူတာအသုံးချနိုင်မှုစွမ်းရည်များ တိုးတက်စေရန် International Leadership University-ILU မှ ဆရာများက သြဂုတ် ၃ ရက်မှ အောက်တိုဘာ ၂၁ ရက်အထိ ရက်သတ္တ ၁၂ ပတ် သင်တန်းဖွင့်လှစ်ပေးနိုင်ခဲ့ ပါကြောင်း၊ ဦးစီးဌာနများမှ အရာထမ်း ၇၅ ဦးသည် အောင် မြင်စွာ သင်တန်းတက်ရောက်နိုင်ခဲ့ပါကြောင်း၊ သင်တန်းသား များအနေဖြင့် ကျွမ်းကျင်မှုများရရှိကာ မိမိ၏လုပ်ငန်းခွင်တွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည် ဟုယုံကြည်ပါကြောင်း။




အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း အကောင် အထည်ဖော် ဆောင်ရွက်နေသူများအနေနှင့် လေးနက်စွာ တွေးခေါ်မှုအရည်အသွေး၊ အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုအရည် အသွေး၊ ကွန်ပျူတာအသုံးချနိုင်မှုအရည်အသွေးများ ပြည့်ဝစွာ ရရှိပြီး ပညာရေးကဏ္ဍများမှာ စွမ်းဆောင်ရည်မြင့်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်၏မျှော်မှန်းချက်ဖြစ်သော အရည်အသွေးရှိသည့် ပညာရေးကို အကောင်အထည်ဖော် နိုင်မည် ဖြစ်ပါကြောင်း၊ ပညာရေးတွင် ပါဝင်သူများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ သင်တန်းပို့ချပေးသော Mr. Neil Macintyre နှင့် Mr. Richard Dare တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် တာဝန်ရှိသူများက သင်တန်းသားတစ်ဦးချင်းစီအား သင်တန်း ဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# လဲချားမြို့နယ်၌ ကြားဖြတ်ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးစီမံဆောင်ရွက်ထားရှိနိုင်ရန် တွေ့ဆုံဆွေးနွေး

**လဲချား အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဇော်ခင်အောင်နှင့် အဖွဲ့သည် အောက်တိုဘာ ၂၂ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီဝင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

**ပြန်လည်ဖြေကြား**

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အေးဝင်းက ဒေသဆိုင်ရာ အချက် အလက်နှင့် မဲရုံတည်နေရာများ၊ ဆက်သွယ်ရေးအခြေအနေများကို မြေပုံ၊ ပါဝါပွိုင့် များဖြင့် ရှင်းလင်းတင်ပြသည်။ ယင်းတင်ပြချက်အပေါ် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်က ရွေးကောက်ပွဲကာလအတွင်း ဝေးလံသည့်ဒေသများအတွက် ဆက်သွယ်ရေးခက်ခဲ သောနေရာများတွင် အဆင်ပြေလွယ်ကူစေရန်အတွက် RT စက်(အကြီး) တစ်လုံးအား ပင်မအဖြစ်ထားရှိဆောင်ရွက်ရန် မှာကြားသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းလှိုင်က ရွေးကောက်ပွဲနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသော နိုင်ငံရေးပါတီဝင်များက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်က ပြန်လည်ဖြေကြားခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဇော်ခင်အောင်နှင့် အဖွဲ့သည် ရပ်ကွက်၊ ကျေးရွာများအတွင်းရှိ မဲရုံများသို့ လုံခြုံရေးစီမံဆောင်ရွက်ထားနိုင်ရန် သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

# နိုင်ငံရေးပါတီ(၂၇)ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာပါတီများသို့ အကြောင်းကြား

**နေပြည်တော် အောက်တိုဘာ ၂၂**

နိုင်ငံရေးပါတီ (၂၇) ပါတီသည် စက်တင်ဘာ ၃၀ ရက်တွင် ရန်ကုန်မြို့၌ နိုင်ငံရေးပါတီ များ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ပြီး ဆွေးနွေးပွဲရလဒ်အဖြစ် လက်ရှိအစိုးရ တာဝန် ရှိသူများက ပြည်သူလူထု၏ လက်တွေ့ဘဝတွင် စီးပွားရေးကျဆင်းခဲ့မှုနှင့်အတူ ယင်းနှင့်ဆက်စပ်၍ လူမှုဘဝ မလုံခြုံမှုများလည်း ဖြစ်ပေါ်ခံစားနေရသဖြင့် ယခုထက် ပိုမိုတည်ငြိမ်အေးချမ်း၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေပြီး လက်တွေ့ပါသည့် ရလဒ်များ ဖြစ်ပေါ်အောင် အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးပါရန် ပူးတွဲသဘောထား ကြေညာချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့ခဲ့ကြောင်း သိရသည်။

ထိုသို့ နိုင်ငံရေးပါတီ(၂၇)ပါတီ ပူးတွဲသဘောထားကြေညာချက် ထုတ်ပြန် ခဲ့ခြင်းနှင့်စပ်လျဉ်း၍ သဘောထားကြေညာချက်ထုတ်ပြန်ရာတွင် ပါဝင်ခဲ့သည့် လမ်းပြကြယ်ပါတီအနေဖြင့် ယင်းပါတီ၏ ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဗဟိုအလုပ် အမှုဆောင်ကော်မတီဝင်များက သိရှိခဲ့ခြင်း မရှိကြောင်း၊ အထက်အပိုဒ်(၁)ပါ သဘောထားထုတ်ပြန်ကြေညာချက်သည် လမ်းပြကြယ်ပါတီနှင့် သက်ဆိုင်ခြင်း မရှိပါကြောင်း၊ လမ်းပြကြယ်ပါတီသည် တစ်ဦးတစ်ယောက်တည်းအတွက် ရည်ရွယ်၍ ဖွဲ့စည်းတည်ထောင်ထားခြင်း မဟုတ်သည့်အတွက် ပါတီ၏မူဝါဒနှင့် စည်းကမ်းချက် များကိုကျော်လွန်၍ လုပ်ဆောင်နေသော ပါတီဝင်အား ဗဟိုအလုပ်အမှုဆောင် ကော်မတီ၏ဆုံးဖြတ်ချက်နှင့်အညီ ပါတီမှ အရေးယူထုတ်ပယ်သွားမည်ဖြစ်ကြောင်း လမ်းပြကြယ်ပါတီဗဟိုကော်မတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြခဲ့သည်။

ထို့အတူ မဟာမိတ် တောင်သူလယ်သမားပါတီကလည်း ပါတီဥက္ကဋ္ဌ ဦးဆန်းလင်းသည် နိုင်ငံရေးပါတီ(၂၇)ပါတီ၏ ပူးတွဲသဘောထားကြေညာချက် ထုတ်ပြန်ရာ၌ ပါတီတွင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးတစ်ရပ် ပြုလုပ်ပြီး သဘောတူညီချက်ရယူ ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ၎င်းတစ်ဦးတည်း၏ သဘောဆန္ဒအရ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သဖြင့် ပါတီ၏ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် မသက်ဆိုင်ပါကြောင်း၊ ထိုလုပ်ဆောင်ချက်ကိုလည်း ပါတီမှ အသိ အမှတ်မပြု ကန့်ကွက်ပါကြောင်း တင်ပြခဲ့သည်။

အထက်ဖော်ပြပါ အပိုဒ်(၂)နှင့် (၃) ပါ တင်ပြစာများအရ ပါတီများစုပေါင်း၍ ပူးတွဲသဘောထားကြေညာချက် ထုတ်ပြန်ရာတွင် ပါတီတစ်ခုချင်းအနေဖြင့် ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ၏ သဘောတူညီချက်မပါရှိဘဲ ပါတီဥက္ကဋ္ဌ (သို့မဟုတ်) ဒုတိယဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူး (သို့မဟုတ်) ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးတည်း၏ သဘောဖြင့် ပါဝင်ဆောင်ရွက် နေကြောင်း။

သို့ဖြစ်ပါ၍ ပူးတွဲသဘောထားကြေညာချက်ကို ထုတ်ပြန်ခဲ့သည့် ပါတီများ အနေဖြင့် သက်ဆိုင်ရာပါတီအသီးသီးမှ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ကြိုတင်သဘောတူညီဆုံးဖြတ်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်း ရှိ၊ မရှိနှင့် သဘောတူညီမှု ရှိပါက သဘောတူဆုံးဖြတ်ခဲ့သည့် အစည်းအဝေးမှတ်တမ်းတို့ကို လည်းကောင်း၊ သဘောတူဆုံးဖြတ်ချက်မရှိခဲ့လျှင် မရှိကြောင်းကို လည်းကောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ နိုဝင်ဘာ(၁) ရက်နေ့အရောက် ပြန်လည်တင်ပြရန် အကြောင်းကြားထားကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သိရ သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကယားပြည်နယ်အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်/တိုက်နယ် ဆရာဝန်များသို့ Mobile Tablet များ ဖြန့်ဝေခြင်းအခမ်းအနားသို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၂

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့ပြည်နယ်ခန်းမတွင် ကျင်းပသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကယားပြည်နယ်အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်၊ တိုက်နယ်ဆရာဝန်များသို့ Mobile Tablet များ ဖြန့်ဝေခြင်းအခမ်းအနားသို့ တက်ရောက်သည်။**




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကယားပြည်နယ်အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်၊ တိုက်နယ်ဆရာဝန်များသို့ Mobile Tablet များ ဖြန့်ဝေခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက နှုတ်ခွန်းဆက် ကျေးဇူးတင်စကားပြောကြားရာတွင် အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်/တိုက်နယ် ဆရာဝန်များသို့ Mobile Tablet များဖြန့်ဝေခြင်းကို ကယားပြည်နယ်မှ စတင်၍ ကျင်းပခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများသည် စိတ်စေတနာအပြည့်ဖြင့် ဝါယမစိုက်ထုတ်ကာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိခြင်းကြောင့် ကယားပြည်နယ်၏ ကျန်းမာရေးကဏ္ဍသည် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို တွေ့မြင်နေရပါကြောင်း၊ ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းလက်တွဲကာ တက်ညီလက်ညီစွာဖြင့် ဆက်လက်ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**စွမ်းရည်များ တိုးတက်မြင့်မား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်/တိုက်နယ် ဆရာဝန်များသို့ Mobile Tablet ဖြန့်ဝေခြင်းသည် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ ပြည်သူ့ကျန်းမာရေးစွမ်းရည်များ တိုးတက်မြင့်မားစေရန်၊ ပြည်သူများကို ကျန်းမာရေးအသိပညာပေးရာ၌ ပိုမိုထိရောက်စေရန်နှင့် ကုသရေးလုပ်ငန်းများတွင် ရှေ့တန်းနေရာမှ ဆောင်ရွက်လျက်ရှိသော မြို့နယ်/တိုက်နယ် ဆရာဝန်များ၏ ရောဂါကုသရေးစွမ်းရည်များ တိုးတက်မြင့်မားစေရန် ဖြစ်ပါကြောင်း။

**စာအုပ်စာတမ်းများ ၄၀၀ ကျော်ပါဝင်**

ရှေ့လာမည့်နှစ်များတွင် ဆေးပညာရပ် စဉ်ဆက်မပြတ်သင်ကြားရေးနှင့် ဆေးပညာရှင်များ၏ ကျင့်ဝတ်နှင့် အရည်အသွေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာ၌ Mobile Tablet များကို အသုံးပြုသွားမည် ဖြစ်ပါကြောင်း၊ အခြေခံကျန်းမာရေးဝန်ထမ်းများအတွက်ပေးသော Mobile Tablet များတွင် ဝန်ကြီးဌာနမှ ထုတ်ဝေထားသော လုပ်ငန်းလမ်းညွှန်များ၊ လက်စွဲစာအုပ်များ၊ စာအုပ်စာတမ်းများ၊ ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များ အစရှိသည့်စာအုပ်စာတမ်းများ ၁၂၀ ကျော်ပါဝင်ပြီး မြို့နယ်/တိုက်နယ် ဆရာဝန်များအတွက် ဖြန့်ဝေမည့် Mobile Tablet များတွင် ကုသရေးဆိုင်ရာ ခေတ်မီနောက်ဆုံးပေါ် စံကုထုံးများ၊ လက်စွဲစာအုပ်များ၊ မှီငြမ်းရမည့်စာအုပ်များ စသည့် စာအုပ်စာတမ်းများ ၄၀၀ ကျော်ပါဝင်ကြောင်း၊ ပါဝင်သည့် လုပ်ငန်းလမ်းညွှန်မှုစ၍ စာအုပ်စာတမ်းများအားလုံးကို ခေတ်မီနည်းပညာဖြင့် ဗဟိုမှနေ၍ အချိန်နှင့်တစ်ပြေးညီ ပေးပို့ခြင်း၊ ပြင်ဆင်ခြင်းနှင့် ထပ်မံထည့်သွင်းခြင်းများကို ပြုလုပ်မည်ဖြစ်ပါကြောင်း။

၎င်း Mobile Tablet များသည် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေများနှင့် ကပ်ရောဂါအသွင်ဖြင့် ရောဂါများဖြစ်ပွားသောအခါများ၌ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များနှင့် ဆောင်ရွက်ရန်အချက်များကို အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားနိုင်မည်ဖြစ်သဖြင့် ရောဂါများကို အချိန်အနည်းငယ်အတွင်း နှိမ်နင်းနိုင်မည် ဖြစ်ပါကြောင်း၊ မြို့နယ်၊ တိုက်နယ်များတွင်လည်း ပိုမိုအရည်အသွေးပြည့်ဝသော ကုသမှုများ ပေးနိုင်ခြင်းဖြင့် ပြည်သူများအနေဖြင့် အလှမ်းဝေးကွာသော မြို့ကြီးများရှိ ဆေးရုံကြီးများသို့ သွားရောက်ကုသမှုခံယူရန် လိုအပ်မှုနည်းပါးလာမည် ဖြစ်ကြောင်း။

**အပြန်အလှန်ဆွေးနွေးနိုင်**

Mobile Tablet များကို အသုံးပြု၍ အင်တာနက်ကွန်ရက်မှတစ်ဆင့် သက်ဆိုင်ရာ ဆေးပညာရပ် ပါမောက္ခများနှင့် ဆေးပညာရှင်ကြီးများ၏ ဟောပြောပို့ချမှုများကို လေ့လာသိရှိနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူလူထုများ မကူးစက်နိုင်သောရောဂါများအပါအဝင် ကျန်းမာရေးအသိပညာကြွယ်ဝစေရန် Mobile Tablet များကိုအသုံးပြု၍ အခြေခံကျန်းမာရေးဝန်ထမ်းများအနေဖြင့် ရပ်ကွက်၊ ကျေးရွာများတွင် ကျန်းမာရေး စကားဝိုင်းငယ်များပြုလုပ်၍ ပြည်သူများနှင့် အပြန်အလှန်ဆွေးနွေးနိုင်တော့မည်ဖြစ်ကြောင်း၊ မကြာမီကာလတွင် Mobile Tablet များကို အသုံးပြု၍ အဝေးမှ ဆေးပညာသင်ကြားခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းနှင့် ကုသမှုပေးခြင်းတို့ကိုပါ လုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။

**အကျိုးအမြတ်များ ပြန်လည်ရရှိနိုင်**

Mobile Tablet ၁၃၄၇၇ လုံးကို နိုင်ငံတော်မှ ခွင့်ပြုဘဏ္ဍာငွေဖြင့် ဝယ်ယူထားရှိခဲ့ပြီး ပုဂ္ဂလိကအဖွဲ့အစည်းများက အလုံး ၆၅၀ လှူဒါန်းခဲ့ကာ GAVI အဖွဲ့အစည်း၏ အထောက်အပံ့ငွေဖြင့် အလုံး ၁၄၀၀၀ ကိုလည်း ထပ်မံဝယ်ယူသွားမည်ဖြစ်ကြောင်း၊ Mobile Tablet များအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် ရင်းနှီးမှုပမာထက် အဆပေါင်းများစွာသော ကျန်းမာရေးဆိုင်ရာ အကျိုးအမြတ်များ ပြန်လည်ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာ အောင်ကျော်ဌေးတို့အား Mobile Tablet များ ပေးအပ်သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသောအကြီးအကဲများက လက်ထောက်ကျန်းမာရေးမှူးများ၊ အမျိုးသမီးကျန်းမာရေးဆရာမများ၊ သားဖွားဆရာများ၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၁)နှင့် (၂)များ၊ စုစုပေါင်း အခြေခံကျန်းမာရေးဝန်ထမ်း ၄၁၉ ဦး နှင့် မြို့နယ်/တိုက်နယ် ဆရာဝန် ၁၇ ဦးထံသို့ Mobile Tablet များ ဖြန့်ဝေပေးခဲ့သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များကိုလည်း Mobile Tablet များ ဆက်လက်၍ ဖြန့်ဝေသွားမည် ဖြစ်သည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အေးအေးစိန်က Mobile Tablet များတွင်ပါဝင်သော စာအုပ်စာတမ်းများနှင့် အသုံးချဆော့ဝဲလ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးသံတမန် မမာရီကိုးလ်နှင့် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးသံတမန် ဒေါက်တာ စိုးညီညီထွန်းတို့က Mobile Tablet များအား မိတ်ဆက်ပြောကြားခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ မိတ်ဆက်သရုပ်ပြခြင်းတို့ကို လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၈)ကြိမ်မြောက် အားကစားဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာဆီယံအားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် တက်ရောက်သည်။




**အာဆီယံအားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးတက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အာဆီယံဒေသအတွင်းရှိ နိုင်ငံသားများ ပိုမိုကျန်းမာကြံ့ခိုင်လာစေရန် အားကစားလှုပ်ရှားမှုများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အာဆီယံခေါင်းဆောင်ကြီးများသည် ASEAN Ministerial Meeting On Sports (AMMS) အား ထောက်ပံ့ကူညီပေးရန် ကတိပြုခဲ့ပါကြောင်း၊ အာဆီယံ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးတွင် ရည်ရွယ်ချက်၊ ပြဋ္ဌာန်းချက်၊ လုပ်ငန်းတာဝန်များ၊ ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်မှုများ၊ အသေးစိတ်ဖော်ပြချက်၊ ကြေညာချက်များ၊ ဘဏ္ဍာရေးဆိုင်ရာစီမံချက်၊ အဆိုပြုချက်များ အကောင်အထည်ဖော်ခြင်းများ၊ ပြန်လည်သုံးသပ်ချက်များ ပါဝင်ပါကြောင်း၊ ၂၀၁၇ ခုနှစ် နေပြည်တော်တွင် ကျင်းပပြုလုပ်သော AMMS - 4 အစည်းအဝေးတွင် ပူးတွဲကြေညာချက်(၁၀)ချက် ပါဝင်ခဲ့ပြီး ထိုကြေညာချက်များတွင် အဓိကအားဖြင့် လူနေမှုဘဝအခြေအနေတွင် ပိုမိုကျန်းမာစွာ နေထိုင်နိုင်ရေး၊ ရင်းနှီးချစ်ကြည်စွာ နေထိုင်နိုင်ရေး၊ ဒေသတွင်းသာမက နိုင်ငံတကာအဆင့်နှင့်အညီ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ အားကစားစိတ်ဓာတ် မြှင့်တင်စေနိုင်ရေးတို့အတွက် ဖြစ်ပါကြောင်း၊ ASEAN Physical Fitness Indicators (APFI)၏ ဆောင်ရွက်ပံ့ဖော်မှုများသည် စွမ်းဆောင်ရည်မြှင့်တင်ပေးသည့် အစီအစဉ်များမှတစ်ဆင့် အားကစား လုပ်ဆောင်နိုင်စွမ်း တိုးမြှင့်လာပါကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံအဆင့်မြင့်အရာရှိကြီးများက အခမ်းအနားအစီအစဉ်အလိုက် အသီးသီးဆွေးနွေးကြရာ ထိုင်းနိုင်ငံမှ SOMS-7 ၌ တင်ပြဆွေးနွေးခဲ့သော ၂၀၃၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအား အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မြန်မာအပါအဝင် အခြားနိုင်ငံများမှ ပူးပေါင်း၍ အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးအတွက် အဆိုပြုချက်များအား တင်ပြဆွေးနွေးခြင်း၊ မြန်မာနိုင်ငံမှ ဦးဆောင်၍ အာဆီယံဒေသတွင်းနိုင်ငံများမှ ရိုးရာအားကစားနည်းများ မပျောက်ကွယ်စေဘဲ နိုင်ငံအလိုက် ရိုးရာအားကစားနည်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရာတွင် တရုတ်နိုင်ငံ၏ အကူအညီကိုရယူ၍ အာဆီယံရိုးရာစွယ်စုံကျမ်းကဲ့သို့ ပြုစုဆောင်ရွက်နိုင်ရေး၊ အာဆီယံဒေသတွင်းရှိ ပြည်သူများ Physical Fitness Indicators များနှင့် အချက်အလက်များကို ရှာဖွေစုဆောင်းပြီး ထိုင်းနိုင်ငံမှ ဦးဆောင်၍ Fitness Test များကို ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများကို စမ်းသပ်ဆောင်ရွက်နိုင်ရေးကို အတည်ပြုချက်ရယူရေး၊ အားကစားတွင် အမျိုးသမီးများ၊ လူငယ်လူရွယ်များ ပိုမိုပါဝင်နိုင်ရေးကိစ္စရပ်များ၊ TV Games (E Sports) များကို ဝိုင်းဝန်းဆွေးနွေးကြပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူတစ်ဦးက အာဆီယံမှ ဦးဆောင်၍ ၂၀၁၆ မှ ၂၀၂၀ တွင် အားကစားနှင့် ပတ်သက်၍ လုပ်ငန်းစဉ်(၃၆)ချက်ကို ၇၁ ရာခိုင်နှုန်း ပြီးစီးအောင် လုပ်ဆောင်ခဲ့မှုများ၊ ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်(၁၃)ချက်ကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့ပြင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့် အာဆီယံဒေသတွင်း အားကစားပြိုင်ပွဲဝင်များ၌ တားမြစ်ဆေးသုံးစွဲမှုပပျောက်ရေးနှင့် ပညာပေးဆိုင်ရာများ၊ နိုင်ငံတကာ တားမြစ်ဆေးသုံးစွဲမှု တိုက်ဖျက်ရန် ရန်ပုံငွေသုံးစွဲမှုဆိုင်ရာများကို ဆွေးနွေးကြသည်။

ညနေပိုင်းတွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများက SOMS-7 အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို ဖတ်ကြားပြီး အာဆီယံဆိုင်ရာ ကိုယ်စားလှယ်အရာကြီးများက ဝိုင်းဝန်းဆွေးနွေး၍ အတည်ပြုဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြသည်။

**သတင်းစဉ်**

# လူထုဗဟိုပြုစီမံကိန်းမှ သတင်းပြန်ကြားဆက်သွယ်ရေး ပြခန်းနှင့် အသိပညာပေး အခမ်းအနားကျင်းပ

**သထုံ အောက်တိုဘာ ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သတင်းပြန်ကြားဆက်သွယ်ရေးပြခန်းနှင့် အသိပညာပေးအခမ်းအနားကို အောက်တိုဘာ တတိယပတ်က မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် လေးကေကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပခဲ့သည်။

**တက်ရောက်**

အခမ်းအနားတွင် မြို့နယ်စီမံကိန်းမန်နေဂျာ ဒေါ်မိဝတ်ရည်မွန်က အမှာစကားပြောကြားပြီး မြို့နယ် နည်းပညာအကြံပေးခေါင်းဆောင် ဦးထွန်းအောင်ကျော်နှင့် သတင်းပြန်ကြားဆက်သွယ်ရေး တာဝန်ခံတို့က စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ မြို့နယ်စီမံကိန်းမှ ဝန်ထမ်းများ၊ ကျေးရွာကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

▲ *ကျောဖုံးမှ*

အိန္ဒိယသမုဒ္ဒရာနှင့် ဒေသတွင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ မှန်တိုင်းအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ သတင်းအချက်အလက်များဖလှယ်ရေး ကိစ္စရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ပြည်သူများမှ ရွေးချယ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေမှုအခြေအနေများနှင့် အစိုးရနှင့်တပ်မတော်မှ ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေမှု အခြေအနေများ၊ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောဒေသမှ တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသည့် ဘင်္ဂါလီလူမျိုးများ ပြန်လည်နေထိုင်ရန်အတွက် အိန္ဒိယနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexender Vasilievich Fomin အား လက်ခံတွေ့ဆုံစဉ်။**
ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# မွေးရာပါနှုတ်ခမ်းကွဲအာခေါင်ကွဲ ကလေးငယ်များအား အခမဲ့ခွဲစိတ်ကုသပေးမည်

**ရန်ကုန် အောက်တိုဘာ ၂၂**

ရန်ကုန်မြို့ ဝိတိုရိယဆေးရုံကြီး၌ မွေးရာပါ နှုတ်ခမ်းကွဲအာခေါင်ကွဲကလေးငယ်များအား ဆဋ္ဌမအကြိမ်မြောက် အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

ကလေးများအတွက် လုပသော အပြုံးပိုင်ရှင်များနှင့် အောင်မြင်သော အနာဂတ်များ ပိုင်ဆိုင်နိုင်စေရန်အတွက် ဝိတိုရိယကျန်းမာရေး ထောက်ပံ့ကူညီစောင့်ရှောက်မှုဖောင်ဒေးရှင်းနှင့် အမေရိကန်နိုင်ငံ Alliance for Smiles Organization တို့ပူးပေါင်းကာ Smile With Victoria အစီအစဉ်ဖြင့် ၂၀၁၄ ခုနှစ်မှ စတင်ကာ နှစ်စဉ်အောက်တိုဘာလတွင် ကလေးငယ်များကို အခမဲ့ခွဲစိတ်ကုသပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ် ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ဆဋ္ဌမအကြိမ်မြောက် အခမဲ့ခွဲစိတ်ကုသပေးရန်အတွက် ကလေးငယ် ၁၃၀ ကို စုဆောင်းထားပြီး ၎င်းတို့ကို စစ်ဆေး၍ ခွဲစိတ်ကုသရန်သင့်လျော်သူများကို အောက်တိုဘာ ၂၂ ရက်မှ နိုဝင်ဘာ ၂ ရက်အတွင်း ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

"နှုတ်ခမ်းက ကွဲနေမယ်ဆိုရင် ပြောလို့မရဘူး။ အဲဒါကအရုပ်ဆိုးနေမယ်။ နောက်တစ်ခုက အာခေါင်ကွဲတဲ့အတွက် ကြောင့်မို့လို့ စကားမပီဘူး။ အလုပ်မဖြစ်ဘူး။ အဲဒီလိုဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ နားရောဂါဖြစ်လာတာ တွေ့ရှိတယ်။ ဒါတွေအကုန်လုံးကိုနား၊ နှာခေါင်း၊ လည်ချောင်းအဖွဲ့နဲ့ပေါင်းပြီး ကုသပေးတယ်။ အဲဒီလိုကုသပေးခြင်းအားဖြင့် ကလေးတွေရဲ့ နောင်ရေးအတွက် အများကြီးပိုကောင်းသွားတယ်" ဟုဝိတိုရိယဆေးရုံမှ ပါမောက္ခ ဒေါက်တာစိုးတင်က ပြောကြားသည်။

အဆိုပါအစီအစဉ်ကို ဝိတိုရိယဆေးရုံကြီး၌ ပထမဦးဆုံးအကြိမ်အဖြစ် ၂၀၁၄ ခုနှစ် မတ်လတွင် ကလေးငယ် ၉၈ ဦး၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ၉၁ ဦး၊ တတိယအကြိမ်အဖြစ် ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ၈၉ ဦး၊ စတုတ္ထအကြိမ်အဖြစ် ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ၉၀ နှင့် ပဉ္စမအကြိမ်အဖြစ် ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ၈၃ ဦးစုစုပေါင်း ကလေးငယ် ၄၅၁ ဦးကိုအောင်မြင်စွာခွဲစိတ်ကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အသက် ၁၁ လအရွယ် သမီးငယ်သန္တာလင်းကို ခွဲစိတ်ကုသမှုခံယူရန် လာရောက်စစ်ဆေးခံလျက်ရှိသော ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့မှ မစမ်းစမ်းခိုင်က "သမီးလေးက နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဖြစ်နေလို့ ဒီမှာလာပြ ဖြစ်တာပါ။ အသိမိတ်ဆွေတွေက ဒီမှာခွဲစိတ်ပေးတယ်ပြောကြလို့ ဒီကိုလာဖြစ်တာပါ" ဟု ပြောသည်။

Smile with Victoria အစီအစဉ်သို့ ခွဲစိတ်ကုသမှုခံယူရန် လာရောက်ကြသောမွေးရာပါနှုတ်ခမ်းကွဲ အာခေါင်ကွဲကလေးငယ်များမှာ မြန်မာနိုင်ငံအနှံ့ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ လာရောက်ကြခြင်း ဖြစ်သည်။ ကလေးငယ်များအားလုံးကို လာရောက်ပြသချိန်မှ ဆေးရုံဆင်းချိန်အထိ လိုအပ်သောစစ်ဆေးမှုများ၊ ခွဲစိတ်ကုသခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးများအားလုံးမှာ အခမဲ့ဖြစ်ပြီးနယ်ဝေးမှ လာရောက်သူများအတွက် နေရာထိုင်ခင်းနှင့် အစားအသောက်များ စီစဉ်ပေးသည့်အပြင်ခရီးစရိတ်များပါ အထိုက်အလျောက် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အစီအစဉ်အတွက် ပါဝင်ကုသိုလ်ယူ လှူဒါန်းလိုသူများအနေဖြင့် ကလေးငယ်တစ်ဦး ခွဲစိတ်ကုသရန်အတွက် ငွေကျပ်လေးသိန်းနှင့် ကလေးငယ် ၁၀၀ ခန့်အတွက် တစ်နေ့တာစားစရိတ်ငွေကျပ်ခြောက်သိန်းနှုန်းဖြင့် ပါဝင်ကုသိုလ်ယူလှူဒါန်းနိုင်ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**



**ဓာတ်ပုံ - အာကာစိုး**

# လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် နေရာကွက်၍မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၂၂**

ယနေ့မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်များအရ မြစ်ဝကျွန်းပေါ်ဒေသတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

မုတ္တမကွေ့၊ မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်ရှိ ပြည်သူများအနေဖြင့် လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးကြီးခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

❐ *ကျောဖုံးမှ*

ကာတာခြေစမ်းခရီးစဉ် ပထမဆုံးခြေစမ်းပွဲအဖြစ် ကာတာကလပ် အယ်လ်ဒူဟေးလ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး- တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကာတာခရီးစဉ်တွင် ကာတာ Police အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ပထမပွဲအဖြစ် အောက်တိုဘာ ၂၄ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ပထမဆုံးအသုံးပြုဖွယ်ရှိနေ**

လက်ကောက်ဝတ်ဒဏ်ရာကြောင့် တစ်ပွဲမှ ပါဝင်ကစားနိုင်ခြင်းမရှိသေးသည့် တိုက်စစ်မှူး အောင်သူနှင့် အားဖြည့်ရွေးချယ်ထားသည့် နောက်ခံလူဇော်မင်းထွန်းတို့ကို ယခုပွဲတွင် ပထမဆုံးအသုံးပြုဖွယ် ရှိနေသည်။

**လေးပွဲစလုံးရှုံးနိမ့်**

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲအတွက် စက်တင်ဘာ ၂၈ ရက်တွင် လေ့ကျင့်မှုစတင်ပြုလုပ်ခဲ့ပြီး ခြေစမ်းပွဲလေးပွဲကစားထားရာ လေးပွဲစလုံးရှုံးနိမ့်ထားသည်။

မြန်မာအသင်းသည်အင်ဒိုနီးရှားအသင်းကို သုံးဂိုး- ဂိုးမရှိ၊ ဘိုလစ်ဗီးယားအသင်းကို သုံးဂိုး-ဂိုးမရှိ၊ ဘာရိန်းအသင်းကို လေးဂိုး-တစ်ဂိုး၊ ကာတာကလပ် အယ်လ်ဒူဟေးလ်အသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

**ရဲရင့်ရှိုင်း**

❀ *ကျောဖုံးမှ*

မီးရောင်စုံတွေ ထွန်းညှိထားမယ့်အပြင် လက်ရန်းတိုင်တွေမှာလည်း အလှူရှင်ရဲ့ လှူဒါန်းမှုနဲ့ အရောင် ငါးမျိုးဖြာထွက်တဲ့ DC ဗို့အား မီးရောင်စုံတွေကို ပေ ၅၀ ခြားပြီး လမ်း ၇၀ ကနေ ၇၃ လမ်းအထိ တပ်ဆင်ပေးထားမှာပါ။ မြန်မာ့ယဉ်ကျေးမှု မီးထွန်းပွဲတော်ကြီးမှာ မန္တလေးမြို့ရဲ့ အထင်ကရကျုံးမြို့ရိုးရဲ့ မီးရောင်စုံအလှအပအောက်မှာ ဒေသခံပြည်သူတွေ အေးချမ်းပျော်ရွှင်စွာနဲ့ လာရောက်အပန်းဖြေနိုင်ဖို့ ရည်ရွယ်ပြီး ဆောင်ရွက်တာပါ" ဟု ၎င်းက ပြောသည်။

**ရောင်စုံမီးဝိုင်းကြီးတစ်ခု ထားရှိပေးမည်**

ထို့အပြင် ကျုံးတောင်ဘက် ၆၉ လမ်းနှင့် ၇၂ လမ်းကြားတွင် မြို့ရိုးနှင့် ကျုံးကြားရှိ သစ်ပင်ကြီးများတွင် မီးရောင်စုံများ ထွန်းညှိတပ်ဆင်သွားမည့်အပြင် အမှတ်တရဓာတ်ပုံရိုက်ကူးနိုင်ရန်လည်း ကျုံးတောင်ဘက် ၇၁ လမ်းနှင့် ၇၂ လမ်းကြားရှိ ကျုံးလျှောက်လမ်းနေရာတွင် ရောင်စုံမီးဝိုင်းကြီးတစ်ခုကိုလည်း ထားရှိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့တော်နေ ပြည်သူများ သီတင်းကျွတ် ပွဲတော်ကာလအတွင်း ပျော်ရွှင်စွာ လာရောက်စိတ်အပန်းဖြေနိုင်ကြစေရန် ရည်ရွယ်၍ မီးထွန်းပွဲတော်ကို ညစဉ် ၆ နာရီမှ ၁၁ နာရီအထိ ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အေပီကေ(မန်းကိုယ်ပွား)**

❍ *ကျောဖုံးမှ*

ကျရောက်ခြင်းမရှိသော်လည်း ဗီယက်နမ်နှင့် ကျရောက်ခဲ့သည်။ မြန်မာအသင်းသည် ၂၀၁၈ ပြိုင်ပွဲတွင် ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပြီး ထိုင်းအသင်းကို ရှုံးနိမ့်ခဲ့၍သာ ဒုတိယနေရာဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

**အုပ်စုခွဲဝေ**

အာဆီယံ ယူ- ၁၅ အမျိုးသားပြိုင်ပွဲကို ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေမှုအရ အုပ်စု (က) တွင် အင်ဒိုနီးရှား၊ မြန်မာ၊ ဗီယက်နမ်၊ တီမော၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ အုပ်စု (ခ) တွင် ထိုင်း၊ မလေးရှား၊ လာအို၊ ကမ္ဘောဒီးယား၊ ဘရူနိုင်းနှင့် ဩစတြေးလျအသင်းတို့ ပါဝင်နေသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၉ ခုနှစ်တွင် အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ပြိုင်ပွဲအားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ဖူးပွင့်ဝေစည်၊ ကြာငါးမည်၊ သီတင်းကျွတ်လတူရာသီ

**တက္ကသိုလ် ပွင့်သူအောင်**

ရှေးစာဆိုပညာရှင်ကြီး ကင်းဝန်မင်းကြီးက "သီတင်းကျွတ်၊ တူရာသီ အသဝဏီရှိန်ဝါ၊ ရွှန်းကြာမျိုးလည်းစုံ၊ မီးမြင်းမိုရ်၊ ဇဟို အချာကွန်း" ဟူ၍ သံပေါက်ရေးဖွဲ့ထားခဲ့ရာ တူရာသီ သီတင်းကျွတ်လသည် အသဝနီ နက္ခတ်နှင့် စန်းယှဉ်နေခြင်း၊ ရာသီပန်းများအနေဖြင့် ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာတံဆိပ် (ကြာပုဏ္ဍရိက်)၊ ကြာခေါင်းလောင်း(ပဒုမ္မာ)ဟူသော ကြာမျိုးငါးပါးတို့ဖြစ်ခြင်း၊ ရာသီပွဲအဖြစ် ဆီမီးမြင်းမိုရ်ပွဲ (ဝါ) တာဝတိံသာပွဲများ ကျင်းပလေ့ရှိခြင်း၊ နံနက် ၆ နာရီ နေထွက်၍ ညနေ ၆ နာရီတွင် နေဝင်သဖြင့် နေ့တာနှင့် ညတာ ညီမျှသောလဖြစ်ခြင်းတို့ဖြင့် ပြည့်စုံလျက်ရှိသည်။

ဤလအခါသမယသည် မိုးရာသီလည်း မကုန်၊ ဆောင်းရာသီလည်းမမည်သော သရဒဥတုပင်ဖြစ်သည်။ တစ်နည်းဆိုရသော် မိုးရာသီမကုန်ဆုံးသေးသော်လည်း နေရောင်ခြည်ဖြာစပြုလာပြီဖြစ်၍ ဥတုရာသီသာယာမှုကို ညွှန်းဆိုမည့် ဆောင်းရာသီ၏ အရုဏ်ဦးအချိန်လည်းဖြစ်သည်။

### သီတင်းကျွတ်လဆိုသည်မှာ

သီတင်းကျွတ်လဆိုသည်မှာ ဝါဆိုလပြည့်နေ့မှစ၍ ဝါတွင်းသုံးလ၊ ရက်ပေါင်း ၉၀ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ သီတင်းဝါလကျွတ်ပြီး သီတင်းကျွတ်လဟူ၍ သာသနာကျမ်းအလိုခေါ်ဆိုကြောင်း သိသာသည်ဟု ဝေါဟာရလိနတ္ထဒီပနီကျမ်းဆရာက သီတင်းကျွတ်လခေါ်ဆိုပုံကို ဖွဲ့ဆိုခဲ့ကြောင်း လေ့လာမှတ်သားသိရှိရသည်။ ရှေးအခါက သီတင်းကျွတ်လကို "သန်တူလ" ဟု ခေါ်ဆိုခဲ့ကြသည်။ "သန်" မှာ ဝဿလာ မိုးရာသီဟူ၍လည်းကောင်း၊ "တူ" မှာ တူရာသီချိန်ခွင်ဟူ၍လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ထို့ကြောင့် သန်တူလကို "ဝဿန္တဥတု၊ တူရာသီ" ဟူ၍ ဆိုလိုထားသည်။ ထို့အပြင် ထူပါရုံဘုရားစသော ကျောက်စာများ၌ မိုးကာလတွင် လုပ်ဆောင်ရသည့် လယ်ကို "သန်လယ်"၊ ဆောင်းဥတု၌ လုပ်ကိုင်ရသော လယ်ကို "မုရင်းလယ်" ဟု ရေးသားထားသည်။

အထူးသဖြင့် သီတင်းကျွတ်လဟူသော အရေးအသားကို ၈၇၁ ခုနှစ်စွဲ သံဃရာဇာကျောင်းကျောက်စာ၊ ၉၂၅ ခုနှစ်စွဲ စုက္ကတေးကျောင်း ကျောက်စာ စသည်တို့၌ သီတင်းကျွတ်လဟူ၍ "သ" သက်သက်ဖြင့်ရေးခဲ့သည်။ ၉၂၅ ခုနှစ်၌ မူလမင်းရဲကျော်စွာ ထိုးခဲ့သည့် စစ်ကိုင်းပုညရှင်စေတီကျောက်စာကို ၁၁၃၇ ခုနှစ်တွင် ဘိုးတော်မင်းတရား ဆင့်ထိုးတွင်ပင်၊ ဆင့်ထိုးအပိုဒ်၌ "သက္ကရာဇ် ၁၁၄၂ ခု၊ သီတင်းကျွတ်လပြည့်ကျော်" ဟု ပါရှိသည်။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား လက်ထက်တော်တိုင် "သီတင်းကျွတ်" ဟူ၍ "သ" သက်သက်ဖြင့် ရေးလျက်ရှိသည်။ ထို့အပြင် ပုဂံစောရဟန်းကျောက်စာ၌ သတင်းတိုင်း သတင်းချွတ်ဟူ၍ လည်းကောင်း၊ အင်းဝခေတ်မှ ကုန်းဘောင်ခေတ် ဘိုးတော်မင်းတရားလက်ထက်၌ ရေးထိုးခဲ့သော မူလကျောက်စာတို့၌ "သတင်း" ဟူ၍ လည်းကောင်း၊ ယခုခေတ်ကဲ့သို့ လုံးကြီးတင်ဆန်ခတ်ပြီး မရေးဘဲ သတင်းဟု "သ" သက်သက်ဖြင့် ရေးသားခဲ့သည်။

### အဘိဓမ္မာအခါတော်နေ့

သီတင်းကျွတ်လပြည့်နေ့သည် အဘိဓမ္မာအခါတော်နေ့ဖြစ်သည်။ အဘိဓမ္မာတရားတော်သည် ဗုဒ္ဓမြတ်စွာဘုရားရှင်ဟောကြားတော်မူသည့် သုတ္တန်တရားတော်တို့ထက် သာလွန်ထူးခြားသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်တွင် ညနေပိုင်း၌ သာဝတ္ထိပြည်အနီးရှိ ကဏ္ဍမ္ဗသရက်ဖြူပင်အနီးတွင် တိတ္ထိတို့ကို ရေမီးအစုံစုံ တန်ခိုးပြာဋိဟာ ပြတော်မူခဲ့သည်။ ထိုပြာဋိဟာပွဲကြီးအပြီး၌ မယ်တော်မိနတ်သားအား အမှူးပြုသည့် စကြဝဠာအပေါင်းတိုက်တစ်သောင်းတို့မှ နတ်၊ ဗြဟ္မာပရိသတ်တို့အား အဘိဓမ္မာတရားတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး နေ့ညမစဲ ဟောကြားတော်မူခဲ့သည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ အဘိဓမ္မာတရားဟောကြားခြင်းသည် ဝါတွင်းသုံးလမြောက်ဖြစ်သော သီတင်းကျွတ်လပြည့်နေ့၌ ပြီးဆုံးသွားခဲ့သည်။



### ဗုဒ္ဓမြတ်စွာဘုရား လူ့ပြည်သို့သက်ဆင်းခြင်း

ဗုဒ္ဓမြတ်စွာဘုရားရှင်က သိကြားမင်းအား သီတင်းကျွတ်လပြည့်နေ့တွင် လူ့ပြည်သို့ ပြန်ကြွမည်ဖြစ်ကြောင်း မိန့်ကြားတော်မူသည်။ ထိုအခါ သိကြားမင်းသည် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းဟူသော စောင်းတန်းသုံးသွယ်တို့ကို ဖန်ဆင်းပေးသည်။ ယင်းစောင်းတန်းသုံးသွယ်တို့၏ အခြေ၌ သင်္ကဿနဂိုရ်မြို့တံခါးတွင် တည်ရှိစေပြီး စောင်းတန်းဦးများမှာ မြင်းမိုရ်တောင်ထိပ်၌ တည်ကြသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် တင့်တယ်စွာ အလယ်ဗဟို၌ရှိသည့် ပတ္တမြားစောင်းတန်းဖြင့် သက်ဆင်းကြွမြန်းပြီး နတ်အပေါင်းတို့က လက်ယာဘက်ရွှေစောင်းတန်းဖြင့် လည်းကောင်း၊ ဗြဟ္မာကြီးများက လက်ဝဲဘက်ငွေစောင်းတန်းဖြင့်လည်းကောင်း အသီးသီးခြံရံလိုက်ပါ သက်ဆင်းလာကြသည်။

ပဥ္စသိခ်နတ်သားက "သုံးဂါဝုတ်" ပမာဏရှိသော "ဗေဠုဝ" နတ်စောင်းကြီးကို လက်သံကုန်တီးခတ်လျက် ပူဇော်ကာ လက်ယာနံပါးမှ သက်ဆင်းလိုက်ပါလာသည်။ မာတလိနတ်သားက နတ်၌ဖြစ်သော ပန်းနံ့သာအမွှေးအကြိုင်တို့ကို ကိုင်စွဲလျက် ဘုရားရှင်ကို ရှိခိုးပူဇော်ကာ လက်ဝဲနံပါးမှ သက်ဆင်း လိုက်ပါလာသည်။ သုယာမနတ်မင်းက စာမရီသားကြီးယပ်ကို ခတ်လျက်လည်းကောင်း၊ သန္တုသိတနတ်မင်းက ပတ္တမြားယပ်ဝန်းကို တလွှဲလွှဲခတ်လျက်လည်းကောင်း၊ သိကြားမင်းက ဝိဇယုတ္တ ခရုသင်းကိုမှုတ်လျက် လည်းကောင်း၊ လက်ယာဘက်မှပင် ပူဇော်ကာ သက်ဆင်းလိုက်ပါလာကြသည်။ ထို့နည်းတူ ကျန်စကြဝဠာတိုက်တို့တွင် နေထိုင်ကြသော နတ်တို့သည်လည်း အမျိုးမျိုးသော ပူဇော်မှုကို ပြုကြလျက် သက်ဆင်းလိုက်ပါလာကြပြီး လက်ဝဲဘက် ငွေစောင်းတန်းမှလည်း သဟမ္ပတိဗြဟ္မာကြီးသည် ဗြဟ္မာထီးဖြူကြီးကို ဆောင်းမိုး၍ ပူဇော်ကာ သက်ဆင်း လိုက်ပါလာကြသည်။

ယင်းအချိန်၌ သာဝတ္ထိပြည်ရှိ ပရိသတ်အပေါင်းသည်လည်း သီတင်းကျွတ်လပြည့်၌ သင်္ကဿနဂိုရ်မြို့တံခါးသို့ မြတ်စွာဘုရားအား ဖူးမြော်ကြရန် ရောက်ရှိနေကြပြီဖြစ်သည်။ ထိုသို့ ဗုဒ္ဓမြတ်စွာဘုရားသည် နတ်ဗြဟ္မာအပေါင်းခြံရံလျက် တာဝတိံသာနတ်ပြည်မှ သက်ဆင်းတော်မူ၍ လူ့ပြည်သို့အရောက်၊ စောင်းတန်းဦးတွင် လက်ယာခြေတော်ကို ချမိလျှင်ပင် ဗုဒ္ဓမြတ်စွာဘုရားရှင်ကို တပည့်ကြီး ရှင်သာရိပုတ္တရာမထေရ်က ရှေးဦးစွာ ရှိခိုးပူဇော်ပြီးနောက်မှ ကျန်ပရိသတ်တို့က မြတ်စွာဘုရားကို ရှိခိုးဖူးမြော်ပူဇော်ကြလေသည်။

### မီးမြင်းမိုရ်ပွဲ

သင်္ကဿနဂိုရ်မြို့တံခါးဝ၌ စောင်းတန်းမှ ရှေးဦးပထမဆုံး လက်ယာခြေတော်ချရာ အရပ်သည် နောင်သောအခါတွင် "အစလေစေတိယဌာန" ဟူ၍ အမည်ထင်ရှားခဲ့သည်။ ထိုသို့ ရှင်သာရိပုတ္တရာ အမှူးပြုသည့် လူနတ်ဗြဟ္မာသတ္တဝါပေါင်းစုံ ပါဝင်သည့် ပရိသတ်အပေါင်းက ဗုဒ္ဓမြတ်စွာဘုရားအား သောင်းသောင်းဖြဖြ ပူဇော်ပွဲကြီးကို ရည်မှန်း၍ သီတင်းကျွတ်လပြည့်နေ့ညအချိန်တွင် မီးပုံးများ၊ ဆီမီးရောင်စုံများ ထွန်းညှိပူဇော်ကြခြင်းပင်ဖြစ်သည်။ ယင်းသို့ ဗုဒ္ဓမြတ်စွာဘုရား တာဝတိံသာမှ ဆင်းသက်ကြွချီတော်မူခဲ့သည်ကို အကြောင်းပြု၍ "တာဝတိံသာပွဲတော်"ဟူ၍ လည်းကောင်း၊ တာဝတိံသာ နတ်ပြည်တည်ရှိရာ မြင်းမိုရ်တောင်ထိပ်မှ ဆင်းသက်တော်မူသည်ကို အကြောင်းပြု၍ "မီးမြင်းမိုရ်ပွဲ" ဟူ၍လည်းကောင်း အသီးသီးခေါ်ဝေါ်ခဲ့ကြသည်။

သီတင်းကျွတ် မီးထွန်းပွဲတော်ကြီးနှင့် ပတ်သက်၍ သီတင်းကျွတ်လပြည့်နေ့၌ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်မြို့သို့ ကြွဆင်းလာပုံကို ပီပြင်စွာ သရုပ်ဖော်ရေးဆွဲထားသည့် ပန်းချီကားကြီးကို ပုဂံရှိ မြင်းကပါ ဂူပြောက်ကြီးဘုရား၌ တွေ့မြင်ရသည်။ ထို့အပြင် အင်းဝခေတ်တွင် ကျင်းပခဲ့သော မီးမြင်းမိုရ်ပွဲအကြောင်းကိုလည်း လောကဗျူဟာကျမ်း၌ ရေးသား ဖော်ပြထားသည်။ ကုန်းဘောင်ခေတ်အလယ်ပိုင်းတွင် ရှေးစာဆိုပညာရှိကြီး ဦးယာက "ကြော်သဲအုတ်အော်၊ ပူဇော်ဆီမီး၊ ညီးညီးဝင်းဝင်း၊ ထွန်းလင်းရောင်ရှိန်၊ အာလိန်ငါးဆင့်၊ ရွှန်းရွှန်းတင့်သား၊ နတ်မင်းစံရာ၊ ဝတိံသာသို့၊ လေးဖြာရောင်စုံ၊ မြင်းမိုရ်ပွဲကြီး" လူးတားဖြင့် ရေးစပ်ခဲ့သည်။

### အဘိဓမ္မာတရားတော်၏ ထူးခြားချက်

သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့အဖြစ် ဗုဒ္ဓဘာသာကိုးကွယ် ယုံကြည်သူတိုင်း သိရှိပြီးဖြစ်သည်။ ယနေ့ မျက်မှောက်ခေတ်အထိ ရဟန်းရှင်လူတို့ အဘိဓမ္မာတရားကို သင်ကြားခွင့်ရရှိခြင်းသည် အရှင်သာရိပုတ္တရာမထေရ်မြတ်၏ ကျေးဇူးကြောင့်ပင် ဖြစ်သည်။ အဘိဓမ္မာတရားတော်သည်-

(၁) မြတ်စွာဘုရားရှင်က သန္တုသိတမည်သော မယ်တော်မိနတ်သားအား ကျေးဇူးဆပ်သည့် အနေဖြင့် ဟောကြားတော်မူသော တရားဖြစ်ခြင်း၊

(၂) တာဝတိံသာနတ်ပြည်၌ ဟောကြားတော်မူသော တရားဖြစ်ခြင်း၊

(၃) မြတ်စွာဘုရားသည် ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူခြင်း၊

(၄) ပကတိမြတ်စွာဘုရားနှင့် နိမ္မိတဘုရားရှင်တို့သည် တစ်လှည့်စီ ဟောကြားတော်မူခြင်း။

ဟူသော ထူးခြားချက်လေးမျိုးနှင့် ပြည့်စုံသည်။

ထို့အပြင် အဘိဓမ္မာတရားတော်သည် ပါဠိ၏ နက်နဲခြင်း၊ သဘော အဓိပ္ပာယ်၏ နက်နဲခြင်း၊ ဟောကြားပုံအစီအစဉ်၏ နက်နဲခြင်း၊ ဉာဏ်တော်၏ နက်နဲခြင်းဟူသော ဂမ္ဘီရလေးမျိုးနှင့်လည်း ပြည့်စုံသည်။ ထို့ကြောင့် ဤဝိသေသ ထူးခြားချက်များနှင့် ပြည့်စုံသော သီတင်းကျွတ်အခါသမယတွင် အဘိဓမ္မာတရားတော်များကို ရွတ်ဖတ်ပူဇော်ကြခြင်းဖြင့် ဘေးဥပဒ်အန္တရာယ်ကင်းဝေးပြီး ကျက်သရေမင်္ဂလာ အဖြာဖြာတို့ဖြင့် ပြည့်စုံကြပါစေဟု ဆုတောင်းမေတ္တာပို့ ရေးသားလိုက်ရပါသည်။ ။

> **"ဤလအခါသမယသည် မိုးရာသီလည်း မကုန်၊ ဆောင်းရာသီလည်း မမည်သော သရဒဥတုပင်ဖြစ်သည်။ တစ်နည်းဆိုရသော် မိုးရာသီ မကုန်ဆုံးသေးသော်လည်း နေရောင်ခြည်ဖြာစပြုလာပြီဖြစ်၍ ဥတုရာသီသာယာမှုကို ညွှန်းဆိုမည့် ဆောင်းရာသီ၏ အရုဏ်ဦးအချိန်လည်းဖြစ်သည်"**

## သစ်တောဥပဒေ၊ ဇီဝမျိုးစုံ မျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေများရှင်းလင်းဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၂၂**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော သစ်တောစီမံအုပ်ချုပ်မှုကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၀ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် သစ်တောဥပဒေနှင့် မေ ၂၁ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် ဇီဝမျိုးစုံ မျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေများနှင့် ပတ်သက်၍ သစ်တောလုပ်ငန်းများနှင့် ဆက်စပ်ပတ်သက်သည့် လုပ်ငန်းရှင်များနှင့် ပြည်သူများအား ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် ဥတ္တရသီရိမြို့နယ် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ (ဓာတ်ပုံ)

နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက မြန်မာနိုင်ငံ တစ်ဝန်းလုံး သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းတို့ ဖြစ်ပေါ်လျက်ရှိရာ သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေရန် မြန်မာနိုင်ငံသစ်တောများ ပြန်လည်ထူထောင်ရေးစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်နေပြီး သစ်တောပြုန်းတီးမှုကို ကာကွယ်ရန်အတွက် ဥပဒေ၊ နည်း ဥပဒေများ ထုတ်ပြန်ပြီး ထိန်းသိမ်းကာကွယ်လျက်ရှိကြောင်း၊ ဒေသခံပြည်သူများ အနေဖြင့်လည်း နိုင်ငံတော်ကချမှတ်သည့် ဥပဒေ၊ နည်းဥပဒေများကို လိုက်နာကျင့်သုံးခြင်းဖြင့် ထာဝစဉ် တည်တံ့စေသည့် သစ်တောစီမံအုပ်ချုပ်မှု စနစ်ကို ပြည့်ပြည့်ဝဝ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သစ်တောသယံဇာတပေါများ ကြွယ်ဝသော၊ စိမ်းလန်းစိုပြည်သော၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမများသောနိုင်ငံတစ်ခုအဖြစ် ရပ်တည်စေနိုင်ရေး အားလုံးပူးပေါင်း ပါဝင်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် သစ်တောဦးစီးဌာနက ညွှန်ကြားရေးမှူး ဦးကျော်မင်းသိန်းက သစ်တောဥပဒေနှင့် ဇီဝမျိုးစုံ မျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ဆွေးနွေး မေးမြန်းခဲ့ကြသည်။ **အောင်ကို(ပြန်/ဆက်)**

# မူးယစ်ဆေးဝါး နှိမ်နင်းတိုက်ဖျက်ရေး

❑ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများသုံးစွဲသူများအား ဆေးကုသပေးရေး၊ အသိပညာပေးရေး၊ ကူညီထောက်ပံ့မှုများပေးရေး၊ ကောင်းမွန်သည့် လူမှုဘဝသို့ ပြန်လည်ရောက်ရှိစေရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်စေရေး၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးရေးတို့အတွက် မူးယစ်ဗဟိုမှ တိုက်ရိုက်ကြီးကြပ်သော လူငယ်များပြုစုပျိုးထောင်ရေးစခန်း(၃)ခုနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကြီးကြပ်သော ပြန်လည်ထူထောင်ရေးစခန်း (၉) ခုတို့ကို ဖွင့်လှစ်ပြီး စီမံဆောင်ရွက်လျက်ရှိပါသည်။

**(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)**

# စာတတ်သူတိုင်းစာဖတ်ရေး အခမ်းအနားကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

**"စာတတ်သူတိုင်း စာဖတ်ရေး"ခေါင်းစဉ်ဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး လူထုလှုံ့ဆော်မှု အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာဖတ်ဝါသနာပျိုးထောင်ပေး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းအချက်အလက်များ ထုတ်ပြန်ခြင်း၊ အသိပညာဖြန့်ဝေခြင်းနှင့် ဖျော်ဖြေခြင်းလုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများ အသိပညာဗဟုသုတရရှိနိုင်ရန်အတွက် အမြော်အမြင်ရှိသူများက "အမှောင်ခွင်း၍ အလင်းဆောင်အံ့" ဆောင်ပုဒ်ဖြင့် စာပေဗိမာန်ကို တည်ထောင်ခဲ့ခြင်းဖြစ်ရာ မိမိတို့မှလည်း ဆက်လက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စာပေဆိုင်ရာလှုပ်ရှားမှုများဖြစ်သည့် စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲ၊ စာပေစကားဝိုင်းနှင့် စာအုပ်စာပေရောင်းချသည့် စာအုပ်လမ်းတို့အပြင် စာပေပွဲတော်များလည်း စီစဉ်ကျင်းပလျက်ရှိပါကြောင်း၊ ကလေးစာပေပွဲတော်ကို ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ စေတနာရှင် အလှူရှင်များနှင့် ပူးပေါင်း၍ ကျင်းပလျက်ရှိပါကြောင်း၊ ကလေးများကို စာအုပ်စာပေနှင့် ထိတွေ့စေပြီး စာဖတ်ဝါသနာပျိုးထောင်ပေးခြင်းဖြစ်ပါကြောင်း၊ ကလေးများ စာပေပွဲတော် လာရောက်ချိန်တွင် ပျော်ရွှင်စေရန်အတွက်လည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်များ၌ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပစဉ် စာပေဖတ်ရှုမှုအပြင် တီထွင်ဖန်တီးမှုကိုလည်း အားပေးဆောင်ရွက်ခဲ့ပါကြောင်း။

**ရွှေ့လျားစာကြည့်တိုက်လုပ်ငန်း**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည်လည်း စာပေဝါသနာပါပြီး စာအုပ်စာပေချစ်မြတ်နိုးသဖြင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ လုပ်ငန်းစဉ်များတွင် စိတ်ကူး စိတ်သန်းကောင်းများဖြင့် ရွှေ့လျားစာကြည့်တိုက်ကို ထည့်သွင်းပြီး စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးနှင့် စာကြည့်တိုက်၊ လူထုအခြေပြုဗဟိုဌာနများတွင် ကွန်ပျူတာသင်ကြားမှုနှင့် ရွှေ့လျားစာကြည့်တိုက်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

"စာတတ်သူတိုင်း စာဖတ်ရေး" ခေါင်းစဉ်ဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအစီအစဉ်ကို နေပြည်တော်မှ အခြေပြု၍ နိုင်ငံတစ်ဝန်းတွင် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက အဓိကနေရာမှ ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း၊ အခမ်းအနားကျင်းပရာတွင် စာတမ်းဖတ်ပွဲနှင့်ဆွေးနွေးပွဲများ ကျင်းပမှုများအပြင် စာအုပ်စာပေနှင့် ပတ်သက်သည့် ပြခန်းများစုံလင်စွာဖြင့် ခင်းကျင်းပြသနိုင်ရေး ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

**စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်နေ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ကလေးစာပေပွဲတော်နှင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များကျင်းပမှုတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပါကြောင်း၊ စာတတ်သူတိုင်း စာဖတ်ရန်လိုအပ်ပြီး စာဖတ်သည့် ယဉ်ကျေးမှုဓလေ့ထွန်းကားမှသာ နိုင်ငံနှင့်လူမျိုးအောင်မြင်တိုးတက်မည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် စာသင်ကျောင်း ၂၀ တွင် ရှေ့ပြေးစီမံချက်အနေဖြင့် ကျောင်းစာကြည့်တိုက်များ ဖွင့်လှစ်ပြီး စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်နေပါကြောင်း၊ ယခုကျင်းပသည့် "စာတတ်သူတိုင်း စာဖတ်ရေး" အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း ဆက်လက်ပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က "စာတတ်သူတိုင်း စာဖတ်ရေး" အခမ်းအနားကျင်းပမည့် ရည်ရွယ်ချက်၊ ကျင်းပမည့်နေရာ၊ ဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများနှင့် ဆုပေးပွဲများ၊ ခင်းကျင်းပြသမည့် ပြခန်းများ၊ စာအုပ်ဈေးရောင်းပွဲတော်ပြုလုပ်မည့် အစီအစဉ်များ၊ ကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ကဏ္ဍများအလိုက် ဆွေးနွေး**

ထို့နောက် ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စောနန်းနွယ်၊ မြန်မာနိုင်ငံ စာကြည့်တိုက် အသင်းအတွင်းရေးမှူး ဒေါက်တာ ခင်လေးစိုးနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း ဗဟိုအမှုဆောင်အဖွဲ့ဝင် ဦးမောင်မောင်ဦး (စာရေးဆရာ ဟိန်းလတ်)တို့က "စာတတ်သူတိုင်း စာဖတ်ရေး"အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

"စာတတ်သူတိုင်း စာဖတ်ရေး" အခမ်းအနားကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာတတ်မြောက်သူတိုင်း စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ပိုမိုတိုးတက်လာစေရေးနှင့် "စာတတ်သူတိုင်း စာဖတ်ရေး" လှုပ်ရှားမှုများကို နိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပပြုလုပ်နိုင်စေရေးအတွက် နှိုးဆော်ဆောင်ရွက်နိုင်ရန်ရည်ရွယ်ချက်ဖြင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက်နှင့် ဒီဇင်ဘာ ၁ ရက်တို့တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC- 2) တွင် ကျင်းပမည်ဖြစ်သည်။

**စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန်**

ဖွင့်ပွဲ အခမ်းအနားနှင့်အတူ ဝန်ဆောင်မှုနှင့် ဆန်းသစ်တီထွင်မှုကောင်းမွန်သည့် စာကြည့်တိုက်များကို ဆုချီးမြှင့်မှုများ၊ စာပေဆိုင်ရာဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲများ၊ အသိပညာပေးပြခန်းများ၊ ရှေးဟောင်းပေစာများ၊ ရွှေပေလွှာနှင့် ပုရပိုက်များ၊ ကျောက်စာများ၊ ခေတ်နှင့်အညီ ပြောင်းလဲဆောင်ရွက်လာသည့် စာပေဆိုင်ရာများ၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်နှင့် အမျိုးသားမော်ကွန်းတိုက်များမှ ရှေးဟောင်းစာရွက်၊ စာတမ်းများ၊ စာအုပ်စာပေ ထိန်းသိမ်းဆောင်ရွက်နေမှုများ စသည့် စာပေဆိုင်ရာပြခန်းများ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ရှန်တီစေတနာ့ဝန်ထမ်းဖောင်ဒေးရှင်းတို့၏ နယ်လှည့်စာကြည့်တိုက်ပြခန်းများနှင့် စာအုပ်ဈေးရောင်းပွဲတော်များ ထည့်သွင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်"စာတတ်သူတိုင်း စာဖတ်ရေး"ခေါင်းစဉ်ဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး လူထုလှုံ့ဆော်မှုအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# လယ်ယာသုံးစက်ကိုရီးယား စမ်းသပ်သုတေသနပြု သရုပ်ပြ

**နေပြည်တော် အောက်တိုဘာ ၂၂**

ကိုရီးယားသမ္မတနိုင်ငံမှ ထုတ်လုပ်သည့် Daedong ထွန်စက်နှင့် ရိတ်သိမ်းခြွေလှေ့စက်တို့ကို မြန်မာနိုင်ငံတွင် ပူးတွဲသုတေသနပြု စမ်းသပ်မှုရလဒ်များအရ ဒေသရေ၊ မြေ သဘာဝနှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် အားနည်းချက်များအား ပြန်လည်မွမ်းမံပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

ထိုသို့ ပြုပြင်မွမ်းမံထားသော စက်များကို ကျေးလက်ဒေသများတွင် သရုပ်ပြခြင်းနှင့် အရည်အသွေးအကဲဖြတ်ခြင်းများပြုလုပ်ရန် ကိုရီးယားနိုင်ငံလုပ် Daedong အမှတ်တံဆိပ် Combine Harvester နှင့် KIOTI အမျိုးအစား ထွန်စက်ကြီးများ၏ စွမ်းဆောင်ရည်လက်တွေ့စမ်းသပ် သရုပ်ပြသသည့် အခမ်းအနားကို ယမန်နေ့က ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းအုပ်စုရှိ KOICAR စံပြစိုက်ခင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်၊ ကိုရီးယားနိုင်ငံ AGM S & E Co., Ltd Professor Mr. Kim Kyeang UK တို့က အမှာစကားပြောကြားပြီး လယ်ယာသုံးစက်ကိရိယာဖြင့် ရိတ်သိမ်းခြွေလှေ့မှုကိုကြည့်ရှုကြကာ (**ယာပုံ**) တက်ရောက်လာသော စိုက်ပျိုးတောင်သူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၀ / ၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်**
**(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)**

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ် နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ(၂၀) ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ရှမ်းပြည်နယ်၊ နမ္မတူမြို့နယ်၊ ပန်ဟိုက်(၈)ရပ်ကွက်တွင် ဘိန်း/ ဆေးပြား သုံးစွဲသူများနှင့် ရောင်းဝယ်နေသူအများအပြားရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၁၀-၂၀၁၈ ရက်နေ့တွင် နမ္မတူမြို့ပန်ဟိုက်(၈)ရပ်ကွက်၊ သချိုင်းကုန်းဟောင်းအနီးနေ အောင်လ (၅၃)နှစ်၊ (ဘ) ဦးဆိုင်ထွန်း၏ နေအိမ်အား သတင်းအတည်ပြု စိစစ်ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ သားဖြစ်သူ အောင်မိုး(၂၅)နှစ်တို့အား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (နမ္မတူ) မယ(ပ) ၁၄/ ၂၀၁၈၊ မူး/ စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်စိစစ်လျက်ရှိပါသည်။ |
| ၂ | တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကြပ်ချောင်းကျေးရွာတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချမှုများကြောင့် လူငယ်များမှာ မူးယစ်ဆေးဝါးများ စွဲနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၁၀-၂၀၁၈ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ ကြပ်ချောင်းကျေးရွာအတွင်း စုံစမ်းစိစစ်စဉ် နိုင်ဇော် (၂၃)နှစ်၊ (ဘ) ဦးသိန်းလွင်နှင့် အစ်ကိုဖြစ်သူ ညီဇော် (၂၆)နှစ်သည် လှေဖြင့် ပင်လယ်ပြင်သို့ ထွက်ခွာရန် ပြင်ဆင်နေချိန် ၎င်းတို့ (၂) ဦးအား လှေပေါ်မှ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကံမော်) မယ(ပ)၄၁/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက် စိစစ်လျက်ရှိပါသည်။ |
| ၃ | တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကြပ်ချောင်းကျေးရွာနေ ကိုတင်ထွန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၁၀-၂၀၁၈ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ ကြပ်ချောင်းကျေးရွာနေ ကိုတင်ထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိခြင်းမရှိဘဲ ဇနီးဖြစ်သူ ဒေါ်မြဝင်း (၄၆)နှစ်၊ (ဘ)ဦးလှိုင်တင်သည် နေအိမ်နောက်ဖေးပေါက်မှ အိတ်(၁) အိတ်အား လွှင့်ပစ်ပြီး ချောင်းအတွင်းဆင်း၍ စက်လှေဖြင့် ထွက်ပြေးသွားသဖြင့် ၎င်းအိတ်အား ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများအား တွေ့ရှိသိမ်းဆည်းရမိသဖြင့် နမစ (ကံမော်) မယ(ပ)၄၀/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ ချမ်းမြအောင်စည် ရိပ်သာနေ အရှင်အာစိဏ္ဏသည် မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၁၀-၂၀၁၈ ရက်နေ့တွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ ချမ်းမြအောင်စည်ရိပ်သာဝန်း၊ တစ်ထပ်ကျောင်းဆောင်နေ အရှင်အာစိဏ္ဏ (ခ) ဦးအေးကျော် (၅၂)နှစ်၊ ဝါတော်(၁၃)ဝါ၊ (ဘ)ဦးမြရွှေ၏ အခန်းအား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပြည်ကြီးတံခွန်) မယ(ပ) ၂၉/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ဆည်တော်ကြီးကျေးရွာ၊ အမှတ်(၆)ရပ်ကွက်နေ ကိုနေမျိုးအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၁၀-၂၀၁၈ ရက်နေ့တွင် မတ္တရာမြို့နယ်၊ ဆည်တော်ကြီးကျေးရွာ၊ အမှတ်(၆)ရပ်ကွက်နေ နေမျိုးအောင် (၄၇)နှစ်၊ (ဘ)ဦးဝင်းအောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဆည်တော်ကြီး) မယ(ပ)၅/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ကွမ်းဘောင်ကျေးရွာနေ ကိုရှိုင်းရှိုင်းသူနှင့် ကိုရှိုင်းရှိုင်းဦးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၁၀-၂၀၁၈ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ကွမ်းဘောင်ကျေးရွာနေ ရှိုင်းရှိုင်းသူ (၂၃)နှစ်၊ (ဘ)ဦးဝင်းဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများ၊ တူမီးသေနတ်(၁)လက်တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်) မယ(ပ)၃၃/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၂(ခ) ဖြင့် လည်းကောင်း၊ အလားတူ ကွမ်းဘောင်ကျေးရွာနေ ရှိုင်းရှိုင်းဦး (၂၆)နှစ်၊(ဘ)ဦးဝင်းဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများ၊ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်) မယ(ပ) ၃၄/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က) ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ မူးခွကျေးရွာနေ ကိုချမ်းသာသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၁၀-၂၀၁၈ ရက်နေ့တွင် တန့်ဆည်မြို့နယ်၊ မူးခွကျေးရွာနေ ချမ်းသာ (၂၆)နှစ်၊ (ဘ)ဦးထွေးမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းမည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တန့်ဆည်)မယ(ပ)၁၇/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | တနင်္သာရီတိုင်းဒေသကြီး၊ ပြည်ကြီးမဏ္ဍိုင်မြို့နယ်၊ လမ်းဖိုးကမ်းကျေးရွာနေ ကိုဇော်မင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၁၀-၂၀၁၈ ရက်နေ့တွင် ပြည်ကြီးမဏ္ဍိုင်မြို့နယ်၊ လမ်းဖိုးကမ်းကျေးရွာနေ ဇော်မင်း(ခ)ဇော်မင်းလွင်(၃၅)နှစ်၊ (ဘ)ဦးမြင့်ဝေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် ရန်နိုင်ကျော် (၂၇)နှစ်၊ (ဘ)ဦးမင်းသူတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ပြည်ကြီးမဏ္ဍိုင်) မယ(ပ)၂၀/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ ရပ်ကွက်(၅)၊ နယ်မြေ(၄)၊ မန်မိုင်ကျေးရွာနေ ဦးအာဘောင်းနှင့်ဇနီး မအေးမီးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်းသတင်းပေးပို့ခြင်း။ | ၂၀-၁၀-၂၀၁၈ ရက်နေ့တွင် လားရှိုးမြို့ ရပ်ကွက်(၅)၊ နယ်မြေ(၄)၊ နတ်စင်လမ်းပေါ်၌ မသင်္ကာဖွယ်တွေ့ရှိသူ အိုက်ခေး(၁၉)နှစ်၊ (ဘ)ဦးစံလှအား စိစစ်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဓားဦးချွန်(၁)ချောင်းနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး) မယ(ပ)၂၀၈/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၂(ခ) ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ လားရှိုးမြို့ ရပ်ကွက်(၅)၊ နယ်မြေ (၄)၊ မန်မိုင်ကျေးရွာနေ အာဘောင်း (ခ)အိုက်ပေါင်း (၂၅)နှစ်၊ (ဘ)ဦးအိုက်နက်(ခ) မောင်မောင်နှင့်ဇနီး မအေးမီး (၂၇)နှစ်၊ (ဘ)ဦးအောင်အောင်တို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့နှင့်အတူ ဇော်မျိုးထက် (ခ)မင်းထိုက် (၂၃)နှစ်၊ (ဘ)ဦးထွန်းနိုင်တို့ (၃) ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး) မယ(ပ) ၂၀၉/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်၊ (၁၃၃)လမ်း၊ အိမ်အမှတ် (၃၇)၊ (၆)ခန်းတွဲတိုက်၊ (၆)လွှာ(ဘီ)နေ ကိုမျိုးဇော်သည် မူးယစ်ဆေးဝါးများ သုံးစွဲနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၁၀-၂၀၁၈ ရက်နေ့တွင် တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်၊ (၁၃၃)လမ်း၊ အိမ်အမှတ်(၃၇)၊ (၆)ခန်းတွဲတိုက်၊ (၆)လွှာ(ဘီ)နေ မျိုးဇော် (၃၆)နှစ်၊ (ဘ)ဦးတင်အောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တာမွေ) မယ(ပ)၄၅/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်၊ (၅၀)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ် (၇၀၀) နေ မောင်မောင်စိုး(ခ) ကနဲကြီးသည် စိတ်ကြွဆေးပြားနှင့် ဆေးခြောက်များအား နေအိမ်တွင် ရောင်းချလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၁၀-၂၀၁၈ ရက်နေ့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၇၀၀)နေ မောင်မောင်စိုး (ခ)ကနဲကြီး (၄၇)နှစ်၊ (ဘ)ဦးဂိုလာကြမ်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံမြောက်) မယ(ပ) ၅၀/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်နေ နောင်နောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၁၀-၂၀၁၈ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်အတွင်း စုံစမ်းစိစစ်နေစဉ် ပတ္တမြား သင်္ဘောကျင်းလမ်းပေါ်တွင် နောင်နောင် (၃၉)နှစ်၊ (ဘ)ဦးမြထွန်း၊ ကမ်းနားအနောက်ရပ်ကွက်နှင့် တစ်ရပ်ကွက်တည်းနေ သဲစုမွန် (၃၉) နှစ်၊ (ဘ)ဦးသိန်းဝင်းတို့အား တွေ့ရှိသဖြင့် စိစစ်ရှာဖွေရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စိစစ်ရာ ဆေးခြောက်များမှာ မမစ(လှည်းကူး) မယ(ပ) ၂၆/ ၂၀၁၈၊ မူး/ စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ အမှုမှ ဖမ်းဆီးရမိ တရားခံ မျိုးမင်း (ခ)မြင့်ဦး (၃၇)နှစ်၊ (ဘ)ဦးတင်အေးထံမှ ပြန်လည်ရောင်းချရန် ပေးအပ်ထားသော ပစ္စည်းများဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့(၃)ဦးအား မမစ (အင်းစိန်) မယ(ပ) ၁၃၈/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၂၀-၁၀-၂၀၁၈ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၃၅၀) မှ ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၄၆၇)ဦး၊ မ(၉၀)ဦး၊ ပေါင်း(၅၅၇)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၅၀၄၇.၉၅)ဂရမ်၊ ICE(၂၂.၀၁) ဂရမ်၊ ဘိန်း(၃၈၃၈၇.၀၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉)ဂရမ်၊ ဘိန်းစာမှုန့်(၁၁၈၀၂)ဂရမ်၊ ဘိန်းစာရွက်(၃၉၇၃.၉၉) ဂရမ်၊ စိတ်ကြွဆေးပြား(၁၆၆၅၈၈)ပြား၊ ဆေးခြောက်(၃၆၉၃.၇၈)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၂၁၇.၄) ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁.၆၅)ဂရမ်၊ သေနတ်မျိုးစုံ(၁၂)လက်၊ ကျည်မျိုးစုံ(၁၉၄) တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်

*စာမျက်နှာ ၉ သို့*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် KAFA မှ အမှုဆောင်ညွှန်ကြားရေးမှူးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၂

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် Korea-ASEAN Friendship Association (KAFA) မှ အမှုဆောင်ညွှန်ကြားရေးမှူး Dr. Mr. Sung Ki Baik ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)

တွေ့ဆုံစဉ် Dr. Mr. Sung Ki Baik က ကိုရီးယားနိုင်ငံရှိ အဖွဲ့အစည်းများ၊ လုပ်ငန်းများအနေဖြင့် နေပြည်တော်တွင် အင်ဂျင်နီယာပညာ၊ စီမံခန့်ခွဲမှုပညာ၊ ဆေးသိပ္ပံပညာနှင့် အနုပညာဆိုင်ရာကျောင်းများ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးက ယခင်လအတွင်း ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့နှင့် ဆိုးလ်မြို့သို့ သွားရောက်လေ့လာခဲ့သည့် အတွေ့အကြုံများနှင့် နေပြည်တော်တွင် ရုပ်ရှင်စတူဒီယို၊ ရုပ်ရှင်အနုပညာ သင်တန်းကျောင်းများ ပေါ်ပေါက်ရေး အပါအဝင် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် နည်းလမ်းများကို လည်းကောင်း ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# (၇)ကြိမ်မြောက် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၂၂**

မြန်မာမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး ထိရောက်စွာ လက်တွဲပူးပေါင်း လုပ်ဆောင်သွားရန်(Building Effective Partnerships in Myanmar's Media Development )ဖြင့် ကျင်းပမည့် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ဝဲပုံ)**



### ပူးပေါင်းကူညီပေး

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အဖွင့်အမှာစကားပြောကြားရာ၌ ယခုကျင်းပမည့် (၇)ကြိမ်မြောက် ညီလာခံမှာ နေပြည်တော်တွင် ပထမဆုံး ပြုလုပ်မည့် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးဖြစ်ကြောင်း၊ မြန်မာ့မီဒီယာလောကတွင် ရင်ဆိုင်နေရသည့် အခက်အခဲအားလုံးကို လက်တွေ့ကျကျ ဖြေရှင်းသွားနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပပညာရှင်များ၊ မီဒီယာလောကသားများနှင့် တာဝန်ရှိ ဌာနဆိုင်ရာပုဂ္ဂိုလ်များက တက်ရောက်ဆွေးနွေးအဖြေရှာကြမည်ဖြစ်ပါကြောင်း၊ အချိန်မီ ကျင်းပနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းကူညီပေးကြစေလိုပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ညီလာခံအတွက် အသုံးပြုမည့် နောက်ခံဒီဇိုင်း ရွေးချယ်အတည်ပြုခြင်း၊ ဦးဆောင်ဆွေးနွေးမည့်သူများ၊ ပါဝင်ဆွေးနွေးမည့်သူများနှင့် ဆွေးနွေးမည့် အကြောင်းအရာများကို ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ကြသည်။

### အားဖြည့်ပေးနိုင်ရန် ရည်ရွယ်

(၇)ကြိမ်မြောက် မြန်မာမီဒီယာ ဖွံ့ဖြိုးတိုးတက်မှုညီလာခံကို မြန်မာနိုင်ငံတွင် ဒီမိုကရက်တစ်အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော လူ့ပ်ရှားဆောင်ရွက်သူများအကြား ပိုမိုစုပေါင်းလုပ်ကိုင်နိုင်မည့် လမ်းကြောင်းတစ်ခု တည်ဆောက်နိုင်ရန်၊ မီဒီယာ ပြုပြင်ပြောင်းလဲရေးနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုတွင် အားဖြည့်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဒီဇင်ဘာ ၅ ရက်တွင် နေပြည်တော်ရှိ Park Royal Hotel တွင် ကျင်းပမည်ဖြစ်သည်။

### တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ Myanmar Press Council (MPC)၊ UNESCO ၊ IMS/Fojo၊ DW Akademie၊ JICA၊ Internews နှင့် Myanmar Police project တို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုတစ်ပတ်အတွင်း နယ်စပ်ဒေသများနှင့် ပူးပေါင်းစစ်ဆေးရေးဂိတ်များဖြစ်သော ကချင်ပြည်နယ်၊ မန်စီမြို့နယ်၊ မွန်စင့်ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၆၈၀၀)ပြား၊ ရှမ်းပြည်နယ်၊ လွိုင်လင်မြို့နယ်၊ လွိုင်လင်- တောင်ကြီးကားလမ်း၊ ဟိုတင့်ကျေးရွာအနီး၌ သတင်းအရ စိစစ်ဆောင်ရွက်စဉ် SCANIA (၂၂) ဘီးတွဲယာဉ်ပေါ်မှ တရားခံအမျိုးသား(၂)ဦးအား မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် SULPHURIC ACID (၁၄၂၂၀)လီတာ၊ မော်တော်ယာဉ်(၁)စီး၊ မိုင်းဆတ်မြို့နယ်၊ ဖားဟကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး ထံမှ စိတ်ကြွဆေးပြား(၄၀၀၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ ကျေးသီးမြို့နယ်၊ ကျေးသီး- မိုင်းရယ်- လားရှိုးသွား လမ်း၌ Nissan Fuso (၆)ဘီးယာဉ်ပေါ်မှ တရားခံအမျိုးသား(၁)ဦးအား CAFFINE(၁၅၀၀၀၀၀)ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ ပင်လောင်းမြို့နယ်၊ နောင်တရားမြို့ ညဏ်ပင်ကျေးရွာ၌ တရားခံအမျိုးသား (၂)ဦးထံမှ ဘိန်းဆီခဲ (၃၁၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ နောင်ချိုမြို့အဝင်၊ အိုရီယမ်တယ်တိုးဂိတ်အနီး၌ တရားခံအမျိုးသား(၂)ဦးအား စိတ်ကြွဆေးပြား(၃၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ Nissan WINGROAD ယာဉ်ပေါ်မှ တရားခံအမျိုးသား (၁)ဦးအား စိတ်ကြွဆေးပြား(၂၄၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ တောင်ကြီးမြို့ စခဲကျေးရွာ အဝင်လမ်း၌ Toyota Hilux Surf ယာဉ်ပေါ်မှ တရားခံအမျိုးသား(၂)ဦးနှင့် တရားခံ အမျိုးသမီး (၂)ဦး၊ ပေါင်း (၄)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၉၇၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ဘုရားဖြူရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးနှင့် တရားခံအမျိုးသမီး (၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၉၈၃၈)ပြား၊ လုံခြုံရေးအဖွဲ့များ နယ်မြေရှင်းလင်းစဉ် ကွတ်ခိုင်မြို့နယ်၊ ပန်ဟိုးကျေးရွာအရှေ့တောင်ဘက် တောအတွင်း၌ မြေကြီးအတွင်း မြှုပ်နှံထားသည့် မူးယစ်ဆေးဝါးချက်လုပ်သည့် ဆက်စပ်ပစ္စည်းများဖြစ်သော ACETONE (၂၅၆၀) လီတာ၊ HYDROCHLORIC ACID (၄၂၀)လီတာ၊ LIZOL(၁၆၈၀) လီတာ၊ ETHYL ETHER (၁၂၁၆)လီတာ၊ ကွတ်ခိုင်-ကောင်းခါးသွားကားလမ်း၊ ခိုလုံကျေးရွာအဝင် ယူကလစ်တောအနီး၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၀၀၀)ပြား၊ ဘိန်းဖြူ(၃၆၃)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တာချီလိတ်မြို့နယ်၊ ဒေင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၆၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဆီဆိုင်မြို့နယ်၊ တောင်ကြီး- ဆီဆိုင်သွားကားလမ်း၊ ဘန်းယဉ်လေးကျေးရွာအနီးတွင် တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၅၀၀)ပြား၊ ဆိုင်ကယ်(၁)စီးအား လည်းကောင်း၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ သတင်းအရ ဖော်ထုတ်ဖမ်းဆီးရမိမှုဖြစ်စဉ် (၃)ခုရှိခဲ့ပြီး တရားခံအမျိုးသား(၄)ဦးနှင့် တရားခံအမျိုးသမီး(၁)ဦး၊ ပေါင်း (၅)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၄၅၄)ပြား၊ ကျောက်ဖြူမြို့၌ သတင်းအရ ဖော်ထုတ်ဖမ်းဆီးရမိမှုဖြစ်စဉ်(၂)ခုရှိခဲ့ပြီး တရားခံအမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား(၉၁)ပြား၊ မင်းပြားမြို့ ဥက္ကာပုံရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၇)ပြား၊ မောင်တောမြို့နယ်အတွင်း သတင်းအရ စိစစ်ဖော်ထုတ်ရာ မောင်နီ(အောက်)ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးအား စိတ်ကြွဆေးပြား(၁၂၉)ပြား၊ မြို့မကညင်တန်းအုပ်စု၊ ဆီတိုလကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈)ပြား၊ နှစ်နိုင်ငံ နယ်စပ် နတ်မြစ်အတွင်း လှည့်ကင်းဆောင်ရွက်စဉ် ဦးစောလှကျွန်း မြောက်ဘက်အနီး၌ တစ်ဖက်နိုင်ငံသို့ လှော်ခတ်နေသည့် လောင်းလှေ(၁)စီးပေါ်မှ တရားခံအမျိုးသား(၃) ဦးအား စိတ်ကြွဆေးပြား(၁၁၇၀၀၀)ပြား၊ လှေ(၁)စီးအား လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်၊ နန်မုံကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၅၀)ပြား၊ ဘိန်းဖြူ (၂၇၂)ဂရမ်၊ ဗန်းမောက်မြို့နယ်၊ နန်းဇာကျေးရွာ မြောက်ဘက် (၂)မိုင်ခန့်အကွာရှိ ကန်ပေါက်တာတောထဲ၌ တရားခံအမျိုးသား (၂)ဦးထံမှ ဘိန်းစိမ်း (၈၁၆၇) ဂရမ်၊ မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ မိုင်းလုံ- မိုးကုတ်သွားကားလမ်း၌ ဆိုင်ကယ်(၂)စီးအား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ညောင်ကုန်းကျေးရွာအနီး၌ တရားခံ အမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၀၁၀၈.၅)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ မိုင်းလုံ-မိုးကုတ်သွားကားလမ်း၊ လယ်ကြီးရွာအဝင်အနီး၌ ALPHARD ယာဉ်(၁)စီးသည် မောင်းသူမရှိဘဲ အချိန်ကြာရှည်စွာ ရပ်တန့်ထားရှိသဖြင့် စစ်ဆေးရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား(၃၀၀၀၀၀)ပြား၊ ဘိန်းဖြူ(၂၀၁၂.၅)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင်စစ်ဆေးရေးဂိတ်၌ ရှမ်းပြည်နယ်၊ ပန်ဆန်းမှ မောင်းနှင်လာသည့် Mitsubishi Pick Up ယာဉ်အား စစ်ဆေးရာ ယာဉ်မောင်းတရားခံ အမျိုးသား (၁)ဦးနှင့်အတူ ICE(၃၀၀၀၀)ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ စိစစ်ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများအား ရန်ကုန်သို့ ပို့ဆောင်ရမည်ဟု သိရှိရသဖြင့် မူးယစ်အထူးတပ်ဖွဲ့ဝင်များနှင့်အတူ ယာဉ်အား ရန်ကုန်သို့ ဆက်လက်မောင်းနှင် ယူဆောင်ခဲ့ပြီး ရန်ကုန် ရောက်ချိန် ပေးထားသည့် ဖုန်းနံပါတ်သို့ ဆက်သွယ်ချိန်းဆိုရာ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ သစ္စာလမ်းမပေါ်တွင် ချိန်းဆို၍ Suzuki Ertiga Saloon မော်တော်ယာဉ်ဖြင့် ပစ္စည်းလွှဲပြောင်းရယူမည့် တရားခံ အမျိုးသား (၁)ဦး အား မော်တော်ယာဉ်(၁)စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဆက်လက်ကွင်းဆက်ဖော်ထုတ်ချက်အရ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်းပေါ်တွင် ထပ်မံလွှဲပြောင်းလက်ခံမည့် တရားခံအမျိုးသား (၁)ဦးအား Mini Cooper Saloon ယာဉ်နှင့်အတူ Ecstasy (၂၁)ပြား၊ ICE (၀.၂)ဂရမ် ဖမ်းဆီးရမိခဲ့ကာ ၎င်းတို့နေအိမ်အား ဆက်လက်ရှာဖွေရာ Ecstasy (၂၀)ပြား၊ စိတ်ကြွဆေးပြား (၁၅၅၉၀)ပြားတို့အား ထပ်မံသိမ်းဆည်းရမိခဲ့၊ နိုင်ငံခြားသားများပါဝင်သော ဖမ်းဆီး ရမိမှုဖြစ်စဉ် (၂)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ မူဆယ်မြို့၌ တရားမဝင် ဝင်ရောက်လာသည့်တရုတ်နိုင်ငံသား အမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၃၀)ဂရမ်၊ ကရင်ပြည်နယ်၊ မြဝတီမြို့ အမှတ်(၁)ရပ်ကွက်၌ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသား အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၇)ပြားတို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခု သီတင်းပတ် (၁၄-၁၀-၂၀၁၈ ရက်နေ့မှ ၂၀-၁၀-၂၀၁၈ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း(၂၇၈)မှုတွင် တရားခံ ကျား(၃၉၁)ဦး၊ မ(၂၈)ဦး၊ ပေါင်း(၄၁၉) ဦးကို ဘိန်းဖြူ(၁၀၃၆၃၁.၁၂)ဂရမ်၊ ICE(၃၀၀၆၅.၂၃)ဂရမ်၊ ဘိန်း(၈၅၈.၀၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၂၁.၅) ဂရမ်၊ ဘိန်းစာမှုန့် (၁၈၁၇.၆၆)ဂရမ်၊ ဘိန်းစာရွက်(၄၄၀)ဂရမ်၊ စိတ်ကြွဆေးပြား(၅၉၃၁၅၉)ပြား၊ ဆေးခြောက်(၉၅၄၀.၃၄) ဂရမ်၊ ဘိန်းဆီခဲ (၃၁၀၄) ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၅.၂)ဂရမ်၊ CAFFINE (၁၅၀၀၀၀၀)ဂရမ်၊ SULPHURIC ACID (၁၄၂၂၀)လီတာ၊ HYDROCHLORIC ACID (၄၂၀)လီတာ၊ ACETONE (၂၅၆၀)လီတာ၊ ETHYL ETHER (၁၂၁၆)လီတာ၊ LIZOL (၁၆၈၀)လီတာ၊ Ecstasy ဆေးပြား(၄၁)ပြားတို့ကို ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

## မူးယစ်ဆေးတားဆီးကာကွယ်ရေး၊ လူကုန်ကူး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး ပညာပေးဟောပြော

အရာတော် အောက်တိုဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် မလဲသာကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း မလဲသာတွင် အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၁၂ နာရီခွဲက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲလွင်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး အောင်စိုးနိုင် ဦးစီးသည့် တပ်ဖွဲ့ဝင်များက မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာဆောင်ရွက်ရေးတို့ကို အသိပညာပေးဟောပြောခဲ့ပြီး ဟောပြောပွဲသို့ ကျောင်းအုပ်ဆရာကြီး ဦးသိန်းဦးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၄၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# နိုင်ငံတော်အတွင်း တရားမဝင်ရောက်ရှိနေသည့် မှတ်ပုံတင်မဲ့ သုံးဘီးမော်တော်ဆိုင်ကယ်နှင့် လျှပ်စစ်သုံးဘီးဆိုင်ကယ်များအား အခွန်ပေးဆောင်စေလျက် One Stop Service စီမံချက်ဖြင့် မှတ်ပုံတင်ဆောင်ရွက်ပေးမည်

**ယခင်က ၂၀၁၀၊ ၂၀၁၂၊ ၂၀၁၄ ခုနှစ်များတွင် နိုင်ငံတော်အတွင်းရှိ မှတ်ပုံတင်မဲ့ သုံးဘီးမော်တော်ဆိုင်ကယ်များကို One Stop Service စီမံချက်ပြုလုပ်ပြီး မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ပါသည်။**

- ယခုအခါ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင် မှတ်ပုံတင်မဲ့ သုံးဘီးမော်တော်ဆိုင်ကယ်၊ လျှပ်စစ်သုံးဘီး ဆိုင်ကယ်များကို စီးနင်းအသုံးပြုနေကြကြောင်း စိစစ်တွေ့ရှိရပါသည်။ ထိုသို့ အသုံးပြုနေခြင်းသည် တရားဥပဒေနှင့် ညီညွတ်မှုမရှိသည့်အပြင် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသောကြောင့် ယာဉ်တိုက်မှုနှင့် ရာဇဝတ်မှုခင်းဖြစ်စဉ်များ၌ စိစစ်ဖော်ထုတ်ရန်ခက်ခဲခြင်း၊ Road Safety နှင့်ပတ်သက်၍ စနစ်တကျကြီးကြပ်ရန် ခက်ခဲခြင်းတို့ကြောင့် ယင်းတို့ကို မှတ်ပုံတင်ဆောင်ရွက်ပေးရန် လိုအပ်လာပါသည်။ သို့ပါ၍ မှတ်ပုံတင်မဲ့သုံးဘီးမော်တော်ဆိုင်ကယ်နှင့် လျှပ်စစ်သုံးဘီးမော်တော်ဆိုင်ကယ်များအား OSS စီမံချက်ဖြင့် မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။
- စီမံချက်ကာလ ၁.၁၁.၂၀၁၈ ရက်မှ ၂၃.၁၁.၂၀၁၈ ရက်အထိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးစိုက်ရာ (၄၉)ရုံးတွင် ဆောင်ရွက်ပေးပါမည်။ ရုံးပိတ်ရက် စနေနေ့တွင် Mobile Team အဖွဲ့များနှင့် အချက်အချာကျသော မြို့ ၃၉ မြို့တွင် နယ်လှည့်ဆောင်ရွက်ပေးပါမည်။
- မှတ်ပုံတင်ဆောင်ရွက်ရာတွင် အကောက်ခွန်နှုန်းထားများ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှကောက်ခံမည့် မှတ်ပုံတင်နှုန်းထားများ၊ မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာ့စီးပွားရေးဘဏ်တို့တွင် ပေးသွင်းရမည့် နှုန်းထားများအား မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်သည့် နေရာတွင် အသိပေးကြေညာဆောင်ရွက်ပေးထားမည်ဖြစ်ပါသည်။
- မှတ်ပုံတင်လုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
- စီမံချက်တွင် Model Year ခုနှစ်ပုံစံ ၂၀၀၈ ခုနှစ်နှင့် အထက်ကိုသာ ဆောင်ရွက်ပေးပါမည်။ အိုမင်းဟောင်းနွမ်း၍ (Road Safety) မဖြစ်သော သုံးဘီးမော်တော်ဆိုင်ကယ်များ၊ လူစီးသုံးဘီးမော်တော်ယာဉ်များ၊ ဒေသအစီအစဉ်ဖြင့် တပ်ဆင်ထားသော ဆိုင်ကယ်ဘေးတွဲများ၊ တောတွင်းနှင့်ကမ်းစပ်တွင် အသုံးပြုသော လေးဘီးပါ မော်တော်ဆိုင်ကယ်များ၊ မှတ်ပုံတင်ထားပြီးသက်တမ်းငါးနှစ်ကျော် နှစ်ပြတ်နေသော သုံးဘီးမော်တော်ဆိုင်ကယ်များအား မှတ်ပုံတင်ဆောင်ရွက်ပေးမည် မဟုတ်ပါ။
- နောင်တွင် မှတ်ပုံတင်မဲ့ယာဉ်များကိုအသုံးပြုပါက ယခုကဲ့သို့ OSS စနစ်ဖြင့် မှတ်ပုံတင်ပေးတော့မည် မဟုတ်ဘဲ ဥပဒေအရ ယာဉ်ကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်း၍ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# မရမ်းကုန်းမြို့နယ်၌ ရေကြီးရေလျှံမှုကြောင့် မိသားစုအချို့ ဘေးလွတ်ရာသို့ ရွှေ့ပြောင်း၊ ကျောင်းသားကျောင်းသူအချို့ စာမေးပွဲဖြေဆိုရန်အခက်ကြုံ



ရန်ကုန် အောက်တိုဘာ ၂၂

**ရန်ကုန်တိုင်းဒေသကြီးအတွင်း အောက်တိုဘာ ၂၁ ရက် ည ၈ နာရီ ခွဲခန့်ကစ၍ အောက်တိုဘာ ၂၂ ရက် နံနက် ၇ နာရီအထိ လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မရမ်းကုန်းမြို့နယ်တွင် နေရာအနှံ့ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။**

ထိုသို့ မိုးရွာသွန်းမှုကြောင့် သမိုင်းလမ်းဆုံ၏ ရှေ့နောက်ဝဲယာ ကားလမ်းမပေါ် ရေကျော်နေခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ကာ ပထမအစမ်းစာမေးပွဲဖြေဆိုမည့် အထက်တန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူများ အခက်အခဲများစွာ ကြုံတွေ့ကြရကြောင်း ကျောင်းသားမိဘတစ်ဦးက ပြောသည်။

မရမ်းကုန်းမြို့နယ် ရန်ကုန်-အင်းစိန်လမ်းမကြီး၊ ကျိုက်ဝိုင်းဘုရားလမ်း၊ သမိုင်း ဘူတာရုံလမ်းဆုံရာ သမိုင်းလမ်းဆုံ မီးပွိုင့်လမ်းမပေါ် ရေကြီးရေလျှံမှုကြောင့် ဈေးဆိုင်ခန်းများ ပိတ်သိမ်းထားရသည်။ အိမ်စီးကား၊ လိုင်းကားများက ကျောင်းချိန် အလုပ်ချိန်အမီ အလျင်စလို ဖြတ်သန်းမောင်းနှင်ကြသော်လည်း မော်တော်ယာဉ်များ စက်ချွတ်ယွင်း၍ ရပ်တန့်နေရသောကြောင့် ယာဉ်လမ်းကြောင်း ပိတ်ဆို့မှုဖြစ်ခဲ့သည်။

ထို့အပြင် မရမ်းကုန်းမြို့နယ် အမှတ် (၅)ရပ်ကွက် ကျောက်ရေတွင်း စမ်းချောင်းလမ်းအတွင်းတွင်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြောင်းရေများ လျှံတက်လာကာ ယနေ့ နံနက် ၆နာရီခွဲက လူနေအိမ်များအတွင်း ရေဝင်သဖြင့် ဒေသခံသက်ကြီးရွယ်အို၊ ကလေး သူငယ်များကို ရွှေ့ပြောင်းပေးခဲ့ရကြောင်း ရွှေရောင်သမိုင်းအရေးပေါ် ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူပြု ဖွံ့ဖြိုးရေးအသင်း(ERSSDO) ဥက္ကဋ္ဌ ဦးဇွဲရန်နိုင်ထံမှ သိရသည်။

အဆိုပါရေကြီးရေလျှံမှု ဖြစ်ပေါ်နေသော နေရာများသို့ မရမ်းကုန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိုးမိုးစုကြည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လာရောက်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# သုဝဏ္ဏဝတီမြို့၌ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်

**သုဝဏ္ဏဝတီ အောက်တိုဘာ ၂၂**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး၌ အောက်တိုဘာ ၂၀ ရက် ညပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့ ပြိုလဲပျက်စီးမှုများ ရှိခဲ့သောကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကျေးရွာများတွင် စာရင်းကောက်ယူ၍ သထုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေများကို အောက်တိုဘာ ၂၂ ရက် နေ့လယ်ပိုင်းတွင် ကျေးရွာများသို့ လိုက်လံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပြိုကျပျက်စီးခဲ့သော ဝင်းပကျေးရွာ၊ ကတိုက်လေးကျေးရွာ၊ ခနေကတိုက်ကျေးရွာများရှိ လူနေအိမ် ကိုးလုံး၊ လူဦးရေ ၄၅ ဦးအတွက် ဆန်ရိက္ခာဖိုးငွေ ၉၄၅၀၀၊ အိမ်ဆောက်ပစ္စည်းများ ဝယ်ယူရန်အတွက် ငွေကျပ် ၁၁ သိန်း၊ စုစုပေါင်း ငွေကျပ် ၁၂ သိန်းခန့်ကို သုဝဏ္ဏဝတီမြို့ အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်ဝင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက လေဘေးဒဏ်ခံရသော ပြည်သူများ လက်ဝယ်အရောက် လိုက်လံထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် သုဝဏ္ဏဝတီမြို့အနီး ပတ်ဝန်းကျင်ကျေးရွာများမှ ရော်ဘာပင်တချို့အပြင် ဥယျာဉ်ခြံများအတွင်းရှိ ဒူးရင်းပင်၊ မင်းကွတ်ပင်အစရှိသည့် နှစ်ရှည်သီးပင်စားပင်များ ကျိုးကျပျက်စီးမှုများရှိခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

**ခွန်(ဝင်းပ)**



# ကျိုက်ထိုမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**ကျိုက်ထို အောက်တိုဘာ ၂၂**

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ကျိုက်ထိုမြို့နယ်အတွင်း အောက်တိုဘာ ၂၀ ရက်က မိုးသည်းထန်စွာရွာပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကဒိုင်ဒွတ်ကျေးရွာနှင့် ဖက္ကလိပ်ကျေးရွာများမှပျက်စီးခဲ့သည့် လူနေအိမ်များအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းပေးအပ်ပွဲကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက ကျိုက်ထိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ထောက်ပံ့ကြေးပေးအပ်ရာတွင် ကျိုက်ထိုမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်အင်ကြင်းချမ်းနှင့် တာဝန်ရှိသူများက တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ်တစ်လုံးအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၁ မျိုး၊ တစ်အိမ်ထောင်စာ ပြိုကျအိမ်နှစ်လုံးအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုး၊ နှစ်အိမ်ထောင်စာ အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၄၀၀၀၀၀ နှင့် လူဦးရေ ၁၂ ဦးအတွက် ဆန်ရိက္ခာဖိုး ခုနစ်ရက်စာ ငွေကျပ် ၂၅၂၀၀ စုစုပေါင်းထောက်ပံ့ငွေကျပ် ၄၂၅၂၀၀ တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၁၀-၂၀၁၈ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၁၀ ဥပဒေစကားဝိုင်း၏ ကော်လံ ၂ စတုတ္ထအပိုဒ် စာကြောင်းရေ ၄ ပါ နိုင်ငံတော်ကနေ လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့လည်း ဆုံးဖြတ်ရပါတယ် (အစား) **အမှုကနေ လွတ်ငြိမ်းချမ်းသာ ခွင့်ပေးဖို့လည်း ဆုံးဖြတ်ရပါတယ်**ဟု လည်းကောင်း၊ ၂၂-၁၀-၂၀၁၈ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၈ ဥပဒေစကားဝိုင်း၏ ကော်လံ ၄ ဒုတိယအပိုဒ် စာကြောင်းရေ ၄ ပါ ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆ (ဃ) အရ (အစား) **ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၈(က) အရ** ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

**(စာရေးသူ)**

# မုန်တိုင်းဖြစ်ပေါ်နိုင်မည့် အခြေအနေကြောင့် မြောင်းမြမြို့နယ် မီးသတ်တပ်ဖွဲ့ ကြိုတင်ပြင်ဆင်

**မြောင်းမြ အောက်တိုဘာ ၂၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက လေဖိအားနည်းရပ်ဝန်းကြောင့် မုန်တိုင်းဖြစ်ပေါ်နိုင်သည့် အခြေအနေ ထုတ်ပြန်ချက်အရ ယမန်နေ့ ည ၈ နာရီမှစ၍ မြောင်းမြမြို့နယ် မီးသတ်တပ်ဖွဲ့မှ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ ထားရှိခြင်း၊ နေ့ ည တာဝန်ချထားမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မုန်တိုင်းအန္တရာယ် သတိပေးနှိုးဆော်ချက်များကို မြောင်းမြမြို့ပေါ် ရပ်ကွက်များအတွင်း လှည့်လည်ကြေညာခြင်း၊ မြစ်၊ ချောင်း၊ ကမ်းအနီး နေထိုင်သူများ၊ ကမ်းနီး ကမ်းဝေးငါးဖမ်းထွက်သူများ မုန်တိုင်းတိုက်ခတ်ခြင်းနှင့် မိုးကြီးခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနေထိုင်ကြရန် လိုက်လံနှိုးဆော်ထားကြောင်းနှင့် မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း မြို့လယ်ရှိ နံရံကပ်ဆိုင်းဘုတ်တွင် မုန်တိုင်းအန္တရာယ် သတိပေးပိုစတာများ၊ မုန်တိုင်းအသိပေးစာစောင်များဖြင့် အသိပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၂**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

နေဖြူမြို့နယ်မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် မုန်တိုင်းအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် အသင့်စုဖွဲ့ထားရှိပြီး အောက်တိုဘာ ၂၁ ရက် ညပိုင်းမှစ၍ မိုးလေဝသ အခြေအနေ ထုတ်ပြန်ချက်များကို မြို့တွင်းသို့ လှည့်လည်အသိပေးကြေညာခြင်းများ ဆောင်ရွက်ကြစဉ်။

အောင်သူဟိဏ်း(နေဖြူ)



# မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်းဥပဒေကြမ်း

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

***ယမန်နေ့မှအဆက်***

၃၆။ ကော်ပိုရေးရှင်းသည် အခွန်အကောက်များနှင့် နိုင်ငံတော်သို့ အမြတ်ငွေခွဲဝေပေးသွင်းပြီးနောက် အောက်ပါရန်ပုံငွေများကို မိမိအသားတင်ပိုလျှံငွေထဲမှ လျာထားသတ်မှတ်၍ သီးခြားစီ ထူထောင်ထားရှိနိုင်သည် -

(က) ဆုကြေးရန်ပုံငွေ၊
(ခ) ဖွံ့ဖြိုးမှုရန်ပုံငွေ၊
(ဂ) တန်ဖိုးယုတ်လျော့မှုရန်ပုံငွေ၊
(ဃ) အိုနာစာရန်ပုံငွေ၊
(င) သက်သာချောင်ချိရေးရန်ပုံငွေ၊
(စ) အခြားလိုအပ်သောရန်ပုံငွေ။

၃၇။ ကော်ပိုရေးရှင်းသည် -

(က) ဝန်ကြီးဌာနက သတ်မှတ်ထားသည့်အတိုင်း သာမန်အသုံးစရိတ်အောက်တွင် ပုဒ်မ ၃၆၊ ပုဒ်မခွဲ(ဂ)အရ ထူထောင်သည့် တန်ဖိုးယုတ်လျော့မှုရန်ပုံငွေကို နှစ်စဉ်သီးခြား လျာထားသတ်မှတ်ထားရှိရမည်။
(ခ) ဝန်ထမ်းများ၏ စုဆောင်းငွေများနှင့် မိမိ၏အသားတင်ပိုလျှံငွေထဲမှ အချိုးကျထည့်ဝင်ငွေဖြင့် ဝန်ထမ်းများ အလုပ်မှအနားယူသည့်အခါ အထောက်အပံ့ပေးနိုင်ရန် ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ဃ) အရ ထူထောင်သည့် အိုနာစာရန်ပုံငွေဖြင့် စီမံဆောင်ရွက်နိုင်သည်။

၃၈။ ကော်ပိုရေးရှင်းသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် -

(က) နိုင်ငံတော်ပိုင်ဘဏ်မှ သက်သာသောအတိုးနှုန်းဖြင့် ချေးယူသုံးစွဲနိုင်သည်။
(ခ) လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ပြည်တွင်း ပြည်ပ ပုဂ္ဂလိကဘဏ်များ၊ အဖွဲ့အစည်းများထံမှ ငွေချေးယူပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။

၃၉။ ကော်ပိုရေးရှင်းသည် အောက်ပါစာရင်းများကို စီမံခန့်ခွဲရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့် အညီ တင်ပြရမည် -

(က) ဝန်ထမ်းအင်အားစာရင်း၊
(ခ) ငွေသားအခြေအနေ၊
(ဂ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းစာရင်း၊
(ဃ) ပိုင်ဆိုင်သည့်ပစ္စည်းစာရင်းနှင့် တန်ဖိုးစာရင်း၊
(င) အရှုံးအမြတ်စာရင်း၊
(စ) လက်ကျန်ရှင်းတမ်း။

၄၀။ ကော်ပိုရေးရှင်းသည် -

(က) ဌာနတွင်း ဘဏ္ဍာရေးကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်း၍ ဝင်ငွေထွက်ငွေနှင့် စပ်လျဉ်းပြီး စစ်ဆေးကြီးကြပ်စေရမည်။
(ခ) ဌာနတွင်းစာရင်းစစ်အဖွဲ့ဖွဲ့စည်း၍ ကော်ပိုရေးရှင်း၏ ဘဏ္ဍာရေးအရအသုံးစာရင်းများကို ပုံမှန်စစ်ဆေးမှုများ ပြုလုပ်စေရမည်။ ထို့ပြင် ဌာနတွင်းစာရင်းစစ်အဖွဲ့၏ စာရင်းစစ်ဆေးမှုအစီရင်ခံစာကို ပြင်ပမှစာရင်း စစ်ဆေးမှုမပြုလုပ်မီ ဌာနတွင်း ဘဏ္ဍာရေးကြီးကြပ်ရေးအဖွဲ့က စိစစ်ပြီး စီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြစေရမည်။
(ဂ) မိမိ၏နှစ်ချုပ်စာရင်းစစ် အစီရင်ခံစာကို စီမံခန့်ခွဲရေးအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ နှစ်စဉ်တင်ပြရမည်။

၄၁။ ကော်ပိုရေးရှင်းသည် မိမိ၏ဘဏ္ဍာငွေအရအသုံးစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သို့မဟုတ် မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသော စာရင်းစစ်အဖွဲ့ သို့မဟုတ် နိုင်ငံတကာ အသိအမှတ်ပြု စာရင်းစစ်အဖွဲ့၏ စစ်ဆေးမှုကို ခံယူရမည်။

၄၂။ ကော်ပိုရေးရှင်းသည် နိုင်ငံတော်က ရာခိုင်နှုန်းပြည့်ပိုင်ဆိုင်သဖြင့် မိမိလုပ်ငန်းမှ ရရှိလာသော အသားတင်အမြတ်ငွေအနက်မှ ပြည်ထောင်စုအစိုးရအဖွဲ့က နှစ်စဉ်သတ်မှတ်ပေးသည့် အမြတ်ဝေစုကိုလည်းကောင်း၊ တည်ဆဲဥပဒေအရ ကျသင့်သည့် အခွန်အခများကိုလည်းကောင်း နိုင်ငံတော်သို့ ပေးသွင်းရမည်။

**အခန်း (၁၁)**

**အထွေထွေ**

၄၃။ အမှုဆောင်အရာရှိချုပ်သည် ဤဥပဒေအရ ကော်ပိုရေးရှင်းက ဆောင်ရွက်သည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းအဝဝကို စီမံခန့်ခွဲရေးအဖွဲ့သို့ တာဝန်ခံ၍ ဆောင်ရွက်ရမည်။

၄၄။ စီမံခန့်ခွဲရေးအဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ကော်ပိုရေးရှင်း၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံပေးရမည်။

၄၅။ စီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့် ကော်ပိုရေးရှင်း၏ အရာထမ်း၊ အမှုထမ်းများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပေးအပ်သောတာဝန်ကို ဆောင်ရွက်နေသည့် အချိန်တွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၆။ ကော်ပိုရေးရှင်းကဖြစ်စေ၊ ကော်ပိုရေးရှင်းနှင့် ပူးပေါင်းဖွဲ့စည်းသည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ ရရန်ပိုင်ခွင့်နှင့် တရားဝင်ဆောင်ရွက်ပိုင်ခွင့်တို့အတွက် တရားမကြောင်းဖြင့် စွဲဆိုသောအမှုများသည် ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား၊ အပိုဒ် ၁၄၉ နှင့် သက်ဆိုင်စေရမည်။

၄၇။ ကော်ပိုရေးရှင်းပိုင် ငွေကြေးနှင့်ပစ္စည်းများသည် နိုင်ငံတော်ပိုင်ပစ္စည်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ဝန်ကြီးဌာနသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။
(ဂ) စီမံခန့်ခွဲရေးအဖွဲ့နှင့် ကော်ပိုရေးရှင်းတို့သည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

## ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ပဲခူးတိုင်းဒေသကြီး စစ်တောင်းမြစ် အရှေ့ခြမ်းနှင့် အနောက်ဘက်ခြမ်းရှိ လမ်းတံတား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ကျေးလက်လမ်းများ ကြည့်ရှုစစ်ဆေး






**နေပြည်တော် အောက်တိုဘာ ၂၂**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် အောက်တိုဘာ ၂၀ ရက်က ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့လမ်းဦးစီးဌာန ခရိုင်လက်ထောက် ညွှန်ကြားရေးမှူးရုံးသို့ ရောက်ရှိခဲ့ပြီး တောင်ငူမြို့ရှောင်လမ်း လျာထားမှုအခြေအနေ၊ တိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တောင်ငူ - မော်ချီး - ဒီးမော့ဆိုလမ်း (ပျားစခန်း-သံတောင်ကြီးအပိုင်း) လမ်းစခန်းရှင်းလင်းဆောင်တွင် ကရင်ပြည်နယ် လမ်းဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာက ပျားစခန်း - သံတောင်ကြီး ၁၃ မိုင်အထိ လမ်းအပိုင်းအား ၃၄ ပေအကျယ် မြေသားလုပ်ငန်းဆောင်ရွက်ခြင်း၊ လမ်းအရှည်သုံးမိုင် လေးဖာလုံကို ၁၈ ပေမှ ၂၄ ပေ အကျယ် ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူ - ကျောက်ကြီး - စစ်တောင်း- မုပ္ပလင် လမ်းပေါ်ရှိ ဒိုးသောင်တံတားကြံ့ခိုင်မှု အခြေအနေကိုလည်းကောင်း၊ ခပေါင်း-ထန်းတပင်- တပြေးလမ်းပေါ်ရှိ ထန်းတပင်တံတားကြံ့ခိုင်မှုတို့ကိုကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ်၊ ဘောကလိမြို့ သောက်ရေခပ်တံတား (ပလက်ဝ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် စီမံကိန်းတာဝန်ခံက တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ တံတားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးက တံတားနည်းပညာပိုင်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မူလ ပလက်ဝတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် တောင်ငူ - မော်ချီး - လွိုင်ကော် လမ်းပေါ်တွင် တည်ရှိပြီး ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်မှ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ခဲ့မှုကြောင့် ရေဝပ်ဧရိယာတွင် ပါဝင်သွားသည့်အတွက် ကုမ္ပဏီမှ သောက်ရေခပ်တံတား (ပလက်ဝ) တံတားအသစ်ကို တည်ဆောက်နေခြင်းဖြစ်ပြီး တံတားအရှည်ပေ ၈၀၀၊ ယာဉ်သွားလမ်းအကျယ်ပေ ၃၀၊ ယာဉ်နှစ်လမ်းသွားနှင့် တံတားအမျိုးအစားမှာ Prestressed Concrete Bridge ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Oriental Highway Co.,Ltd မှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး (ပျဉ်းမနား- ရေတာရှည်လမ်းအပိုင်း) လမ်းချဲ့ခြင်းနှင့် လမ်းပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေကိုလည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ရှေ့ပြေးစီမံချက်ဖြင့် အရှည်သုံးမိုင်လေးဖာလုံရှိ သာဝတ္တိ-စစ်တောင်းမြစ်ဆိပ် ကျေးလက်လမ်း ကတ္တရာခင်းပြီးမှုအခြေအနေကို လည်းကောင်း၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်ဖြစ်သော စစ်တောင်းမြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးရန် လိုအပ်မှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သာဝတ္တိ-စစ်တောင်းမြစ်ဆိပ် ကျေးလက်လမ်းအား ကတ္တရာလမ်း ဖောက်လုပ်ပြီးစီးခဲ့သဖြင့် ကျေးရွာအုပ်စုသုံးအုပ်စု၊ အကျိုးပြုကျေးရွာ ၁၁ ရွာ၊ အိမ်ခြေ ၂၁၉၃ အိမ်မှ ဒေသခံပြည်သူများ သွားလာရေး အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## လွှတ်တော်ကိုယ်စားလှယ်များ မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံ

**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေး အောင်မြေသာစံမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများ တွေ့ဆုံပွဲကို ယမန်နေ့က ပြည်ကြီး ရန်လုံရပ်ကွက် သစ်လွင်ဓမ္မာရုံ၌ ပြုလုပ်သည်။

အဆိုပါတွေ့ဆုံပွဲ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာလှမိုး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ကျော်ဦးတို့က လွှတ်တော်အစည်းအဝေး အတွေ့အကြုံနှင့် တင်ပြချက်များ၊ ဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းကိစ္စရပ်များ ရှင်းလင်းသည်။

ထို့နောက် တက်ရောက်လာသော မဲဆန္ဒရှင်ပြည်သူများက တွေ့ကြုံနေရသော အခက်အခဲများ၊ ဌာနဆိုင်ရာ ဆက်သွယ်ရာတွင် တွေ့ကြုံရသော အခက်အခဲများ တင်ပြကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းကိစ္စရပ်များကို ရှင်းပြရာ လွှတ်တော်ကိုယ်စားလှယ်များက မဲဆန္ဒရှင်များ တင်ပြချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အနောက်ခြမ်း ရပ်ကွက် ၁၀ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**ထွဏ်းလှအောင်(မန္တလေး)**

---

## သက်ငယ်မုဒိမ်းမှုများပပျောက်ရေး အသိပညာပေး

**အရာတော် အောက်တိုဘာ ၂၂**

အရာတော်မြို့နယ် အခြေခံပညာဦးစီးဌာနနှင့် အနာဂတ်အလင်းရောင်ပရဟိတအဖွဲ့ (မုံရွာ)တို့ ပူးပေါင်းပြီး သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်က အရာတော်မြို့နယ် မင်းကျေးရွာနှင့် မကျည်းကန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတို့၌ ကျင်းပခဲ့ကြောင်း သိရသည်။

အမျိုးသမီးများနှင့်ကလေးငယ်များ၏ အခွင့်အရေးများကို မြှင့်တင်ရန်၊ အမျိုးသမီးငယ်များ မုဒိမ်းမှုနှင့် အကြမ်းဖက်မှုများမှ ကာကွယ်တားဆီးနိုင်ရန်အတွက် အသိပညာပေးဟောပြောပွဲများ ကျင်းပရခြင်းဖြစ်ပြီး အမျိုးသမီးငယ်များ၊ ကလေးငယ်များ အများဆုံး ကြုံတွေ့နိုင်သည့် အခြေခံပညာကျောင်းများ၌ ကလေးငယ်အကြမ်းဖက်ခံရမှုများနှင့် သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရန် ရှောင်ရှားနိုင်မည့်နည်းလမ်းများ အသိပညာဗဟုသုတများရရှိစေရန် မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းရှိသော ကျေးရွာခုနစ်ရွာတွင် ဟောပြောပွဲလုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း ဒေါ်သန္တာသွယ်က ပြောသည်။

သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး ဟောပြောပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝဏ္ဏ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိုက်ထွန်းနှင့်ကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# “အမုန်းတွေ ခေါက်ထားလိုက်” ရုပ်ရှင်ဇာတ်ကား နိုဝင်ဘာ ၉ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

ရန်ကုန် အောက်တိုဘာ ၂၂

**“မိုး” ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ သားညီ ရိုက်ကူးထားသည့် “အမုန်းတွေ ခေါက်ထားလိုက်” ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြို မိတ်ဆက်ပွဲကို အောက်တိုဘာ ၂၁ ရက် ညနေ ၅ နာရီခွဲက ရန်ကုန်မြို့ Junction City ရှိ JCGV ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး နိုဝင်ဘာ ၉ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့် ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်သည်။**



သားညီ



နေတိုး


တက္ကသိုလ်ဝွမ်းပုံ



မိုးဟေကို

ဒါရိုက်တာ သားညီ က “ဝတ္ထုထဲက အတိုင်းတော့ မဟုတ်ပါဘူး။ တချို့အခန်းလေးတွေကိုဖြုတ်ပြီး ပိုကောင်းအောင် ရိုက်ထားပါတယ်။ ယောကျ်ားဘက်က ပါလာတဲ့ သားရယ်၊ မိန်းမဘက်က ပါလာတဲ့ ညီမရယ် တစ်အိမ်တည်းမှာ အတူတူနေကြတယ်။ မတည့်ကြဘူး။ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် ပညာပေးကြတဲ့ ပေါ့ပေါ့ပါးပါး ဖျော်ဖြေရေးကားလေးပါ” ဟု ပြောသည်။

အဆိုပါ ဇာတ်ကားတွင် နေတိုး၊ ရဲအောင်၊ မိုးဟေကို၊ မြတ်ကေသီအောင်၊ ကျော်ကျော်၊ ရဲလေး၊ သီဟဖြိုး၊ တက္ကသိုလ်ဝွမ်းပုံ၊ သဥ္ဇာမြင့်မိုရ်၊ ချစ်ကြေးမုံ၊ နှိုင်းယှဥ်မြင့်မိုရ်၊ ချက်ကြီး၊ ဖိုးသဲ၊ သူဇာပွင့်၊ ညီဂျော်၊ အေးအေးအောင်၊ ဒေါင်းဝေ၊ ကိုဖြိုး၊ ဒီရဲဂျာနှင့် အခြားသော အနုပညာရှင်များစွာ ပါဝင်ထားသည့် အချစ်ဟာသရုပ်ရှင်ဇာတ်ကားကြီး ဖြစ်သည်။

သရုပ်ဆောင် နေတိုးက “တစ်ယောက်နဲ့ တစ်ယောက် စရင်းနောက်ရင်းကနေ ဖြစ်ပေါ်လာတဲ့ ဆိုးကျိုးတွေ၊ ဖြစ်ပေါ်လာတဲ့အချစ်တွေကို တင်ပြထားတဲ့ ဇာတ်ကားလေးပါ။ သရုပ်ဆောင်မှုအပိုင်းမှာ လူငယ်ပုံစံသရုပ်ဆောင်မှုကို ဦးစားပေးထားပါတယ်။ နေရာတစ်နေရာတည်းမှာဦးတည်ပြီး ရိုက်ရတဲ့ဇာတ်လမ်းဖြစ်တဲ့အတွက် အတတ်နိုင်ဆုံး ပရိသတ်ကို တစ်ကားလုံးဆွဲခေါ်နိုင်ဖို့ တင်ဆက်မှုနဲ့ ချိတ်ဆက်မှုအပိုင်းတွေကို ဦးစားပေးပြီး ဒါရိုက်တာနဲ့ ညှိနှိုင်းရိုက်ကူးခဲ့ပါတယ်။ ဒီကားထဲမှာပါဝင်တဲ့ ဇာတ်ဝင်ခန်းတော်တော်များများကို သုံးကြိမ်ထက်မနည်း ဇာတ်တိုက်လေ့ကျင့်မှုတွေ လုပ်ပြီးမှ ရိုက်ခဲ့ရပါတယ်။ အချိန်ယူပြီး ရိုက်ကူးထားတာပါ” ဟု ပြောသည်။

သရုပ်ဆောင် တက္ကသိုလ်ဝွမ်းပုံက “ဒီကားထဲမှာ လူငယ်ပုံစံမျိုးထဲက အသက်နည်းနည်းကြီးတဲ့ မိန်းမတစ်ဦး ပုံစံမျိုး မျက်မှန်လေးနဲ့ သရုပ်ဆောင်ထားတယ်။ ဟာသပိုင်းမှာဆိုရင်လည်း ဦးဆောင်ပြီးလုပ်တဲ့ သဘောမျိုးပါ။ ဇာတ်ကားလေးရဲ့ နာမည်အတိုင်းပဲ တစ်ဦးနဲ့တစ်ဦး ချစ်ခြင်းမေတ္တာတွေ မလာခင်မှာ အမုန်းတွေ အရင်လာကြတယ်။ တစ်ဦးနဲ့တစ်ဦး ရန်ဘက်တွေပေါ့။ နောက်ဆုံးမှာ အမုန်းတွေရပ်သွားပြီး အချစ်တွေရသွားတယ်ဆိုတဲ့ ပုံစံမျိုးလေးပါ။ ပရိသတ်တွေအတွက် ရယ်မောပျော်ရွှင်ပြီး အပန်းတွေပြေလိမ့်မယ်လို့ မျှော်လင့်ပါတယ်” ဟု ပြောသည်။

အဆိုပါဇာတ်ကားတွင် ဇာတ်တိုက်လေ့ကျင့်မှုများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင် အချိန်ပေးပြီး ရိုက်ကူးခဲ့ရသော ဇာတ်ကားဖြစ်ကြောင်း၊ ဟာသဇာတ်ကားဖြစ်သည့်အတွက် တစ်ဦးနှင့်တစ်ဦး အပေးအယူမျှတအောင် ကြိုးစားထားသည်ဟု သရုပ်ဆောင် မိုးဟေကို က ပြောသည်။

သရုပ်ဆောင် ကျော်ကျော် က “ဝီရ ဆိုတဲ့ ဇာတ်ကောင်အနေနဲ့ ပါဝင်ထားပါတယ်။ မမိုးဟေကိုနဲ့ သူငယ်ချင်း။ ကျွန်တော်က မမိုးကို တစ်ဖက်သတ် ကြိုက်နေရတဲ့သူအနေနဲ့ သရုပ်ဆောင်ထားပါတယ်။ ကျွန်တော့်အတွက် မမိုးဟေကိုနဲ့ အတူရိုက်တဲ့ တတိယမြောက် ဇာတ်ကားပါ။ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်က ရန်ကုန်မှာပဲ ရိုက်ကူးထားတာပါ။ ကိုနေတိုးရဲ့ အရင်တုန်းက ပုံစံမျိုးလေးတွေ တွေ့မြင်ရမယ့် အချစ်ဟာသ ဇာတ်ကားလေးပါ” ဟုပြောသည်။

မျက်နှာချင်းဆိုင်လို့ မရအောင် မတည့်ကြသူနှစ်ဦး တစ်အိမ်တည်း၌ အတူနေကြရာတွင် အမုန်းတရားကို အခြေခံပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပညာပြပုံများ၊ အနေနီးစပ်ရာမှ အမုန်းမှ အချစ်သို့ ပြောင်းလဲသွားပုံတို့ကို အခြေခံပြီး ချစ်သူဘဝ ပျော်ရွှင်ဖွယ်ရာသများကို ဖော်ကျူးထားသည့် အချစ်ဟာသ ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

## မြန်မာ့ရုပ်မြင်သံကြား

၂၃-၁၀-၂၀၁၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - “နွဲစို့တူပျော် မီးမြင့်မိုရ် ပွဲတော်”
- ၈း၃၅ - ဥပဒေရေးရာအဖြာဖြာ “အပျော် အပျက်”
- ၉း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၀ - “ရဟန္တာမြတ်တစ်ပါးပေါ်ထွန်းခဲ့ရာ ညောင်လွန့်တောရ သာသနာ့မြေမဟာ”
- ၁၁း၁၅ - “အရောက်လှမ်းခဲ့နော် ကျောက်ဆည်ဆင်ပွဲတော်”
- ၁၁း၂၅ - “ရွေးကောက်ပွဲကုန်ကျစရိတ် တင်သွင်းခြင်းနှင့်ဥပဒေ”
- ၁၂း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ”(အပိုင်း-၅၃)
- ၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ “မင်္ဂလာပါချောင်အန်း” (အပိုင်း-၁၇)
- ၁၄း၁၅ - Yes or No Talk Show
- ၁၅း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ “အကယ်၍သာ”(အပိုင်း-၃၁) (ဇာတ်သိမ်းပိုင်း)

**ညပိုင်း**

- ၁၆း၄၅ - “ကောင်းကျိုးဝေဖြာ သီတင်းကျွတ်ချိန်ခါ”
- ၁၇း၂၅ - မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာ စကားဝိုင်း
- ၁၈း၂၅ - ကြယ်ပွင့်များရဲ့ရှင်ခုန်သံ (သရုပ်ဆောင်- အေးမြတ်သူ)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ”(အပိုင်း-၅၄)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ၊
- ၂၀း၃၅ - “၂၀၁၈ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ ဟောပြောချက်” “လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ”
- အနုပညာခန်းရိပ်သာ “စန္ဒရားပညာရှင် ဦးစိန်သောင်းနှင့်တွေ့ဆုံခန်း”

## ဘူးသီးတောင်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၆၀၀၀ နှင့် စီးကရက်စက္ကူပုံးကြီး ၂၀ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**

ဘူးသီးတောင်မြို့ ရွာမကျေးရွာလမ်းဘေးတွင် မီးသွေးအိတ်များတင်ဆောင်၍ရပ်တန့်ထားသော မူဟာမတ်ဟာရော မောင်းနှင်သည့် KYN 6A/------ ဟိုင်းလပ်ယာဉ်ကို အောက်တိုဘာ ၂၁ ရက်က သတင်းအရ ရဲတပ်ဖွဲ့ဝင်များ စစ်ဆေးရာ မီးသွေးအိတ် ၅၅ အိတ်အတွင်းမှ WY စိတ်ကြွရူးသွပ်ဆေးပြား ၁၉၁၁၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရ ပစ္စည်းပိုင်ရှင် မာမတ်အီစွလာမ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်ရှိ မီးသွေးအိတ် ၁၃ အိတ်အတွင်းမှ WY စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀၀၀ နှင့် ငွေကျပ်သုံးသိန်းတို့ကို ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း WY စိတ်ကြွရူးသွပ်ဆေးပြား ၂၈၆၀၀၀ (တစ်ပြားလျှင် ၂၀၀၀ နှုန်းဖြင့် တန်ဖိုးငွေကျပ်သိန်း ၅၇၇၂၀) တို့ကို ဖမ်းဆီးရမိခဲ့၍ မူဟာမတ်ဟာရောပါ နှစ်ဦးကို ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားရှိကြောင်း သိရသည်။

ထို့အတူ အောက်တိုဘာ ၂၀ ရက်က မောင်တောမြို့နယ် တမန်းသား ရဲကင်းစခန်းနယ်မြေအတွင်း ရဲတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်နေစဉ် သက်ကိုင်ညာကျေးရွာမှ တမန်းသားကျေးရွာသို့ ပြူးမချောင်းရိုးအတိုင်း အထုပ်အပိုးများ သယ်ဆောင်လာသော အမျိုးသား ၁၀ ဦး (စိစစ်ဆဲ)ကို တွေ့ရှိ၍ ရပ်တန့်ရန် ပြောဆိုရာ ရပ်တန့်ခြင်းမရှိသောကြောင့် BA-63 သေနတ်ဖြင့် နှစ်ချက် သတိပေးပစ်ခတ်စဉ် အထုပ်အပိုးများကို ပစ်ချ ထွက်ပြေးသွားသဖြင့် စစ်ဆေးရာတစ်ဖက်နိုင်ငံသို့ တရားမဝင်လမ်းကြောင်းမှ ပို့ဆောင်မည့် Marble တံဆိပ်ပါ စီးကရက် စက္ကူပုံးကြီး ၁၈ ပုံး၊ Man San တံဆိပ်ပါ စီးကရက်စက္ကူပုံးကြီး နှစ်ပုံး စုစုပေါင်း တန်ဖိုးငွေကျပ် ၂၃၆၀၀၀၀ ခန့်ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့၍ အောက်တိုဘာ ၂၃ ရက် နံနက် ၈ နာရီတွင် အောင်ဇူနယ်မြေရဲစခန်းက အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**မာမတ်အီစွလာမ်နှင့် မူဟာမတ်ဟာရောတို့နှစ်ဦးအား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

**ရဲပြန်ကြား**

## ရေပူစစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ပစ္စည်းများ စစ်ဆေးတွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈ ဒသမ ၅၂၃ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၃၃၆ သန်း၊ စုစုပေါင်း တားဆီးမှုရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၈၅၉ သန်းကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၂၁ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မူဆယ်မြို့သို့ သွားရောက်မည့် AD Van ယာဉ်နှစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်များပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ/ခွဲသား ၀ ဒသမ ၃၅၁ တန်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်နှစ်စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၀၅၃ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၂၀ ရက် က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မန္တလေးမြို့သို့ သွားရောက်မည့်ခရီးသည်တင်ယာဉ် တစ်စီးနှင့် Ipsum ယာဉ်တစ်စီးတို့အား စစ်ဆေးခဲ့ရာ ယာဉ်များပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Barcelet တစ်ဖာ၊ အမျိုးသမီးဝတ်ဂျင်းဘောင်းဘီ အထည် ၅၉၀ နှင့် လက်အိတ် ၂၂ ထုပ် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၂၇၅ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒက္ခိဏသီရိမြို့နယ်၌ လိုင်စင်မဲ့ယာဉ်နှစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အမြန်လမ်းယာဉ်ရပ်နား စခန်းအနီး၌ လိုင်စင်မဲ့ယာဉ်နှစ်စီး ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ် (၁) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ ဒုရဲအုပ် သက်နောင်ကျော်သည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့်အတူ ဒက္ခိဏသီရိမြို့နယ်အမြန်လမ်းယာဉ်ရပ်နားစခန်းအနီး စောင့်ဆိုင်းနေစဉ် ကားပါကင်အတွင်းသို့ ဝါးတောရပ်ကွက် မြဝတီမြို့နေသူ ယာဉ်မောင်းကိုစောထွန်း (၄၂နှစ်) မောင်းနှင်လာသော ယာဉ်အမှတ် MDY /--- တိုယိုတာနော့ယာဉ်နှင့် ယာဉ်မောင်း ကိုပြည့်ဖြိုးအောင် မောင်းနှင်လာသော YGN/3G ---- ဟွန်ဒါယာဉ်တို့ကို စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းတို့နှစ်ဦးကို ပလွေးအမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း၊ ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## ဘားအံမြို့နယ်၌ ပြစ်မှုကျူးလွန်၍ ထွက်ပြေးနေသူ နှစ်ဦးဖမ်းဆီးရမိ

**ဘားအံ အောက်တိုဘာ ၂၂**

ဘားအံခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ဒုရဲအုပ် ပုလဲမြ ဦးစီးအဖွဲ့နှင့် ဘားအံမြို့မရဲစခန်း ရဲတပ်ဖွဲ့ဝင်များပူးပေါင်းအဖွဲ့သည် အောက်တိုဘာ၂၂ ရက် မွန်းလွဲ ၁ နာရီခန့်က ဘားအံမြို့မရဲစခန်း၌ ဖွင့်လှစ်ထားသော အမှုမှ ထွက်ပြေးနေသူ ချစ်လှိုင်(ခ) စိန်ကုလား(၅၀နှစ်)ကို ဆီစက်လမ်းကြား အမှတ်(၄)ရပ်ကွက် ဘားအံမြို့ရှိ ၎င်း၏ နေအိမ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အလားတူ အောက်တိုဘာ ၂၁ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ က ပူးပေါင်းအဖွဲ့များဖြင့် ဘားအံမြို့နယ် ခလောက်နိုင်းကျေးရွာတွင် ထုံးအိုင်နယ်မြေရဲစခန်းမှ မူးယစ်ဆေးဝါးအမှုဖြင့် အလိုရှိနေသည့် ဒေါ်သိန်းညွန့်(ခ)နော်အီတူး(၄၇ နှစ်)ကို ၎င်း၏ နေအိမ် အတွင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား သက်ဆိုင်ရာနယ်မြေရဲစခန်းများက ဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် အသိပေးတင်ပြချက်

အစိုးရဌာနအဖွဲ့အစည်းများရဲ့
တည်ဆောက်ခြင်း၊
ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊
ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ
ပြုလုပ်လိုတဲ့အခါ တင်ဒါခေါ်ယူလေ့ရှိပါတယ်။

တင်ဒါခေါ်ယူတဲ့အခါ
အရေးတကြီးသိထားသင့်တဲ့
ဒီအချက်တွေကို
သင်သိပြီးပြီလား ?




နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားချက်အမှတ်
၁/၂၀၁၇ ဖြင့်
တင်ဒါလုပ်ထုံးလုပ်နည်းများကို
အခုလိုထုတ်ပြန်ထားပါတယ်။

နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေများ
လေလွင့်ဆုံးရှုံးမှုမရှိစေရန်။




- အဂတိလိုက်စားမှုများ မရှိစေရန်။
  - တင်ဒါကို တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ရယူခြင်း၊ ဈေးကစားခြင်းများ မဖြစ်စေဘဲ




မှန်ကန်မျှတသော ယှဉ်ပြိုင်မှုဖြစ်စေရန်

- ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်။




- နိုင်ငံတော်နှင့်ပြည်သူများအတွက် ထိရောက်အကျိုးရှိသည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဖြစ်စေရန်တို့ပဲ ဖြစ်ပါတယ်။




တင်ဒါခေါ်ယူတဲ့အခါ ကော်မတီများကိုလည်း
စနစ်တကျဖွဲ့စည်းရပါမယ်။

- တင်ဒါကော်မတီ
- ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ
- တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
- အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ

စသည်ဖြင့် သတ်မှတ်ချက်နှင့်အညီဖွဲ့စည်းပြီး
တာဝန်များကို ခွဲဝေဆောင်ရွက်ရပါမယ်။




တင်ဒါလုပ်ငန်းစဉ်များ
ဆောင်ရွက်ရာတွင်လည်း

- ရန်ပုံငွေခွင့်ပြုချက် ရှိ၊ မရှိ စိစစ်ခြင်း
- ဝယ်ယူရေးအစီအစဉ်ရေးဆွဲတင်ပြ အတည်ပြုချက်ရယူခြင်း
- စာချုပ်ဆိုင်ရာ စာရွက်စာတမ်းများအပါအဝင် တင်ဒါစာရွက်စာတမ်းများ ပြုစုခြင်း
- တင်ဒါဖိတ်ခေါ်ခြင်းနှင့် ကြေညာခြင်း
- တင်ဒါများကို အကဲဖြတ်ခြင်း၊ သုံးသပ်ခြင်းနှင့် ကန်ထရိုက်အပ်နှင်းရန် အကြံပြုချက်များ ပါဝင်သည့်အစီရင်ခံစာများ တင်ပြခြင်း
- တင်ဒါအောင်မြင်သူများအား ထုတ်ပြန်ကြေညာခြင်း
- စာချုပ်ပြင်ဆင်ခြင်းနှင့် ချုပ်ဆိုခြင်း
- စာချုပ်ငွေ ပေးချေခြင်းအပါအဝင် စာချုပ်ကို စီမံခန့်ခွဲခြင်း စသည့် တင်ဒါလုပ်ငန်းစဉ်များကို စနစ်တကျ လုပ်ကိုင်ရပါမယ်။




တင်ဒါလုပ်ငန်းစဉ်တွင်ပါဝင်သည့်
တင်ဒါအောင်မြင်သူများအား
ထုတ်ပြန်ကြေညာခြင်းလုပ်ငန်းတွင်

တင်ဒါစာရွက်စာတမ်း၌ ဖော်ပြပါရှိသည့်
နည်းလမ်း၊ နေရာနှင့် အချိန်အတိုင်း
တင်ဒါတင်သွင်းသူများရှေ့တွင် ဖွင့်ဖောက်ရပါမည်။




စံချိန်စံညွှန်းသတ်မှတ်ချက်နှင့်အညီ
စိစစ်အကဲဖြတ်၍ နည်းပညာစံချိန်
စံညွှန်းကိုက်ညီသော တင်ဒါ
တင်သွင်းသူများအနက်မှ ဈေးနှုန်း
အနည်းဆုံးတင်သွင်းသူများအား ရွေးချယ်၍
တင်ဒါ အောင်/ရှုံးကို ဆုံးဖြတ်ပြီး

တင်ဒါအောင်မြင်သူများကို
ပွင့်လင်းမြင်သာမှုရှိစေရန်အတွက်
တင်ဒါခေါ်ယူသည့် ဝန်ကြီးဌာန၏
Website တွင် တရားဝင်ထုတ်ပြန်ကြေညာပြီး
ကန်ထရိုက်အပ်နှင်းခြင်းကို
ဆောင်ရွက်ရမည်။




တင်ဒါမအောင်မြင်သော
တင်ဒါတင်သွင်းသူများအား
တရားဝင်အကြောင်းကြားပြီး
တင်ဒါအာမခံကြေးကို
(၇)ရက်အတွင်း ပြန်လည်ထုတ်ပေးရမည်။

တင်ဒါလုပ်ငန်းစဉ်များအားလုံးကို
မှတ်တမ်းများထားရှိပြီး အနည်းဆုံး
၃ နှစ် ထိန်းသိမ်းထားရှိရပါမယ်။

- လက်ခံရရှိသည့်တင်ဒါများ
- စိစစ်အကဲဖြတ်မှုအစီရင်ခံစာ
- တင်ဒါကော်မတီ၏မှတ်တမ်း
- လက်မှတ်ရေးထိုးပြီးစာချုပ်
- ငွေပေးချေမှုဆိုင်ရာအချက်အလက်များ
- လက်ခံရရှိကြောင်း အသိအမှတ်ပြုစာ
- အခြားဆက်စပ်စာရွက်စာတမ်းများ

စသည်တို့ ဖြစ်ပါတယ်။




တင်ဒါလုပ်ငန်းစဉ်တစ်ခုတွင်
နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်
၁/၂၀၁၇ ကို ဖောက်ဖျက်လျက်
နိုင်ငံတော်၏ ငွေကြေးပစ္စည်း
ထိခိုက်နစ်နာဆုံးရှုံးလျှင်
အဂတိလိုက်စားမှုကျူးလွန်ခြင်းဖြစ်သည့်အတွက်
အရေးယူခံရနိုင်ကြောင်း ရှင်းရှင်းလင်းလင်း
နားလည်သဘောပေါက်သင့်ပါတယ်။




ဒါကြောင့် တင်ဒါလုပ်ထုံးလုပ်နည်း
၁/၂၀၁၇ ကို
တိကျစွာ လိုက်နာနိုင်မည်ဆိုလျှင်
အဂတိလိုက်စားမှု မမြောက်နိုင်ကြောင်း
တင်ပြအပ်ပါတယ်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# ဟွန်ဒူးရပ်စ် ရွှေ့ပြောင်းဒုက္ခသည်များ အမေရိကန်ပြည်ထောင်စုသို့ ဆက်လက် ခရီးကြမ်းနှင်

**ဝါရှင်တန်  အောက်တိုဘာ ၂၂**

ဟွန်ဒူးရပ်စ် ရွှေ့ပြောင်းဒုက္ခသည်များသည် သမ္မတထရမ့်၏ ဒုက္ခသည်တားဆီးရေးမူဝါဒများကို ပြစ်တင်ဝေဖန်ရင်း မက္ကဆီကိုမြစ်ကို ဖြတ်သန်းပြီး နာရီပေါင်းများစွာတိုင်အောင် အမေရိကန်ပြည်ထောင်စုသို့ ခရီးကြမ်းနှင် ဆက်လက်ချီတက်နေကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

မက္ကဆီကို အာဏာပိုင်များက မက္ကဆီကိုနှင့် ဂွါတီမာလာနယ်စပ်တံတားပေါ်ရှိ ရွှေ့ပြောင်းဒုက္ခသည်များကို ပိတ်ဆို့တားဆီးရန် ကြိုးစားသော်လည်း များစွာသော ဒုက္ခသည်များသည် နောက်ပိုင်းတွင် ကိုယ်တိုင်လုပ်ဖောင်များဖြင့် မြစ်ကိုဖြတ်ကူးခဲ့ကြပြီး မြောက်ပိုင်းသို့ ဆက်လက်ချီတက်သွားခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စုသို့ ရှေးရှုချီတက်လာကြသော ဒုက္ခသည်များကို တားဆီးရန် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်လိုကြောင်း ဒေါသထွက်နေသည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မကြာသေးမီက ပြောကြားလိုက်သည်။

“တောင်ဘက်နယ်စပ်ကို အလုံးအရင်းနဲ့ဖြတ်လာတဲ့ တရားမဝင်ဒုက္ခသည်တွေကိုတားဆီးဖို့ အင်တိုက်အားတိုက် ဆောင်ရွက်ဖို့လိုတယ်”ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တွစ်တာတွင် ရေးသားဖော်ပြခဲ့သည်။

“လူတွေဟာ ပထမဆုံးအနေနဲ့ မက္ကဆီကိုမှာ ခိုလှုံခွင့်တောင်းမယ်။ အဲလိုလုပ်လို့ မအောင်မြင်ဘူးဆိုရင် အမေရိကန်က သူတို့ကိုမောင်းထုတ်မယ်” ဟု ထရမ့်က ဆက်လက်ပြောခဲ့သည်။

ဒုက္ခသည်စီးဝင်မှု အခြေအနေကို အနီးကပ်စောင့်ကြည့်နေသည့် ဖက်ဒရယ်ရဲအရာရှိကြီးတစ်ဦးက မက္ကဆီကိုဘက်ကို ဒုက္ခသည် ၃၀၀၀ ခန့် ချီတက်နေကြောင်း ပြောခဲ့သည်။ ကလေးများနှင့် အမျိုးသမီးများအပါအဝင် ဒုက္ခသည် ၁၀၀၀ ကျော်မှာ နယ်စပ်တံတားပေါ်၌ သောင်တင်နေကြကြောင်း၊ ၎င်းတို့သည် ဂွါတီမာလာမှတစ်ဆင့် မက္ကဆီကိုသို့ တရားဝင်ဖြတ်ကျော်ရန် ကြိုးစားနေသူများဖြစ်ကြောင်း သိရသည်။

မက္ကဆီကိုအရာရှိများသည်လည်း တံတားပေါ်ရှိ ဒုက္ခသည်များကို နိုင်ငံတွင်းသို့ ဝင်ခွင့်ပြုနိုင်ရေးအတွက် လိုအပ်သည့်အချက်များကို တစ်ပြိုင်နက်ချက်ချင်း ဆောင်ရွက်နေကြောင်း သိရသည်။

**အေအက်ဖ်ပီ**



အမေရိကန်ပြည်ထောင်စုသို့ ခရီးကြမ်းနှင်သွားရောက်နေသော ဟွန်ဒူးရပ်စ်ရွှေ့ပြောင်းဒုက္ခသည်များကို တွေ့ရစဉ်။

# ဘာလင်အနေဖြင့် လတ်တလောတွင် ဆော်ဒီသို့ လက်နက်တင်ပို့ရောင်းချမှု မပြုလုပ်သေး

**ဘာလင်  အောက်တိုဘာ ၂၂**

ဝေဖန်ရေးသတင်းထောက် ဂျမားလ်ခါရှော့ဂီကိစ္စ ဖြစ်ပွားနေသည့်အတွက် ဂျာမနီအစိုးရသည် ဆော်ဒီအာရေဗျနိုင်ငံသို့ လက်နက်များတင်ပို့သွားဦးမည် မဟုတ်ကြောင်း ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်က ပြောကြားခဲ့သည်။



ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်

“လတ်တလောအခြေအနေမှာတော့ ဆော်ဒီအာရေဗျကို လက်နက်တွေတင်ပို့မယ့် အခြေအနေဟာ မဖြစ်နိုင်သေးပါဘူး” ဟု အိန်ဂျလာမာကယ်က သတင်းထောက်များကို ပြောခဲ့သည်။

အိန်ဂျလာမာကယ်၏ နိုင်ငံခြားရေးဝန်ကြီး ဟိုက်ကိုမာ့စ်က လွန်ခဲ့သည့် စနေနေ့ကတည်းက ၎င်းအနေဖြင့် ဆော်ဒီအာရေဗျကို လက်နက်တင်ပို့မည့် အခြေခံဆုံးဖြတ်ချက်များ မချရသေးကြောင်း ပြောခဲ့သည်။

ဂျာမနီနိုင်ငံသည် ၂၀၁၈ ခုနှစ်အတွက် ယူရို ၄၁၆သန်း (အမေရိကန်ဒေါ်လာ သန်း ၄၈၀) တန်ဖိုးရှိ လက်နက်များကို တင်ပို့ရန် လွန်ခဲ့သည့်လက သဘောတူခဲ့ကြောင်း သိရသည်။ ယခင်က ဘာလင်မှ ဆော်ဒီသို့ စစ်ဘက်ဆိုင်ရာ တင်ပို့မှုများတွင် ကင်းလှည့်ရေယာဉ်များပါ ပါဝင်ခဲ့ကြောင်း သိရသည်။

မာကယ်က သတင်းထောက် ခါရှော့ဂီ အသတ်ခံရသည့် ကိစ္စနှင့်ပတ်သက်ပြီး အပြင်းထန်ဆုံးစကားလုံးသုံးကာ ဝေဖန်ရှုတ်ချခဲ့ပြီး အဆိုပါကိစ္စကို တတ်နိုင်သမျှ မြန်ဆန်စွာ ရှင်းရှင်းလင်းလင်းလုပ်ဆောင်ရန်လည်း တိုက်တွန်းပြောကြားခဲ့သည်။

မိမိတို့အနေဖြင့် ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရုံးတင်နိုင်ရန် လိုကြောင်း မာကယ်က ပြောကြားခဲ့သည်။

ထို့အပြင် သတင်းထောက်သေဆုံးသည့်ဖြစ်စဉ်နှင့်ပတ်သက်ပြီး ဖြစ်ရပ်မှန်ပေါ်ပေါက်ရေး နိုင်ငံတကာအသိုင်းအဝိုင်းများနှင့် ဆက်လက်ပူးပေါင်းကာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောခဲ့သည်။

**အေအက်ဖ်ပီ**

# ဆော်ဒီသတင်းစာဆရာ အသတ်ခံရမှုကို အိမ်ရှေ့မင်းသားမသိဟု နိုင်ငံခြားရေးဝန်ကြီးပြော

**ရီယာ့ဒ်  အောက်တိုဘာ ၂၂**

ဆော်ဒီ သတင်းစာဆရာ ဂျမားလ်ခါရှော့ဂီကို သတ်ဖြတ်ခံရမှုအတွက် စုံစမ်းစစ်ဆေးမှုမှာ အစပိုင်းပင်ရှိသေးကြောင်း ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးက အမေရိကန်မီဒီယာတစ်ခုသို့ ပြောကြားခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီး အဒဲလ်အယ်လ်ဂျူဘီယာသည် ဖောက်စ်သတင်းဌာနနှင့် အင်တာဗျူးတွင် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်ပြီး အဆိုပါအင်တာဗျူးကို တနင်္ဂနွေနေ့တွင် ထုတ်လွှင့်ခဲ့သည်။ ဆော်ဒီအစိုးရသည် လက်တလောတွင် မစ္စတာခါရှော့ဂီအသတ်ခံရမှုကို စုံစမ်းလျက်ရှိပြီး အဆိုပါအမှုတွင် ပါဝင်ပတ်သက်သည့်လူ ၁၈ ဦးကို ဖမ်းဆီးထားကြောင်း ၎င်းကပြောသည်။

မစ္စတာခါရှော့ဂီသေဆုံးမှုကို ဆိုးယုတ်သောဖြစ်စဉ်ဟု နိုင်ငံခြားရေးဝန်ကြီးက ပြောခဲ့ပြီး လူသတ်သူရော၊လူသတ်မှုကို ဖုံးကွယ်ရန်ကြိုးပမ်းသူပါ အပြစ်ပြုလုပ်ထားကြခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။ ဆော်ဒီအိမ်ရှေ့မင်းသားက လူသတ်မှုတွင်ပါဝင်ခြင်းမရှိဟု ငြင်းဆိုထားပြီး ယင်းလူသတ်မှုနှင့်ပတ်သက်သည့် အကြောင်းအရာများကိုလည်း သိရှိထားခြင်းမရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးက ဆက်ပြောသည်။ ထို့အပြင် ဆော်ဒီနှင့် အမေရိကန်တို့၏ ဆက်ဆံရေးမှာဒေသတွင်း ပြဿနာများကိုဖန်တီးနေသည့် အီရန်အရေးကိုင်တွယ်ရာတွင် အရေးပါသည့် ဆက်ဆံရေးမျိုးဖြစ်ကြောင်းလည်း ဆက်ပြောခဲ့သည်။ အမှန်တရားပေါ်လာသည့်နေ့တွင် နှစ်နိုင်ငံဆက်ဆံရေးမှာ ကောင်းမွန်လာလိမ့်မည်ဟုလည်း ၎င်းက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# တစ်လအတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာသူ ၃၈၀၀၀၀ ခန့် နိုင်ငံအတွင်းမှထွက်ခွာဟု အင်ဂိုလာနိုင်ငံက ပြောကြား

**လူအန်ဒါ  အောက်တိုဘာ ၂၂**

အင်ဂိုလာနိုင်ငံအတွင်းရောက်ရှိနေသော တရားမဝင်ရွှေ့ပြောင်းသွားလာသူအများစုမှာ အိမ်နီးချင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံမှဖြစ်ပြီး တရားမဝင်ရွှေ့ပြောင်းသွားလာသူ လူပေါင်းသုံးသိန်းရှစ်သောင်းခန့်မှာ တစ်လအတွင်း အင်ဂိုလာနိုင်ငံအတွင်းမှ ထွက်ခွာသွားကြသည်ဟု အင်ဂိုလာ အာဏာပိုင်များကပြောသည်။

အင်ဂိုလာနိုင်ငံအတွင်း စိန်မှောင်ခိုသမားများကို ပစ်မှတ်ထား နှိမ်နင်းမှုများပြုလုပ်နေစဉ်အတွင်း ပြောင်းရွှေ့သွားကြခြင်းဖြစ်သည်ဟု ဝန်ကြီးတစ်ဦးက စနေနေ့တွင် ပြောသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ထိစပ်နေသော အင်ဂိုလာ မြောက်ပိုင်းမြို့ဖြစ်သည့် ရွှေ့ပြောင်းအခြေချနေထိုင်သူများကို အတင်းအကျပ် နယ်နှင်ဒဏ်ပေး နှင်ထုတ်ခြင်း၊ ရဲများက ရက်စက်စွာ ရိုက်နှက်ခြင်းများ ပြုလုပ်နေသည်ဟူသော စွပ်စွဲချက်များကို ပီဒရိုစဘက်စတီအို ငြင်းဆိုခဲ့သည်။

ပီဒရိုစဘက်စတီအိုသည် ပြည်ထောင်စုအဆင့်ဝန်ကြီးတစ်ဦးဖြစ်ပြီး သမ္မတလုံခြုံရေးအဖွဲ့ခေါင်းဆောင်တစ်ဦးလည်းဖြစ်သည်။ စိန်မှောင်ခိုမှုများမှ ဒေါ်လာတစ်သန်း သိမ်းဆည်းရရှိခဲ့သည်ဟုလည်း ၎င်းက ဆက်ပြောသည်။

ရွှေ့ပြောင်းသွားလာသူများသည် ၎င်းတို့၏ သဘောဆန္ဒအလျောက် ထွက်ခွာခဲ့ခြင်းဖြစ်ပြီး တရားမဝင် စိန်မှောင်ခိုကုန်သွယ်မှုကို ပိတ်ပစ်လိုက်ကာ လက်နက်ပေါင်း ၅၉ လက် သိမ်းဆည်းမိကြောင်း ၎င်းက သတင်းထောက်များကို ပြောသည်။ အင်ဂိုလာနိုင်ငံသည် တရားဥပဒေစိုးမိုးသော ဒီမိုကရေစီနိုင်ငံဖြစ်ကြောင်း ယခုတစ်ကြိမ် စိန်မှောင်ခိုသမားများကို နှိမ်နင်းခဲ့သော စစ်ဆင်ရေးတွင် အိမ်နီးချင်းတိုင်းပြည်မှလူများအပေါ် ပစ်မှတ်မထားခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။

အင်ဂိုလာမြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသတို့တွင် ပြုလုပ်ခဲ့သောစစ်ဆင်ရေးများမှာ တိုင်းပြည်၏ အဖိုးတန်ရတနာဖြစ်သော စိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေး ပြုလုပ်ခဲ့ရသော စစ်ဆင်ရေးဖြစ်ကြောင်း ၎င်းက ပြောသည်။

ရွှေ့ပြောင်းသွားလာသူများကမူ ၎င်းတို့၏ နေအိမ်များမှာ ရဲများနှင့် အင်ဂိုလာလူငယ်အဖွဲ့၏ မီးရှို့ဖျက်ဆီးမှုကြောင့် ပျက်စီးသွားရခြင်းဖြစ်ကြောင်း၊ ထို့ပြင် ရိုက်နှက်မှုများလည်းရှိ၍ ထွက်ပြေးခဲ့ရခြင်းဖြစ်ကြောင်း ပြောသည်။ အင်ဂိုလာအစိုးရကမူ ရွှေ့ပြောင်းနေထိုင်သူများမှာ ၎င်းတို့၏ သဘောဆန္ဒအရ အင်ဂိုလာနိုင်ငံအတွင်းမှ ထွက်ခွာသွားကြခြင်းဖြစ်ကြောင်း ပြောသည်။

**အေအက်ဖ်ပီ**



ကွန်ဂိုနယ်စပ်မြို့ဖြစ်သည့် ကာမာကိုမြို့တွင် စုဝေးနေကြသည့် ကွန်ဂိုရွှေ့ပြောင်းသွားလာသူများကို အောက်တိုဘာ ၂၁ ရက်က တွေ့ရစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### ဂရိဝန်ကြီးချုပ် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်

**အေသင် အောက်တိုဘာ ၂၂**

ဂရိဝန်ကြီးချုပ် အလက်စစ်စီပရက်စ်သည် ဂရိသမ္မတ ပရိုကိုပစ်ပက်လိုပိုလို့စ်၏ ရှေ့တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် စနေနေ့က ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ဗုဒ္ဓဟူးနေ့က ရာထူးမှ နုတ်ထွက်သွားသော နိုင်ငံခြားရေးဝန်ကြီး နစ်ကော့ကော့ဇီယက်စ်ထံမှ တာဝန်လွှဲပြောင်းယူလိုက်ခြင်းဖြစ်သည်။ တာဝန်လွှဲပြောင်းလက်ခံပွဲ အခမ်းအနားတွင် ဂရိဝန်ကြီးချုပ်က မက်ဆီဒိုးနီးယားသမ္မတနိုင်ငံမှ အမည်ပြောင်းလဲရေးအတွက် သဘောတူညီမှုကို ရရှိသည့်အတွက် ယနေ့သည်သမိုင်းဝင်နေ့ တစ်နေ့ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အခမ်းအနား ကျင်းပစဉ်အတွင်း ဂရိဝန်ကြီးချုပ်က နိုင်ငံခြားရေးဝန်ကြီးဟောင်း ကော့ဇီးယက်စ်ကို ၎င်း၏ ကြိုးပမ်းအားထုတ်မှုများအတွက် ကျေးဇူးတင်ရှိကြောင်း မက်ဆီဒိုးနီးယားနှင့် ဂရိတို့ အမည်အငြင်းပွားမှုတွင် ကော့ဇီးယက်စ်၏ ကြိုးပမ်းမှုကို အသိအမှတ်ပြုကြောင်း ဂရိကြွေးမြီပြဿနာကြောင့် နိုင်ငံတကာတွင် ကျဆင်းခဲ့ရသည့် ဂရိနိုင်ငံ၏ ပုံရိပ်ကို မြှင့်တင်ပေးနိုင်သည့်အတွက်လည်း ကျေးဇူးတင်ကြောင်း ပြောခဲ့သည်။

မစ္စတာကော့ဇီးယက်စ်သည် ဂရိကာကွယ်ရေးဝန်ကြီးနှင့် အချင်းများပြီးနောက် နုတ်ထွက်စာတင်သွင်းခဲ့ကြောင်း ဂရိအမျိုးသား သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

### ခါရှော့ဂီသေဆုံးမှု၏ အသေးစိတ် အချက်အလက်များကို ကမ္ဘာ့ခေါင်းဆောင်များ သိရှိလို

**ရီယာ့ဒ် အောက်တိုဘာ ၂၂**

ဆော်ဒီဝေဖန်ရေးသမား ဂျမားလ်ခါရှော့ဂီ သေဆုံးရမှုနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို သိရှိလိုသည်ဟု ကမ္ဘာ့ခေါင်းဆောင်များက ဆော်ဒီအစိုးရကို တိုက်တွန်းထားသည်။ စနေနေ့တွင် ဆော်ဒီအာဏာပိုင်များက မစ္စတာခါရှော့ဂီသည် ကောင်စစ်ဝန်ရုံးအတွင်း ရန်ပွဲတစ်ခု၌ ပါဝင်မိရင်း သေဆုံးခဲ့သည်ဟု ပြောကြားခဲ့သည်။

၎င်းသေဆုံးမှုတွင် ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်မန် ပါဝင်ခြင်းရှိ မရှိကိုမူ ဖော်ပြထားခြင်းမရှိပေ။ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်က အဆိုပါကိစ္စနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက် ထုတ်ပြန်ခဲ့သည်။ မစ္စတာခါရှော့ဂီသေဆုံးမှုအတွက် ရှုတ်ချကြောင်း ဖြစ်ရပ်မှန်ကို ပွင့်လင်းမြင်သာစွာ ထုတ်ဖော်ပြသရန်လည်း ပြောကြားခဲ့သည်။

အလားတူ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးကလည်း မစ္စတာခါရှော့ဂီသေဆုံးမှုအတွက် တိကျလေးနက်သည့် စုံစမ်းစစ်ဆေးမှုပြုလုပ်ပေးရန် တောင်းဆိုခဲ့သည်။ ဂျပန် နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုကလည်း အပြည့်အဝ စုံစမ်းစစ်ဆေးမှုအတွက် ဂျပန်နိုင်ငံမှ တောင်းဆိုလိုက်ကြောင်း ဒိန်းမတ်နိုင်ငံ၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# တာလီဘန်တွေရဲ့ ခြိမ်းခြောက်မှုတွေအောက်က ကျင်းပခဲ့တဲ့ အာဖဂန်ရွေးကောက်ပွဲ

**ခြူးစန္ဒီနွေး**



မဲပေးရန် စောင့်ဆိုင်းနေကြသည့် အာဖဂန်အမျိုးသားများကို တွေ့ရစဉ်။

- **အမျိုးသားတွေတောင် အကြမ်းဖက်သမားတွေကို ကြောက်ရွံ့နေရတဲ့အချိန် အမျိုးသမီးတွေဟာလည်း တွန့်ဆုတ်မှုမရှိဘဲ မဲလာပေးကြတာကို တွေ့ရပါတယ်။**
- **မဲပေးခဲ့တဲ့ အမျိုးသမီးတစ်ဦးဟာဆိုရင် သူဟာ အသေခံဗုံးခွဲတာမျိုးတွေနဲ့ ကြုံရနိုင်တယ်ဆိုတာသိပေမယ့် မဲမပေးဘဲ မနေနိုင်လို့ ဘာပဲဖြစ်ဖြစ်ပေးမယ်ဆိုပြီး ထွက်လာတာပါလို့ ပြောပါတယ်။**

အာဖဂန်နစ္စတန်နိုင်ငံမှာ အကြမ်းဖက်သမားတွေရဲ့ တိုက်ခိုက်မှုကို စိုးရိမ်နေရတဲ့ ကြားထဲကပဲ အကြိမ်ကြိမ်နှောင့်နှေးခဲ့ရတဲ့ ပါလီမန်ရွေးကောက်ပွဲကို အောက်တိုဘာ ၂၀ ရက်မှာ စတင်လိုက်ပါတယ်။ မဲဆန္ဒနယ်ပေါင်း ၂၄၉ နေရာအတွက် ကိုယ်စားလှယ်ပေါင်း ၂၅၀၀ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြတဲ့ ရွေးကောက်ပွဲလည်း ဖြစ်တယ်။

**ပြည်သူတွေရဲ့ စိုးရိမ်မှု**

အဲဒီမတိုင်ခင်မှာလည်း ရွေးကောက်ပွဲနဲ့ ဆက်စပ်တဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် အရပ်သားများနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်များ အပါအဝင် သေဆုံးဒဏ်ရာရရှိသူ စုစုပေါင်းဟာဆိုရင်ဖြင့် လူပေါင်း ၁၇၀ နီးပါးရှိပါတယ်။

တနင်္ဂနွေနေ့ မဲရုံပေါင်း ၄၀၁ ရုံမှ မဲပေးမှုတွေ ပြန်လည်စတင်တဲ့အခါမှာလည်း သွေးထွက်သံယို တိုက်ခိုက်မှုတွေ ဆက်လက် ပေါ်ပေါက်လာမှာကို ပြည်သူတွေက ကြောက်ရွံ့စိုးရိမ်နေကြပါတယ်။

ရွေးကောက်ပွဲမတိုင်မီ အောက်တိုဘာ ၁၈ရက်ကလည်း ကန်ဒါဟာမြို့မှာ ကျင်းပတဲ့ အာဖဂန်နေတိုး လုံခြုံရေးဆိုင်ရာ အစည်းအဝေးအပြီး ပစ်ခတ်မှု ဖြစ်ပွားခဲ့ပါသေးတယ်။

အာဖဂန်ဆိုင်ရာ နေတိုးအဖွဲ့မှ ဗိုလ်ချုပ်ကြီး မီလာမှာ တိုက်ပွဲကနေ လွတ်မြောက်ခဲ့ပါတယ်။

**ရှောင်လွှဲ၍မရသော ပြဿနာ**

အခုမဲပေးပွဲမှာလည်း အကြမ်းဖက်သမားတွေရဲ့တိုက်ခိုက်မှုကို စိုးရိမ်နေရတဲ့ ပြဿနာကတော့ ရှောင်လွှဲလို့မရတဲ့ ပြဿနာပါပဲ။ နောက်ထပ်အခက်အခဲတွေကတော့ မဲဆန္ဒရှင်တွေ စာရင်းပျောက်ဆုံးတာတွေ၊ ကျွမ်းကျင်ဝန်ထမ်း ရှားပါးတာတွေနဲ့ မဲပေးမသွားကြဖို့ ကြားထဲကနေ ဟန့်တားခံရတာတွေပဲဖြစ်တယ်လို့ လွတ်လပ်သောရွေးကောက်ပွဲကော်မရှင်က သတင်းထောက်တွေကို ပြောပါတယ်။

လွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်ရဲ့ အစောပိုင်းကောက်ယူထားတဲ့ သတင်းအချက်အလက်တွေအရ မဲဆန္ဒရှင် သုံးသန်းနီးပါးခန့်ဟာ မဲရုံပေါင်း ၄၅၀၀ မှာ မဲပေးကြမှာပါ။

ဒါပေမယ့် ဂါဇနီနဲ့ မကြာသေးခင်ကမှ ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားထားတဲ့ ကန်ဒါဟာမြို့တို့မှာတော့ ရွေးကောက်ပွဲကို ရွှေ့ဆိုင်းထားရပါတယ်။

တချို့သောမဲရုံတွေကတော့ ဝန်ထမ်းလိုအပ်ချက်နဲ့ တာလီဘန်တွေရဲ့ ခြိမ်းခြောက်မှုတွေကြောင့် အချိန်နောက်ကျပြီးမှ ဖွင့်နိုင်ခဲ့ပါတယ်။ ကဘူးလ်မြို့က မဲရုံတစ်ရုံမှာတော့ အချိန်နှစ်နာရီနောက်ကျပြီးမှ မဲရုံဖွင့်လှစ်နိုင်ခဲ့ပါတယ်။

**နိုင်ငံတစ်လွှားပေါက်ကွဲမှုများ**

တစ်နေ့တည်းမှာကိုပဲ ကဘူးလ်မြို့တစ်လွှားမှာ ပေါက်ကွဲမှုတွေ မျိုးစုံဖြစ်ပေါ်နေခဲ့ပါတယ်။ ကဘူးလ်မြို့မှာ မဲရုံမပိတ်မီ အသေခံဗုံးခွဲသမားဟာ မဲရုံအတွင်း ဖောက်ခွဲခဲ့တဲ့အတွက် လူ ၁၅ ဦး သေဆုံးပြီး လူပေါင်း ၂၀ ခန့် ဒဏ်ရာရရှိခဲ့ပါတယ်။

ဒီအသေခံဗုံးခွဲမှုရဲ့ လက်သည်တရားခံဟာ ဘယ်သူလဲဆိုတာကိုတော့ မသိရသေးပါဘူး။ တာလီဘန်အဖွဲ့ကတော့ စစ်မှန်မှုမရှိတဲ့ ဒီရွေးကောက်ပွဲမှာ နိုင်ငံတစ်လွှားတိုက်ခိုက်မှုပေါင်း ၄၀၀ ခန့် ပြုလုပ်ခဲ့တယ်လို့ ဆိုပါတယ်။

**လက်လျှော့အိမ်ပြန်**

မြောက်ပိုင်းမြို့ဖြစ်တဲ့ ခွန်ဒက်ဇ်မှာလည်း အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်ပွားခဲ့တယ်လို့ အဆင့်မြင့်ရဲအရာရှိတစ်ဦးက အေအက်ဖ်ပီကို ပြောပြခဲ့ပါတယ်။

အဲဒီတိုက်ခိုက်မှုကြောင့် လူသုံးဦးသေဆုံးပြီး ၃၉ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ အရှေ့ပိုင်းပြည်နယ်ဖြစ်တဲ့ နန်ဂါဟာပြည်နယ်မှာလည်း ပေါက်ကွဲမှုရှစ်ခုဖြစ်ပွားခဲ့ပြီး လူနှစ်ဦးသေဆုံးကာ ငါးဦး ဒဏ်ရာရရှိခဲ့ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနကတော့ တိုင်းပြည်တစ်ဝန်းဖြစ်ပွားခဲ့တဲ့ အပျက်အစီးတွေကို စာရင်းကောက်ယူခဲ့ရာမှာ ၂၀၁၄ ခုနှစ် သမ္မတရွေးကောက်ပွဲကစလို့ စာရင်းတွေအရတော့ တိုက်ခိုက်မှုပေါင်း ၁၉၃ ခု ဖြစ်ပွားခဲ့တယ်လို့ ပြည်ထဲရေးဝန်ကြီးဌာနကပြောပါတယ်။

အကြမ်းဖက် တိုက်ခိုက်ခံရနိုင်တယ်ဆိုတဲ့ ခြိမ်းခြောက်မှုတွေ ရှိသော်ငြားလည်း မဲဆန္ဒရှင်တွေဟာ မဲရုံအပြင်ဘက်မှ မဲပေးဖို့ စောင့်ဆိုင်းခဲ့ကြပါတယ်။

သူတို့ထဲကအချို့ကတော့ မဲပေးဖို့လက်လျှော့ပြီး မဲမပေးဘဲ အိမ်ပြန်သွားကြတာမျိုးလည်း ရှိပါတယ်။ တက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်တဲ့ မိုဟာမက်အလမ်ကတော့ သူဟာမဲရုံမှာ မဲပေးနိုင်ဖို့ သုံးနာရီကျော်ကြာ စောင့်ဆိုင်းခဲ့ပေမယ့် မဲစာရင်းမှာ သူ့အမည်မပါလာတဲ့အတွက် အိမ်ပြန်ခဲ့ရတယ်လို့ သူ့အတွေ့အကြုံကို ပြောပြပါတယ်။

သူကြုံတွေ့ခဲ့ရသလို အလားတူပြဿနာတွေ ကြုံတွေ့ခဲ့ရသူတွေလည်း ရှိပါတယ်။

**သုံးနှစ်အချိန်ယူခဲ့ရသည့် ရွေးကောက်ပွဲ**

အခုကျင်းပနေတဲ့ ပါလီမန်ရွေးကောက်ပွဲကို သုံးနှစ်ကျော်ကြာ နောက်ကျပြီးမှ ပြန်လည်ကျင်းပနိုင်ခဲ့တာလည်း ဖြစ်တယ်။ တာလီဘန်တွေကို ဖြုတ်ချအပြီး သုံးကြိမ်မြောက် ကျင်းပတဲ့ ရွေးကောက်ပွဲလည်း ဖြစ်တယ်။

အကြမ်းဖက်အုပ်စုတွေကလည်း ကိုယ်စားလှယ်လောင်းတွေကို ရွေးကောက်ပွဲကနေ နုတ်ထွက်ဖို့ မဲဆန္ဒရှင်တွေကိုလည်း အိမ်မှာပဲနေကြဖို့ ဖိအားပေးခြိမ်းခြောက်မှုတွေ ပြုလုပ်ခဲ့ကြပါတယ်။

မဲပေးပွဲမစတင်မီ လပေါင်းများစွာကတည်းက လူရာပေါင်းများစွာတို့ဟာ အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် သေဆုံးဒဏ်ရာရရှိတာတွေ ဖြစ်ခဲ့ရပါတယ်။

**အမျိုးသမီးတွေရဲ့သတ္တိ**

ကန်ဒါဟာပြည်နယ်မှာ မဲပေးပွဲ ရွှေ့ဆိုင်းလိုက်ရတဲ့အကြောင်းထဲမှာ အဲဒီဒေသက အာဏာအရှိဆုံး ရဲချုပ်အသတ်ခံလိုက်ရတာကြောင့်လည်း ပါပါတယ်။ ကန်ဒါဟာပြည်နယ်မှာ အောက်တိုဘာ ၂၇ ရက် မတိုင်မီအထိတော့ မဲပေးပွဲကျင်းပနိုင်ဦးမှာ မဟုတ်ပါဘူး။

အမျိုးသားတွေတောင် အကြမ်းဖက်သမားတွေကို ကြောက်ရွံ့နေရတဲ့အချိန် အမျိုးသမီးတွေဟာလည်း တွန့်ဆုတ်မှုမရှိဘဲ မဲလာပေးကြတာကို တွေ့ရပါတယ်။

မဲပေးခဲ့တဲ့ အမျိုးသမီးတစ်ဦးဟာဆိုရင် သူဟာ အသေခံဗုံးခွဲတာမျိုးတွေနဲ့ ကြုံရနိုင်တယ်ဆိုတာသိပေမယ့် မဲမပေးဘဲ မနေနိုင်လို့ ဘာပဲဖြစ်ဖြစ်ပေးမယ်ဆိုပြီး ထွက်လာတာပါလို့ ပြောပါတယ်။

**မဲရအောင်ပေးမယ်**

အသက် ၁၈နှစ်အရွယ် ဟိုစနီကတော့ "အခုတစ်ကြိမ်မဲပေးမှုဟာ သူ့ဘဝအတွက် ပထမဦးဆုံးအကြိမ်ပါ၊ ကျွန်မတို့မိသားစုမှာ ကျွန်မတစ်ယောက်ပဲမဲလာပေးတာပါ။ ကျွန်မပေးလိုက်တဲ့ မဲတစ်ပြားနဲ့ အခုဖြစ်နေတဲ့ အခြေအနေတွေကို ပြောင်းလဲပစ်နိုင်မယ်ထင်လို့ မဲရုံကိုလာခဲ့တာပါ" လို့ စိတ်လှုပ်ရှားစွာ ပြောပြခဲ့ပါတယ်။

"လုံခြုံရေးအခြေအနေတွေ စိုးရိမ်ရတာလည်း သိပါတယ်။ ပေါက်ကွဲမှုတွေ ဖြစ်နေတယ်ဆိုတာလည်းကြားပါတယ်။ ဒါပေမယ့် မဲမပေးဘဲ မနေနိုင်လို့ ထွက်လာခဲ့တာပါ" လို့ သူက ဆက်ပြောပါတယ်။

**အရေးပါတဲ့စမ်းသပ်မှုတစ်ခု**

အောက်လွှတ်တော် နေရာပေါင်း ၂၅၀၀ အတွက် ဝင်ရောက်ယှဉ်ပြိုင်ကြတဲ့ ကိုယ်စားလှယ် ၁၀ ဦးကတော့ ရွေးကောက်ပွဲမတိုင်ခင်မှာပဲ အသတ်ခံရပြီးပါပြီ။ အခုပြုလုပ်တဲ့ ရွေးကောက်ပွဲဟာ လာမယ့်နှစ်မှာ ကျင်းပမယ့် သမ္မတရွေးကောက်ပွဲအတွက် အရေးပါတဲ့ စမ်းသပ်မှုတစ်ခုပါပဲ။

နိုဝင်ဘာလအတွင်းမှာ ဂျီနီဗာမှာကျင်းပမယ့် ကုလသမဂ္ဂအစည်းအဝေးမှာ အာဖဂန်ဟာ ဖိအားတွေအောက်ကပဲ ဒီမိုကရေစီတိုးတက်ဖို့အတွက် ဘယ်အတိုင်းအတာအထိ ဆောင်ရွက်နိုင်ပြီလဲဆိုတာကိုပြသနိုင်ဖို့ အခွင့်အရေးတစ်ခုလည်း ဖြစ်လာမှာပါ။

ကနဦးရလဒ်တွေကိုတော့ နိုဝင်ဘာ ၁၀ ရက်နေ့မှာ ထုတ်ပြန်ကြေညာသွားမှာပဲ ဖြစ်ပါတယ်။

**သမ္မတ၏ ကျေးဇူးတင်စကား**

"အာဖဂန်သမ္မတ အာရှာရက်ဖ်ဂန်နီကတော့ ရွေးကောက်ပွဲအတွက် တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ရွေးကောက်ပွဲအတွက် အများကြီး စိုးရိမ်ခဲ့ရပေမယ့် အခုတော့ လက်တွေ့ကျင်းပနိုင်ခဲ့ပါပြီ၊ အာဖဂန်အမျိုးသား အမျိုးသမီးတွေ အားလုံးလည်းလာရောက်မဲပေးကြပါလို့ အာဖဂန်နိုင်ငံသားတစ်ဦးအနေနဲ့ တိုက်တွန်းလိုပါတယ်။ မဲပေးဖို့ဆိုတာ ပြည်သူတွေအားလုံးရဲ့တာဝန်နဲ့ အခွင့်အရေးပါပဲ" လို့ သူကိုယ်တိုင်လာရောက် မဲပေးမှုအပြီး ပြောကြားသွားခဲ့ပါတယ်။

**ကိုးကား-အေအက်ဖ်ပီ၊ နယူးယောက်တိုင်းမ်**

# မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ဗဟုသုတဖြန့်ဖြူးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

မန္တလေး အောက်တိုဘာ ၂၂

**မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဗဟုသုတဖြန့်ဖြူးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ် ၆၆ လမ်း ၂၆ လမ်းထောင့်ရှိ Hilton Hotel ၌ ကျင်းပခဲ့သည်။**

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က အဖွင့်အမှာစကား ပြောကြားပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသန်းအေး၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ MCCA နည်းပညာအကြံပေး Mr. Shashank Mishra တို့က အဖွင့်အမှာစကားပြောကြားခဲ့သည်။ (ယာပုံ)

အခမ်းအနားကို UN Habitat မှ ကိုယ်စားလှယ်များ၊မန္တလေးတိုင်းဒေသကြီးအတွင်းမှ လွှတ်တော်ကိုယ်စားလှယ်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိများ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဌာနဆိုင်ရာအသီးသီးမှ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအချို့တွင် သစ်တောများကို ထိန်းသိမ်းပြီး ခရီးသွားလုပ်ငန်းဆောင်ရွက်ခြင်း၊ ကာဗွန်စုပ်ယူမှုအတွက် ထိုက်သင့်သော ဆုကြေးငွေရရှိခြင်း၊ ခရီးသွားလုပ်ငန်းနှင့် ချိတ်ဆက်လျက်ရှိသည့် အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း စသည့်အကျိုးကျေးဇူးများ ခံစားနေရပြီး နိုင်ငံ၏ ဝင်ငွေအမြောက်အမြားကို သစ်တောသစ်ပင်များ ထိန်းသိမ်းရာမှတစ်ဆင့် ရရှိနေသလို ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချပြီး ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကိုပါ ကုစားနိုင်သည်ကို လေ့လာတွေ့ရှိရသည်။

ရာသီဥတု ပြောင်းလဲလာမှုမှ လွန်ကဲပြင်းထန်သည့် မိုးလေဝသဖြစ်စဉ်များကြောင့် အစားအစာနှင့် သောက်သုံးရေရှားပါးခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများအပေါ် ဆိုးရွားစွာထိခိုက်မှု ဖြစ်ပေါ်ခြင်းစသည့် ဆိုးကျိုးများကို တွေ့ရသည်။ မြန်မာနိုင်ငံသည် နိုင်ငံတကာသို့ သစ်အလုံးလိုက် တင်ပို့မှုကို ရပ်ဆိုင်းခြင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် သစ်တောများ



ပြန်လည်ပြုစုပျိုးထောင်ခြင်းကို နှစ် ၃၀ စီမံကိန်းဖြင့် တစ်နိုင်ငံလုံးသစ်တော ထိန်းသိမ်းရေးလုပ်ငန်းများအား လုပ်ဆောင်လျက်ရှိသည်။

ထို့ကြောင့် မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ MCCA နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနတို့ ပူးပေါင်း၍ မြန်မာနိုင်ငံ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုအစီအစဉ်၏ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဗဟုသုတဖြန့်ဖြူးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# စစ်ကိုင်းတိုင်းဒေသကြီးအဆင့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒရှင်းလင်းပွဲ မုံရွာ၌ ပြုလုပ်

**မုံရွာ အောက်တိုဘာ ၂၂**

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) တို့ ပူးပေါင်းပြီး တိုင်းဒေသကြီးအဆင့် အမျိုးသားမူးယစ်ဆေးဝါး မူဝါဒဆိုင်ရာများ ရှင်းလင်းပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယ ရဲမှူးကြီး ဝင်းမြင့်က အမျိုးသားမူးယစ်ဆေးဝါးမူဝါဒနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအကြောင်းကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး



မူဝါဒနှင့်ပတ်သက်၍ ထုတ်လုပ်မှု လျှော့ချရေးကဏ္ဍ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ စသည့်မူဝါဒကဏ္ဍများအလိုက် လက်ရှိမြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးသုံးစွဲပျံ့နှံ့မှုသည် အလွန်မြင့်တက်နေသဖြင့် လက်ရှိမှုအတိုင်း ဆက်ရန်မဖြစ်သဖြင့် မူဝါဒအသစ်တစ်ခုကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာ ယင်းမူဝါဒနှင့် ပတ်သက်ပြီး လာရောက် ရှင်းလင်းခြင်းဖြစ်ကြောင်း သိရသည်။

"အရင်ကရေးဆွဲခဲ့တဲ့ မူဝါဒက မဟာဗျူဟာ(၂)ရပ်နဲ့ ရေးဆွဲခဲ့တာပါ။ အဲဒီအချိန်တုန်းက မူးယစ်ဆေးဝါး အမျိုးသားရေး တာဝန်အဖြစ် ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်ပြီးတော့ ဖြေရှင်းရမယ်ဆိုတဲ့ အချက်တစ်ချက်ပါတယ်။ ဒုတိယအချက်ကတော့ ဘိန်းစိုက်ပျိုးမှု ပပျောက်ဖို့ကလည်း မဟာဗျူဟာတစ်ရပ် အနေနဲ့ပါတယ်။ ၁၉၉၆ ခုနှစ်လောက်က မူဝါဒရေးဆွဲခဲ့တာဖြစ်တယ်။ အခုနောက်ပိုင်းမှာ မူးယစ်ဆေးဝါးက ဘိန်းစိုက်ပျိုးမှုနဲ့တင် မကတော့ဘူး။ အခုလက်ရှိ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေအရ မူဝါဒတွေကို ပြင်ဆင်ပြောင်းလဲဖို့ လိုတဲ့အတွက် ၁၉၉၃ ဥပဒေကိုပြောင်းလဲပြီးတော့ မူဝါဒနဲ့ ကိုက်ညီမယ့်မဟာဗျူဟာကို ရေးဆွဲဖို့အတွက် လာရောက်ဆွေးနွေးတာဖြစ်ပါတယ်" ဟု မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုမှ စီမံကိန်းဌာနမှူး ရဲမှူးကြီး အုပ်စိုးထွန်းက ပြောသည်။

ထို့နောက် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) မှ ဒေါက်တာ ယုယုအောင်က အစားထိုးဖွံ့ဖြိုးရေးကဏ္ဍ၊ သုံးစွဲမှု လျှော့ချရေးနှင့် နောက်ဆက်တွဲ အန္တရာယ်လျှော့ချရေးကဏ္ဍတို့အားလည်းကောင်း၊ MANA မှ ဒေါက်တာမောင်မောင်က သုတေသန တိုးမြှင့်ရေးကဏ္ဍ၊ လူ့အခွင့်အရေး ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရေးကဏ္ဍတို့ကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြပြီး အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒ ပေါ်ထွက်လာစေရေးအတွက် ဆောင်ရွက်ချက်မှတ်တမ်းပြသမှုကို အခမ်းအနားသို့ တက်ရောက်လာကြသော တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များက ကြည့်ရှုကြကာ သိရှိလိုသည့် မေးမြန်းမှုများကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုမှ စီမံကိန်းဌာနမှူး ရဲမှူးကြီး အုပ်စိုးထွန်းက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို**
**(ယင်းမာပင်)**

# ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာများကျန်ရှိမှုမရှိစေရေးအတွက် ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေး

**ဒီးမော့ဆို အောက်တိုဘာ ၂၂**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိမြို့နယ် ကျေးရွာများတွင် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဒေသခံပြည်သူလူထုများနှင့် တွေ့ဆုံဆွေးနွေးခြင်းကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီခွဲက လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ဒေါညေးခူကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒေါညေးခူ ကျေးရွာဘုန်းတော်ကြီးကျောင်းဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အမှာစကား ပြောကြားရာတွင် အစိုးရ၊ လွှတ်တော်၊ ဌာနဆိုင်ရာနှင့် ပြည်သူလူထုများပူးပေါင်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် တူညီသောအမြင်များဖြင့် ကောင်းမွန်သော ဖွံ့ဖြိုးတိုးတက်ရေးအရှေ့တစ်ခုကို ဟန်ချက်ညီညီ ဖော်ဆောင်နိုင်မည်ဖြစ်ပြီး ပြည်သူများ၏ အသံ၊ ပြည်သူများ၏ လိုအပ်ချက်၊ ဒေသလိုအပ်ချက်များကို အပြုသဘောဆန်ဆန် ဆွေးနွေးတင်ပြကာ တင်ပြချက်အပေါ် အခက်အခဲများကို ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်သွားရန် လိုအပ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် ငြိမ်းချမ်းရေးကဏ္ဍသည်လည်းအရေးကြီးကြောင်း၊ မိမိအနေဖြင့် ပြည်နယ်ဝန်ကြီးချုပ် တာဝန်ယူသောကာလအတွင်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဖော်ဆောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော ဒေါတမကြီးကျေးရွာအုပ်စုနှင့် ဒေါဖုကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများက ကျေးရွာလိုအပ်ချက်များဖြစ်သော လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေး၊ လယ်ယာကုန်ထုတ်လမ်း၊ ကျေးရွာချင်းဆက်လမ်း၊ ကျေးရွာဘောလုံးကွင်းဖော်ထုတ်ပေးနိုင်ရေးနှင့် ပညာရေးဝန်ထမ်းအိမ်ရာများကို ဆွေးနွေးတင်ပြကာ သက်ဆိုင်ရာဌာနဆိုင်ရာများက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားပြီး လွှတ်တော်ကိုယ်စားလှယ်များက တင်ပြချက်များအပေါ် လိုအပ်သည်များကို ထပ်မံဖြည့်စွက် ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒေါညေးခူ အခြေခံပညာအထက်တန်းကျောင်းတွင် ကျေးရွာပြည်သူလူထုအားဖြင့် ဆောက်လုပ်သောကျောင်းခန်းမဆောင်နှင့် ရေသွယ်ယူရေးစနစ်ရရှိရေး၊ ဒေါတမကြီးအခြေခံပညာအလယ်တန်းကျောင်းတွင် ရေလုံလောက်စွာရရှိရေး၊ ဒေါလျားခူကျေးရွာတွင် 33/11 KV၊ 5 MVA ထီးဖိုးကလိုးဓာတ်အားခွဲရုံတည်ဆောက်ရန် လျာထားသောမြေနေရာ၊ ဖဲလျားကျေးရွာရေလှောင်ကန်ဆည် ရေပေးမြောင်းကွန်ကရစ်လိုင်နီစီခြင်း လုပ်ငန်းဆောင်ရွက်လိုသည့်နေရာနှင့် ထီးဖိုးကလိုးကျေးရွာအုပ်စုဘောလုံးကွင်းကြမ်း ဖော်ထုတ်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

# (၃)ကြိမ်မြောက် ကယားအမျိုးသားစုပေါင်း အဲဒိုပေါ်မီပွဲတော်သို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းတက်ရောက်

**တောင်ငူ အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ကြူဇောင်း မအူတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲဝင်းအတွင်း၌ အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီခွဲက (၃)ကြိမ်မြောက် ကယားအမျိုးသား စုပေါင်း အဲဒိုပေါ်မီပွဲတော်အခမ်းအနား ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း တက်ရောက်သည်။

ရှေးဦးစွာ ဆုတောင်းခြင်းနှင့် ကယားယဉ်ကျေးမှုအဖွဲ့များက ရိုးရာယဉ်ကျေးမှုအကများဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး ကယားပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက နှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့ သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပွယ်စေးနှင့် ကယားလီပု လူငယ်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားခဲ့



ကြပြီး ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့မှ လှူဒါန်းသော အလှူငွေကျပ် ၁၀ သိန်းကို တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပွယ်စေးက ပေးအပ်ခဲ့ရာ ကယားစာပေနှင့် ယဉ်ကျေးမှုကော်မတီက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ပွဲတော်ကို ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ထိန်းသိမ်းမြှင့်တင်ရန်နှင့် ကယားအမျိုးသားများအကြား အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ရပ်ဝန်းတစ်ခု စုပေါင်းဖန်တီးနိုင်ရန်၊ အမျိုးသားရေးနှင့် ယဉ်ကျေးမှုအမှတ်လက္ခဏာများ ပြန်လည်ဖော်ထုတ်ရန်၊ ကယားအမျိုးသားတို့၏ ရပ်တည်ချက်ဆိုင်ရာ ဘုံသဘောတူညီမှုများ ချမှတ်နိုင်ရေး အစပျိုးခြင်းလုပ်ငန်းများ လုပ်ဆောင်သွားရန် ရည်ရွယ်ပြီး ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့မှ ကယားတိုင်းရင်းသားများစုပေါင်း၍ အောက်တိုဘာ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်(ပြန်/ဆက်)**

# သက်တမ်းရင့်ကုက္ကိုပင်ကြီးများကို ဈေးကောင်းပေးဝယ်ယူနေ၍ ကျေးလက်ဒေသများတွင် သစ်ပင်ကြီးများ ရှားပါးလာ



**ရေတာရှည် အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် သစ်တမ်း နှစ် ၁၀၀ ကျော်ရှိ ကုက္ကိုပင်ကြီးများကို ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက်တွင်လည်းကောင်း၊ ကျေးရွာများနှင့် ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းများတွင်လည်းကောင်း ရှေးနှစ်ပေါင်းများစွာကပင် အရိပ်ရသစ်ပင်များအဖြစ် စိုက်ပျိုးခဲ့ကြသည်ကို ယနေ့တိုင်တွေ့နေရဆဲဖြစ်သည်။ ယခုနောက်ပိုင်းတွင်မူ အဆိုပါ ကုက္ကိုပင်ကြီးများကို ဈေးကောင်းပေး၍ဝယ်ယူမှုများ ရှိလာသောကြောင့် ကျေးရွာများမှ ဒေသခံများကလည်း အပင်ကို ခုတ်လှဲရောင်းချကြရာ ကျေးလက်ဒေသများတွင် အရိပ်ရသစ်ပင်ကြီးများ တဖြည်းဖြည်း ရှားပါးလာလျက်ရှိကြောင်း ကျေးလက်နေပြည်သူများထံမှ သိရသည်။

ရှေးယခင်က အရိပ်ရအပင်များအဖြစ် စိုက်ပျိုးခဲ့ကြသော ကုက္ကိုပင်ကြီးများမှာ အကြောင်းအမျိုးမျိုးကြောင့် ခုတ်လှဲခံရပြီး အပင်အရေအတွက်မှာ တစ်စထက်တစ်စ နည်းပါးလာလျက်ရှိရာမှ လက်ရှိအချိန်တွင် ဈေးကောင်းပေး၍ အပင်ပြတ်ဝယ်ယူမှုများကြောင့်လည်း သစ်ပင်ကြီးများ ပိုနည်းလာကြောင်း၊ ဝယ်ယူမှုများတွင် များသောအားဖြင့် ပန်းပုထုလုပ်ရန် ဝယ်ယူမှုက အများဆုံးဖြစ်ကြောင်း သိရသည်။

"လာဝယ်တာက ရန်ကုန်ဘက်ကပါ၊ အပင်ပြတ်တွေ ဝယ်တာ၊ ကျပ်နှစ်သိန်းကနေ ငါးသိန်းကျော်အထိ အပင်ရဲ့ကြီးထွားမှု၊ သက်တမ်းရင့်မှုအပေါ် မူတည်ပြီး ဝယ်ကြတယ်၊ အခုဆို ရွာတွေဘက်မှာ အပင်ကြီးတွေ သိပ်မရှိကြတော့ပါဘူး၊ ရန်ကုန်-မန္တလေးကားလမ်းချဲ့တော့လည်း အပင်တွေမလွတ်လို့ဆိုပြီး လှဲခဲ့တယ်၊ နောက် ခါတ်တိုင်စိုက်ဖို့ မလွတ်လို့ဆိုပြီး လှဲခဲ့တာတွေရှိတယ်၊ ခေါင်းစဉ်အမျိုးမျိုးတပ်ပြီး လှဲခဲ့ကြတာ၊ အခုတော့ ကျေးရွာတွေအထိ ဆင်းဝယ်နေလို့ ရောင်းတဲ့လူကလည်း ဈေးကောင်းရလို့ ရောင်းတယ်၊ အရိပ်အာဝါသကောင်းတဲ့ အပင်ကြီးတွေကို ခုတ်လှဲပစ်လိုက်တဲ့အတွက် အပူဒဏ်ကို ကောင်းကောင်းခံရတော့တာပါပဲ"ဟု ရေတာရှည်မြို့နယ် ကွင်းကြီးကျေးရွာနေ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**သန်းလွင်**

# အောင်မြေသာစံမြို့နယ်တွင် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲရုံသုံးပစ္စည်းများ ထုတ်ပေး

**မန္တလေး အောက်တိုဘာ ၂၂**

လာမည့် နိုဝင်ဘာ ၃ ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွင်း မဲရုံများတွင်အသုံးပြုမည့် မဲရုံသုံးပစ္စည်း ၁၇ မျိုးကို မန္တလေး အောင်မြေသာစံမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးက မြို့နယ်အတွင်းရှိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ အတွင်းရေးမှူးများထံသို့ အောက်တိုဘာ ၂၀ ရက်က ထုတ်ပေးခဲ့ကြောင်း သိရသည်။

မဲရုံသုံးပစ္စည်းများထုတ်ပေးရာတွင် အောင်မြေသာစံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာကိုကိုကြီးက ရပ်ကွက်များအတွင်း သတ်မှတ်ထားသော မဲရုံများအနေဖြင့် အခက်အခဲများရှိပါက မြို့နယ်ရုံးသို့ အမြန်ဆုံးတင်ပြကြရန်နှင့် စနစ်တကျမဲပေးနိုင်သော ရွေးကောက်ပွဲဖြစ်အောင် ကော်မရှင်အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် ဆောင်ရွက်ကြရန်၊ ကြိုတင်မဲများအတွက် စနစ်တကျ ဆောင်ရွက်ရန်နှင့် မဲလက်မှတ်များကို လုံခြုံစွာထိန်းသိမ်းကြရန် အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဒေါ်နှင်းနှင်းကလည်း မဲရုံပြင်ဆင်စရိတ်အဖြစ် တစ်ရုံလျှင် ကျပ် ၃၀၀၀၀ နှုန်း ချထားပေးမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးခြင်းကို ကြီးကြပ်ဆောင်ရွက်ပေးခြင်းအတွက် မဲရုံမှူးတစ်ဦးလျှင် ကျပ် ၇၀၀၀၊ ဒုတိယမဲရုံမှူးတစ်ဦးလျှင် ကျပ် ၆၀၀၀၊ မဲရုံအဖွဲ့ဝင်တစ်ဦးလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် သုံးရက်စာ ထုတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခုထုတ်ပေးသည့် မဲရုံသုံးပစ္စည်း ၁၇ မျိုးအပြင် ကျန်ရှိနေသေးသည့် မဲရုံသုံးပစ္စည်းများ၊ မဲစာရင်းများ၊ သတ်မှတ်ပုံစံများ၊ လက်မှတ်များကို အောက်တိုဘာ ၃၁ ရက် ညနေ ၃ နာရီတွင် ထုတ်ပေးသွားမည်ဖြစ်ပြီး ထိုနေ့မှာပင် မဲရုံပြင်ဆင်စရိတ်များကိုလည်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ အောက်တိုဘာ ၂၄ ရက်တွင် စတင်မဲပေးရမည့် ကြိုတင်မဲလက်မှတ်များအတွက် ကြိုတင်မဲပေးမည့်သူ ရှိ/မရှိ မေးမြန်းစုံစမ်း၍ အချိန်မီ ထုတ်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

ရှမ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်အတွက် ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်မည့် မန္တလေး အောင်မြေသာစံမြို့နယ်တွင် မဲရုံ ၁၉ ရုံရှိပြီး မဲဆန္ဒရှင်စာရင်း ၁၃၈၆ ဦးရှိကြောင်း သိရသည်။ **အေပီကေ(မန်းကိုယ်ပွား)**

# လှိုင်သာယာမြို့နယ်၌ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရန် လမ်းပေါ်ဈေးသည်များကို ဖယ်ရှားရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း လမ်းအသုံးပြုသူများ ယာဉ်အန္တရာယ်ကင်းစွာ သွားလာနိုင်ရေး၊ ယာဉ်မတော်တဆမှုများ ကင်းဝေးစေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်စေရေးအတွက် အမှတ်(၂၀)ရပ်ကွက် (၈၆)ဂိတ်ဟောင်း အနော်ရထာလမ်းမကြီးပေါ် လမ်းနယ်နိမိတ်အတွင်း ရောင်းချနေသည့် ဈေးသည်များကို အောက်တိုဘာ ၂၀ ရက်မှစ၍ ဖယ်ရှားရှင်းလင်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ လမ်းပေါ်ဈေးသည်များ ဖယ်ရှားရှင်းလင်းမှုကို ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အခြားဌာနများမှတာဝန်ရှိသူများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦးကို တာချီလိတ်မြို့၌ မြန်မာနိုင်ငံဘက်သို့ ပြန်လည်လွှဲပြောင်းပေး

**တာချီလိတ် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့်မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦးကို ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ အောက်တိုဘာ ၁၉ ရက်က တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦးမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့ နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံပြီးနောက်တွင် ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမားဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ(CNCMC)တို့က လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့သည်။

ယခုနှစ်အတွင်း ဇန်နဝါရီ ၁ ရက်မှ အောက်တိုဘာ ၁၉ ရက်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမား အရေအတွက်မှာ ယခုလွှဲပြောင်းပေးအပ်ခဲ့သည့် အလုပ်သမားနှစ်ဦး အပါအဝင် အမျိုးသား ၆၃၈ ဦး၊ အမျိုးသမီး ၂၈၇ ဦးနှင့် ကလေး ၃၁ ဦး စုစုပေါင်း ၉၅၆ ဦးဖြစ်ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၂-၁၀-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၁၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၁၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၁၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၈၀/၁၀၉၅ ကျပ် | ၁၀၈၀/၁၀၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၉၀/၁၁၁၀ ကျပ် | ၁၀၉၀/၁၁၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၄၀/၁၀၆၅ ကျပ် | ၁၀၄၀/၁၀၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀/၁၁၁၅ ကျပ် | ၁၁၀၀/၁၁၁၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၄၃ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၇၄ · ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၉ · ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၁၄ · ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၂ · ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၄ · ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၂ · ၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၀၂၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ · ၀၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၀ · ၉၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၃၁၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခါတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ပဥ္စမမြောက် ရမ်ဆာထိန်းသိမ်းရေးနယ်မြေ အင်းလေး

မောင်သာ(ရှေးဟောင်းသုတေသန)

ကမ္ဘာလှည့်ခရီးသွားများအကြားတွင် အလွန်ထင်ရှားသည့် မြန်မာနိုင်ငံ၏အထင်ကရ ခရီးသွားနယ်မြေတစ်ခုဖြစ်သော အင်းလေးကန်သည် ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ်အတွင်း မြင့်မားသောရှမ်းတောင်တန်းများအလယ်၌ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၉၀၀ တွင် တည်ရှိနေသည်။ လှပသာယာသော ပထဝီအနေအထားများနှင့်အတူ ရေအရင်းအမြစ်များစုစည်းနေသည့် အင်းလေးကန်သည် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး သဘာဝရေချိုအိုင်ကြီးဖြစ်သည်။ (ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီးသည် မြန်မာနိုင်ငံ၏ အကြီးဆုံး သဘာဝရေချိုအိုင်ဖြစ်သည်။)

အင်းလေးကန်သည် ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်(ASEAN Heritage Park)၊ ၂၀၀၄ ခုနှစ်တွင် အရေးပါသောငှက်မျိုးစိတ်နှင့် ဇီဝမျိုးစုံမျိုးကွဲနယ်မြေ(Important Bird and Biodiversity Area)၊ ၂၀၁၅ ခုနှစ်တွင် ယူနက်စ်ကိုအဖွဲ့၏ ဇီဝအဝန်းနယ်မြေ(Biosphere Reserve) အဖြစ် အသိအမှတ်ပြုခြင်းခံရပြီးနောက် ၂၀၁၈ ခုနှစ် သြဂုတ် ၁၀ ရက်တွင် မြန်မာနိုင်ငံ၏ ပဥ္စမမြောက် ရမ်ဆာထိန်းသိမ်းရေးနယ်မြေ(Wetland of International Importance Ramsar Site)အဖြစ် သတ်မှတ်ခံခဲ့ရသည်။

### ရမ်ဆာ ထိန်းသိမ်းရေးနယ်မြေ(Ramsar Site)

ရမ်ဆာကွန်ဗင်းရှင်းသည် နိုင်ငံတကာမှအဆိုပြုလာသည့် ရေဝပ်ဒေသများကို စံနှုန်းကိုးခုဖြင့်စိစစ်ပြီး အနည်းဆုံး စံနှုန်းတစ်ခုနှင့်ကိုက်ညီသောဒေသကို ရမ်ဆာထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ပေးလျက်ရှိရာ ၂၀၀၄ ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် မြန်မာနိုင်ငံ၏ ပထမဆုံးသော ရမ်ဆာထိန်းသိမ်းရေးနယ်မြေအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။ ဆက်လက်၍ ၂၀၁၆ ခုနှစ်တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီး တောရိုင်းတိရိစ္ဆာန်ဘေးမဲ့တော၊ ၂၀၁၇ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ မိန်းမလှကျွန်းတောရိုင်းတိရိစ္ဆာန်ဘေးမဲ့တောနှင့် မုတ္တမပင်လယ်ကွေ့၏ တစ်စိတ်တစ်ဒေသတို့သည် ရမ်ဆာထိန်းသိမ်းရေးနယ်မြေများအဖြစ် အသိအမှတ်ပြုခြင်း ခံခဲ့ရပေသည်။

မျက်မှောက်ခေတ်လူသားများ ရင်ဆိုင်နေရသည့် သဘာဝပတ်ဝန်းကျင်၏ စိန်ခေါ်မှုများဖြစ်သော ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုဖောက်ပြန်မှု ၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု၊ လေထု၊ ရေထုညစ်ညမ်းမှု အစရှိသည့် ပြဿနာများသည် လူသားများအပါအဝင် သက်ရှိများနှင့် သဘာဝပတ်ဝန်းကျင်၏ ဂေဟစနစ်ကို ခြိမ်းခြောက်လျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဂေဟစနစ်ပျက်စီးမှုလျော့ပါးစေရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိနေသည်။ သို့ဖြစ်ရာ ဇီဝမျိုးစုံမျိုးကွဲများ၊ ရေပျော်ငှက်များ၊ ဆောင်းခိုငှက်များ ကျက်စားလေ့ရှိသည့် ရေဝပ်ဒေသများသည် အထူးဂရုပြု ထိန်းသိမ်းစောင့်ရှောက်ရမည့် သဘာဝဝန်းကျင်နယ်မြေများတွင် ပါဝင်လာခဲ့သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို များစွာ အထောက်အကူဖြစ်စေသည့် ရေဝပ်ဒေသများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် အီရန်နိုင်ငံ ရမ်ဆာမြို့၌ ကမ္ဘာ့ရေဝပ်ဒေသများဆိုင်ရာကွန်ဗင်းရှင်းကို ပထမဆုံးအကြိမ် ကျင်းပခဲ့ပြီး ယင်းနေ့ကို ကမ္ဘာ့ရေဝပ်ဒေသများနေ့ဟု သတ်မှတ်ခဲ့သည်။ နိုင်ငံတကာ ရေဝပ်ဒေသထိန်းသိမ်းရေးအဖွဲ့ဖြစ်သည့် ရမ်ဆာကွန်ဗင်းရှင်း(Ramsar Convention)တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၉ နိုင်ငံရှိပြီး မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ် မတ်လ ၁၇ ရက်တွင် ကွန်ဗင်းရှင်းအဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးခဲ့သည်။

ရမ်ဆာကွန်ဗင်းရှင်းသည် ရေဝပ်ဒေသများကို ထိန်းသိမ်းရေး၊ ယင်းဒေသများအား စဉ်ဆက်မပြတ် အသုံးချနိုင်ရေး၊ ရေဝပ်ဒေသများ၏ အခြေခံဂေဟစနစ်နှင့် ယင်းတို့၏ စီးပွားရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့် အပန်းဖြေမှုဆိုင်ရာ တန်ဖိုးများကို အသိအမှတ်ပြုရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် ဖြစ်သည်။

၂၀၀၄ ခုနှစ်အတွင်း ပြုလုပ်ခဲ့သည့် ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းလေ့လာချက်အရ မြန်မာနိုင်ငံ၏ အရေးပါသည့် ရေဝပ်ဒေသ ၉၉ ခုသည် ဧရာဝတီနှင့် ချင်းတွင်းမြစ်ဝှမ်းတွင် ၈၅ ခု၊ သံလွင်မြစ်ဝှမ်းတွင် ခြောက်ခု၊ စစ်တောင်းမြစ်ဝှမ်းတွင် ငါးခုနှင့် ရခိုင်ကမ်းရိုးတန်းတွင် သုံးခု တည်ရှိသည်။ ရေဝပ်ဒေသများကို ပင်လယ်ကမ်းခြေဒေသများဆိုင်ရာ ရေဝပ်ဒေသ၊ အင်းအိုင်နှင့် ရေကန်များဆိုင်ရာ ရေဝပ်ဒေသများ၊ နွံနှင့် သစ်ဆွေးဒေသများဆိုင်ရာ ရေဝပ်ဒေသ၊ စိမ့်တောစိမ့်မြေများဆိုင်ရာ ရေဝပ်ဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသဆိုင်ရာ ရေဝပ်ဒေသဟူ၍ ခွဲခြားထားရာ အင်းလေးကန်သည် အင်းအိုင်နှင့် ရေကန်များဆိုင်ရာ ရေဝပ်ဒေသအမျိုးအစားတွင် ပါဝင်သည်။

ရမ်ဆာထိန်းသိမ်းရေးနယ်မြေ စံနှုန်းကိုးခုတွင် ထိခိုက်ပျက်စီးလွယ်သော၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသော သို့မဟုတ် မျိုးသုဉ်းလုနီးပါးဖြစ်နေသော မျိုးစိတ်များနှင့် ခြိမ်းခြောက်ခြင်းခံနေရသော ဂေဟအဖွဲ့အစည်းများ ရှိနေခြင်း၊ ရေပျော်ငှက်ကောင်ရေ ၂၀၀၀၀ နှင့်အထက် ပုံမှန်ကျက်စားနေနိုင်ခြင်း၊ ရေပျော်ငှက်မျိုးစိတ်တစ်ခု သို့မဟုတ် မျိုးစိတ်ခွဲတစ်ခုစီ၏ အကောင်ရေ ၁ ရာခိုင်နှုန်းကို ပုံမှန်ထောက်ပံ့နိုင်ခြင်း စသည့် အချက်များပါဝင်ပြီး အင်းလေးကန်သည် စံနှုန်းခြောက်ချက်နှင့် ကိုက်ညီခဲ့သည်။

### အင်းလေးကန်၏ ပထဝီဝင်

ဘူမိဗေဒပညာရှင်များ၏ လေ့လာတွေ့ရှိချက်များအရ လွန်ခဲ့သည့် နှစ် ၁၀၀၀၀ ကာလက မြန်မာနိုင်ငံရှိ မိုးကောင်း၊ ညောင်ရွှေ၊ ဟဲဟိုး၊ လားရှိုး၊ မိုးကုတ်၊ ကျိုင်းတုံစသော ဒေသများတွင် အလွန်ကြီးမားသော အင်းအိုင်ကြီးများ ပေါ်ထွန်းခဲ့ကာ ရှမ်းကုန်းပြင်မြင့်ရှိ ညောင်ရွှေချိုင့်ဝှမ်းတစ်ခုလုံးသည် အိုင်မကြီးဖြစ်ခဲ့သည်။ နှစ် ၁၀၀၀၀ မှ နှစ် ၇၀၀၀ အကြား ကျောက်ခေတ်လယ်တွင် ထိုအိုင်မကြီး ဆုတ်ယုတ်လျော့ပါးလာပြီး အင်းလေးကန်သည် အိုင်တစ်ခုအဖြစ်ကျန်ရှိခဲ့သည်။ ယင်းနေရာ၌ လူသားများနေထိုင်လာချိန်တွင် ထိုအိုင်အနီးရှိ နောင်တော၊ နန်းပန်၊ ရွာကြီးနှင့် ရွာမကျေးရွာတို့ကို စုပေါင်း၍ အင်းလေးရွာဟု ခေါ်ရာမှ ရေအိုင်ကြီးကို အင်းလေးကန်ဟု ခေါ်ဆိုခဲ့ကြသည်။



အင်းလေး ဖောင်တော်ဦးဘုရား

အင်းလေးကန်သည် တောင်မြောက်အလျား ကိုးမိုင်နှင့် အရှေ့အနောက်အလျားသည် အကျယ်ဆုံးနေရာတွင် သုံးမိုင်ခွဲရှိသည်။ အင်းလေးကန်၏ ရေမျက်နှာပြင်အကျယ်အဝန်းသည် နွေရာသီနှင့် မိုးရာသီတွင် မတူညီဘဲ ကန်ရေပြင်ဧရိယာသည် ပျမ်းမျှ ၂၅ ဒသမ ၈ စတုရန်းမိုင်ရှိကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။ အင်းလေးကန်၏ ပျမ်းမျှအနက်သည် ခြောက်သွေ့ရာသီတွင် ခုနစ်ပေဖြစ်ပြီး မုတ်သုန်ရာသီတွင် ၁၂ ပေဖြစ်ကာ မိုးရာသီတွင် အင်းလေးကန်၏ အများဆုံးရေအနက်သည် ပေ ၂၀ အထိရှိသည်။ အင်းလေးဒေသသည် ၄၅ ဒီဂရီဖာရင်ဟိုက်နှင့် ၉၀ ဒီဂရီဖာရင်ဟိုက်အကြား မျှတသော အပူချိန်ရှိကာ ပျမ်းမျှမိုးရေချိန် လက်မ ၆၀ ဖြစ်သည်။

အရှေ့ အနောက်နှင့် မြောက်ဘက်မှ မြစ်ချောင်းများ စီးဝင်နေသည့် အင်းလေးကန်မှရေများသည် ဘီလူးချောင်းအတွင်းသို့ ဆက်လက်စီးဆင်းသွားကာ လွိုင်ကော်မြို့နယ်အတွင်း၌ နမ့်ပေါင်မြစ်နှင့်ပေါင်းဆုံပြီး သံလွင်မြစ်အတွင်းသို့ စီးဝင်သွားသည်။

အင်းလေးကန်၏ ဂေဟစနစ်နှင့်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းရန်အတွက် ၁၉၈၅ ခုနှစ်တွင် အင်းလေးကန်နှင့် မိုးပြေရေလှောင်တမံ အပါအဝင် ဧရိယာ ၁၃၁၈၇ ဒသမ ၇၇ ဧက (၂၀၆ ဒသမ ၀၇ စတုရန်းမိုင်)ကို အင်းလေးကန် တောရိုင်းတိရိစ္ဆာန်ဘေးမဲ့တောဟု သတ်မှတ်ကြေညာ၍ ကာကွယ်ထိန်းသိမ်းခဲ့သည်။

အင်းလေးကန်နယ်မြေတွင် ငှက်မျိုးစိတ် ၂၇၀၊ ငါးမျိုးစိတ် ၄၃ မျိုး၊ ကုန်းနေရေနေသတ္တဝါ ၃၄ မျိုး၊ လိပ်သုံးမျိုး၊ လိပ်ပြာ ၃၄ မျိုးနှင့် ကမ္ဘာပေါ်ရှိ အခြားနေရာများတွင်မရှိသည့် ခရုမျိုးစိတ် ၂၀ နှင့် ငါးမျိုးစိတ် ကိုးခုတို့ ရှင်သန်ကျက်စားနေကြသည်။ နိုဝင်ဘာလမှ ဇန်နဝါရီလအတွင်း အင်းလေးကန်၌ အညိုရောင် ဦးခေါင်းမည်းစင်ရော် ကောင်ရေ ၂၀၀၀၀ ကျော်ကို မြင်တွေ့နိုင်ကြသည့်အပြင် ဆောင်းရာသီတွင် အင်းလေးကန်ဝန်းကျင်သို့ ဆောင်းခိုငှက်များ ရောက်လာလေ့ရှိသည်။

### အင်းလေးဒေသ လူမှုဘဝများ

ဒေသတွင်းလူဦးရေ တိုးပွားလာမှု၊ စိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်း တိုးတက်လာမှုများသည် အင်းလေးကန်၏ သဘာဝဝန်းကျင်အပေါ် သက်ရောက်မှုများ ဖြစ်ပေါ်လာစေခဲ့သည်။ အင်းလေးကန်အနောက်ပိုင်းတွင် ကျွန်းမျောစိုက်ခင်းများ တိုးပွားလာခြင်းကြောင့် ၁၉၃၅ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ၆၅ နှစ်အတွင်း ကန်ရေမျက်နှာပြင်ဧရိယာသည် ၂၆ ဒသမ ၆၇ စတုရန်းမိုင်မှ ၁၇ ဒသမ ၉၉ စတုရန်းမိုင်သို့ လျော့ကျသွားခဲ့သည်။ ယခုအခါတွင် အင်းလေးကန်၏ ရေမျက်နှာပြင်နှင့် ကျွန်းမျောများဧရိယာသည် ၁၄၃၂၆ ဒသမ ၁၈ ဧက(၂၂ ဒသမ ၃၈ စတုရန်းမိုင်)ရှိပြီး ၅၇၉၇ ဒသမ ၆ ဧက(၉ စတုရန်းမိုင်)ကို ရမ်ဆာထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ခဲ့သည်။

ညောင်ရွှေမြို့နယ်တွင် အင်းသားလူမျိုး ၁၁၀၁၀၉ ဦး အပါအဝင် လူဦးရေ ၁၇၁၉၅၄ ဦး နေထိုင်သည့်အနက် အင်းလေးကန်ပတ်ဝန်းကျင်နှင့် အင်းလေးကန်အတွင်း အင်းသားလူမျိုး ၇၀၀၀၀ အပါအဝင် ရှမ်း၊ တောင်ရိုး၊ ဓနု၊ ပအိုဝ်၊ ကယားနှင့် ဗမာလူမျိုးများ နေထိုင်ကြသည်။ အင်းလေးဒေသနေသူများသည် လယ်ယာလုပ်ငန်း၊ ပန်းထိမ်၊ ပန်းပဲ၊ ပန်းတည်း၊ ရက်ကန်း၊ ငါးဖမ်းလုပ်ငန်းနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေး လုပ်ငန်းများဖြင့် အသက်မွေးမြူကြသည်။

အင်းလေးကန်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများပြုလုပ်ကြသည့် ကျွန်းမျောများတွင် သဘာဝအတိုင်းဖြစ်ပေါ်လာသည့် ကျွန်းမျောများ ရှိသကဲ့သို့ လူလုပ်ကျွန်းမျောများလည်းရှိသည်။ အင်းလေးကန်၏ ရေနက်ပိုင်းအောက်ခြေမှ ရေမှော်ပင်များကို ရေပြင်ပေါ်သို့ဆွဲတင်၍ မိမိတို့စိုက်ပျိုးလိုသည့်နေရာများတွင် ဝါးတိုင်များဖြင့် ချည်နှောင်ထားသည့် လူလုပ်ရေမျောစိုက်ခင်းများသည် ရေပြင်အနိမ့်အမြင့်အတိုင်း အတက်အကျဖြစ်နေသဖြင့် ရေလွှမ်းမှုမရှိဘဲ စိုက်ပျိုးနိုင်ကြသည်။

အင်းလေးကန်အတွင်း လှေများဖြင့်သာ သွားလာ၊ သယ်ယူပို့ဆောင်ကြပြီး အနည်းငယ်ကြီးမားသော လှေများကို အင်ဂျင်စက်များ တပ်ဆင်မောင်းနှင်ကြသည်။ အင်းလေးကန်၏ ကမ္ဘာကျော်လက္ခဏာတစ်ရပ်သည် အင်းလေးကန်အတွင်း လှေများကို ခြေထောက်ဖြင့်လှော်ခတ် သွားလာကြခြင်းဖြစ်သည်။ လှေလှော်သူသည် လှေနောက်ပိုင်းတွင် မတ်တတ်ရပ်လျက် လှော်တက်ရှည်ကို ခြေထောက်တစ်ဖက်ဖြင့်ညှပ်ကာ လှော်တက်ဖျားကို လက်ဖြင့်ထိန်းလျက် ခြေထောက်ကိုအားပြုလှော်ခတ်ကြခြင်းကို မြင်သူတိုင်းက စိတ်ဝင်စားကြသည်။

ရှေးယခင်က အင်းလေးကန်အတွင်း လှေများကို ထိုင်၍ လှော်ခတ်ကြခဲ့ကြရာ လှေလှော်ခတ်သူသည် လှေရှေ့ရှိမှော်ပင်များနှင့် ရေပြင်တွင်မျောပါနေသည့်အပင်များကို မမြင်ရသဖြင့် မတ်တတ်ရပ်ကာ လှော်ခတ်ကြရာမှ ခြေဖြင့်လှေလှော်သည့် ဓလေ့ ဖြစ်ထွန်းလာခဲ့သည်ဟု ဆိုကြသည်။ အများအားဖြင့် အမျိုးသားများက မတ်တတ်ရပ်လျက် လှေလှော်လေ့ရှိပြီး အမျိုးသမီးများက လှေအတွင်း၌ တင်ပလ္လင်ခွေထိုင်လျက် လှော်ခတ်ကြသည်။ သို့သော် လှေလှော်ပြိုင်ပွဲများတွင် အမျိုးသမီးများသည်လည်း အမျိုးသားများကဲ့သို့ မတ်တတ်ရပ်လျက် လှော်ခတ်၍ ပြိုင်ပွဲဝင်ကြသည်။

ငါးဖိန်း(Cyprinusintha)ငါးမျိုးစိတ်သည် အင်းလေးကန်၌ အများဆုံး ရှင်သန်ကျက်စားသဖြင့် ဒေသနေပြည်သူများသည် ငါးဖိန်းကို အဓိက စားသုံးကြသည်။ အင်းလေးကန်၏ ရိုးရာအစာတစ်ခုဖြစ်သည့် အချဉ်ဖောက်ထားသောထမင်းကို အာလူး၊ ငါးနှင့် ရောနယ်ကာ တို့ဟူးကြော်နှင့် တွဲဖက်စားရသည့် ထမင်းချဉ်သည် စားဖူးသူတိုင်းစွဲလမ်းကြသည့် အင်းလေးဒေသ ရိုးရာအစားအစာတစ်ခု ဖြစ်ပေသည်။

ညောင်ရွှေမြို့နယ်တွင် အမြဲဖွင့်လှစ်သည့်ဈေး ၁၁ ခုရှိသည့်အနက် အင်းလေးဒေသ၌ တောင်ကြီးဈေး၊ ရွာမရေပေါ်ဈေး၊ အောင်ပန်းဈေး၊ မိုင်းပျိုးဈေး၊ ဆတ်သေဈေး၊ နမ့်ခုတ်ဈေး၊ ပင်ခွန်ဈေးတို့ ရှိသည်။ ငါးရက်တစ်ကြိမ်ဖွင့်လှစ်ရောင်းချကြသည့်ဈေးများတွင် ဒေသနေအင်းသားများ ဆုံစည်းလေ့ရှိကြသည်။ တောင်ကြီးမြို့အနီးဝန်းကျင်၌ ဖွင့်လှစ်ရောင်းချသည့် ငါးရက်ဈေးများသည် တောင်ကြီးတွင် ၁၀ နေရာ၊ ညောင်ရွှေတွင် ၁၃ နေရာ၊ မိုင်းသောက်တွင် ၁၀ နေရာ၊ ဟဲဟိုးတွင် ၁၁ နေရာနှင့် ရွှေညောင်တွင် ၁၁ နေရာ ရှိသည်။ ထိုဈေးရက်များတွင် မိမိတို့ဒေသထွက်ကုန်များအပြင် မြို့ပြအသုံးအဆောင်များကိုလည်း ရောင်းချလေ့ရှိကြသည်။ ထို့အတူ အင်းလေးကန်အတွင်း လှေငယ်များဖြင့် လှည့်လည်ရောင်းချကြသည့် လှေပေါ်ဈေးများကို ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားကြသည်။

ဒေသထွက် လက်မှုပစ္စည်းများဖြစ်သည့် ဆေးပေ့ါလိပ်များ၊ အင်းလေးတွင်ရက်လုပ်သော အဝတ်အထည်များ၊ လွယ်အိတ်များ၊ ပိုးခြည်ဖြင့်ရက်လုပ်သည့် လုံခြည်များ၊ ငွေထည်ပစ္စည်းများ၊ လက်ဝတ်တန်ဆာများကို အင်းလေးကန်အတွင်းမှာပင် ဝယ်ယူနိုင်ကြသည်။ အင်းလေးဒေသတွင်သာ ထုတ်လုပ်သည့် ကြာသင်္ကန်းသည် နာမည်ကြီးသကဲ့သို့ တန်ဖိုးလည်းကြီးမားသည်။ ကြာရိုးကြာနွယ်များကို အဆစ်များဆစ်ကာ ဖြတ်တောက်ဆွဲငင်၍ထွက်ရှိလာသည့် ကြာမျှင်များကို ချည်ဖြစ်အောင်ကျစ်ပြီးရက်လုပ်ရသော သင်္ကန်းဖြစ်သဖြင့် လူအင်အားများများနှင့် အချိန်များများ အသုံးပြုကြရသည်။

### အင်းလေးနှင့် ဖောင်တော်ဦး

အင်းလေးကန်အတွင်း၌ ရှေးအစဉ်အဆက်က တည်ထားကိုးကွယ်ခဲ့ကြသည့် ဘုရား၊ စေတီများ၊ သာသနိကအဆောက်အအုံများအနက် သက္ကရာဇ် ၁၁၁၂ ခုနှစ်တွင် အင်းလေးကန်သို့ ပုဂံဘုရင် အလောင်းစည်သူမင်း ရောက်ရှိခဲ့စဉ်က တည်ထားခဲ့သည်ဟု ယုံကြည်ကြသည့် ဖောင်တော်ဦးစေတီတော်သည် အထင်ရှားဆုံးဖြစ်သည်။ ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနီယ ပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လတွင် ကျင်းပလေ့ရှိသည်။

ဖောင်တော်ဦးစေတီတော်တန်ဆောင်းတွင် သီတင်းသုံးနေသော ဗုဒ္ဓဘုရားရှင် ရုပ်ပွားတော်လေးဆူသည် ဗုဒ္ဓပူဇနီယ ပွဲတော်ရက်များတွင် အင်းလေးဒေသ ၂၁ ဌာနသို့ ဒေသစာရီလှည့်လည် အပူဇော်ခံကာ ဟဲယားရွာမ၊ ငါးဖယ်ချောင်၊ ကြေးစား၊ လင်းကင်း၊ မိုင်းသောက်၊ သလဲဦး၊ ဇရပ်ကြီး၊ နမ့်ပန်၊ ကျိုန်းခမ်း၊ မိုင်းပျိုး၊ နောင်တော၊ ရေသာနှင့် ဖောင်တော်ဦးကျောင်းများတွင် ညအိပ်ရပ်နား ကျိန်းစက်မြဲဖြစ်ပေသည်။

ရုပ်ရှင်တော်မြတ်လေးဆူ ကြွမြန်းလာသည့် ဘုရားကြီးကြိုးဆွဲလှေကို အင်းသားရိုးရာ တူညီဝတ်စုံများ ဝတ်ဆင်ထားကြသည့် လှေသားများက တစ်ရွာဝင်တစ်ရွာထွက် လှော်ခတ်ပင့်ဆောင်ကြသည်။ ကျောင်းတော်ဝင်ရက်တွင် အင်းသားရိုးရာ ၄၆ တက် အမျိုးသား၊ အမျိုးသမီး လှေလှော်ပြိုင်ပွဲများကို ကျင်းပကြပြီး ယခုနောက်ပိုင်းတွင် အမျိုးသား၊ အမျိုးသမီး ရာကျော်တက် လှေပြိုင်ပွဲများကို ကျင်းပသည်။

အင်းလေးကန်သို့ ရွှေညောင်မှဖြစ်စေ၊ အင်းတိန်မှဖြစ်စေ၊ မိုင်းသောက်မှဖြစ်စေ သွားရောက်နိုင်ပြီး ကန်ရေပြင်ကျယ်ကြီးကို စက်လှေဖြင့်ဖြတ်သန်းကာ အင်းလေးကန်အတွင်းရှိ ဘုရားစေတီများသို့ သွားရောက်နိုင်ကြသည်။ အင်းလေးရေပြင်တစ်လျှောက်တွင် သာယာရှုမောဖွယ်ကောင်းသည့်မြင်ကွင်းများကို ရှုမဆုံးအောင် မြင်ကြရသည်။ ထို့အတူပင် အင်းလေးကန်အတွင်းမှ ကျွန်းမျောစိုက်ခင်းများ၊ ငါးဖမ်းလှေများ၊ စင်ရော်ငှက်များ၊ အပြိုင်အဆိုင် ခုတ်မောင်းနေကြသည့် စက်လှေများ၊ လှေကို ခြေဖြင့်လှော်ခတ် သွားလာနေကြသည့် အင်းသားများကိုလည်း တွေ့ကြရပေသည်။

ရှမ်းပြည်နယ်၏အသည်းနှလုံးဖြစ်သော အင်းလေးကန်သည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်မှုရှိသော နေရာတစ်ခုအဖြစ် ကာလကြာရှည်စွာကပင် ထင်ရှားခဲ့သည်။ အင်းလေးဒေသသို့ လာရောက်လည်ပတ်ရန် အကောင်းဆုံးအချိန်သည် စက်တင်ဘာလနှင့် အောက်တိုဘာလဖြစ်သော်လည်း ပြည်တွင်းပြည်ပ ခရီးသွားများသည် အင်းလေးသို့ အမြဲမပြတ် လာရောက်လေ့ရှိကြသည်။

မြန်မာနိုင်ငံ၏ ပဥ္စမမြောက် ရမ်ဆာထိန်းသိမ်းရေးနယ်မြေဖြစ်လာသည့် အင်းလေးတွင် ခရီးသွားလုပ်ငန်းများ ဆက်လက်တိုးတက်လာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်နှင့် အင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများ၊ ရှေးဟောင်း သာသနိကအဆောက်အအုံများကို ထိခိုက်မှုနည်းပါးအောင် ဂရုပြုလျက် ကမ္ဘာကျော် အင်းလေးကန်ကြီး ရေရှည်တည်တံ့နေစေရန် ဝိုင်းဝန်း၍ ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်ပေသည်။ ။

# မိုင်းဖုန်းဆရာတော်ကြီး သီတင်းကျွတ်လပြည့်နေ့တွင် ဂူထွက်ပြီး တရားဟောကြားမည်



**မိုင်းဆတ် အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မုန်းကျက်ဂူအတွင်း ဝါတွင်းကာလ သီတင်းသုံးနေသော သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မိုင်းဖုန်းဆရာတော်ကြီး ဘဒ္ဒန္တဉာဏသံဝရသည် အောက်တိုဘာ ၂၄ ရက်(သီတင်းကျွတ်လပြည့်နေ့)တွင် ဂူမှထွက်တော်မူပြီး တပည့် ဒါယကာ၊ ဒါယိကာမများအား တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မိုင်းဖုန်းဆရာတော်ကြီး တရားဟောကြားမည့်နေရာအတွက် ပြင်ဆင်မှုများနှင့် ဆရာတော်ကြီးအားဖူးမြော်ရန် ရောက်ရှိလာမည့် ရပ်နီးရပ်ဝေးမှ ဧည့်သည်တော်များ တည်းခိုနေထိုင်ရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်လျက်ရှိကာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်၊ ခရိုင်သာသနာရေးမှူး ဦးမျိုးမင်းလတ်နှင့် ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်စိုးဦးတို့က အောက်တိုဘာ ၂၀ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန်းဇော်(မိုင်းဆတ်)**

# မီးဘေးသင့်ဘုန်းတော်ကြီးကျောင်းအား အလှူငွေနှင့် လှူဒါန်းဖွယ်ရာများ ဆက်ကပ်



**တန့်ယန်း အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ် မန်ကောင်းမူးကျေးရွာအုပ်စု နောင်ချိုကျေးရွာ မီးဘေးသင့်ဘုန်းတော်ကြီးကျောင်းအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် အရန်မီးသတ်တပ်ရင်းတို့ ပူးပေါင်းကာ အောက်တိုဘာ ၁၉ ရက် မွန်းလွဲပိုင်းက အလှူငွေနှင့် လှူဒါန်းဖွယ်ရာများ ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါ မီးဘေးသင့်ဘုန်းတော်ကြီးကျောင်းသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်စိုးမိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်အရန်မီးသတ်တပ်ရင်းမှ ဒုတိယတပ်ရင်းမှူး ဦးခင်မောင်မြင့်နှင့် တပ်ဖွဲ့ဝင်များက စုပေါင်း၍ သွားရောက်ကာ အလှူငွေကျပ် လေးသိန်းသုံးသောင်းနှင့် လှူဒါန်းဖွယ်ရာများကို ဆက်ကပ်ခဲ့ကြသည်။

စက်တင်ဘာ ၂၇ ရက်က မီးလောင်ခဲ့သော မန်ကောင်းမူးကျေးရွာအုပ်စု နောင်ချိုရွာ ဘုန်းတော်ကြီးကျောင်းသည် တန့်ယန်းမြို့မှ ၂၇ မိုင်ခန့်ဝေးကွာပြီး တောင်ပေါ်ဒေသဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်ရေးအနည်းငယ်ခက်ခဲရာ ဌာနဆိုင်ရာ၊ အသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများက သွားရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

# ဆင်ဇာချောင်းရေတိုက်စား၍ ပေါက်မြို့နယ်၌ လမ်းပျက်စီးမှုဖြစ်

**ပေါက် အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ အောက်တိုဘာလဆန်းပိုင်းအတွင်း အဆက်မပြတ် မိုးရွာသွန်းခြင်းကြောင့် အောက်တိုဘာ ၁၉ ရက်မှစ၍ ဆင်ဇာချောင်းရေကြီးရေလျှံကာ ရေတိုက်စားမှုဖြစ်ပြီး ဆင်ဇာ-ကူးကား-ခင်တန်းရှည် ကျေးရွာချင်းဆက်လမ်းတွင် ပျက်စီးမှုများရှိခဲ့ကြောင်းနှင့် ရေလျှံမှုများ ဆက်လက်မဖြစ်ပွားစေရန်အတွက် ပေါက်မြို့ အမှတ်(၂)ဆင်ဇာချောင်းတံတားအောက်ဘက်၌ ဆင်ဇာချောင်း ရေကာတာရိုက်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နေကြရကြောင်း သိရသည်။

ချောင်းရေတိုက်စား၍ လမ်းပျက်စီးခြင်းများကြောင့် ဆင်ဇာကျေးရွာ၊ ကူးကားကျေးရွာနှင့် ခင်တန်းရှည်ကျေးရွာတို့မှ ပြည်သူများအနေဖြင့် လက်ရှိအချိန်တွင် ကျေးရွာများအကြား ဆက်သွယ်ရာတွင်လည်းကောင်း၊ ပေါက်မြို့ပေါ်သို့လာရောက်သည့်အခါတွင်လည်းကောင်း လမ်းပန်းဆက်သွယ်ရေးအခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

ချောင်းရေတိုက်စားခြင်းကြောင့် လမ်းပျက်စီးမှုများ ဆက်လက်မဖြစ်ပွားစေရန်အတွက် အဆိုပါ ရွာသုံးရွာမှ ပြည်သူများနှင့်အတူ ကျေးရွာအုပ်ချုပ်ရေးမှူးများက သဲအိတ်များချကာ ချောင်းရေလမ်းကြောင်း လွှဲပြောင်းမှုများကို အောက်တိုဘာ ၁၉ ရက်ကပင် ကိုယ့်အားကိုယ်ကိုးလုပ်ကိုင်ထားကြကြောင်းလည်း သိရသည်။

ချောင်းရေလျှံနေမှုကြောင့် ပေါက်မြို့ပေါ်ရှိ အောင်တော်မူရပ်ကွက်နှင့် အောင်တံခွန်ရပ်ကွက်တို့အတွင်း အနိမ့်ပိုင်းရှိ နေအိမ်များ၊ ရုံးများ၊ ကျောင်းများသို့လည်း ချောင်းရေဝင်ရောက်မှုများရှိနေ၍ ရေကာတာရိုက်ခြင်းလုပ်ငန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းတို့ ဦးဆောင်သည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နေ ဒေသခံပြည်သူများ ဝိုင်းဝန်းပူးပေါင်း၍ ဆောင်ရွက်နေကြကြောင်း သိရသည်။

ရေကာတာကို ပေါက်မြို့အမှတ်(၂)ဆင်ဇာချောင်းတံတားအောက်ဘက်၌ ပြုလုပ်နေခြင်းဖြစ်ပြီး ပီပါခွံအလုံး ၅၀ ကို စီတန်းကာ ပီပါများအတွင်းသို့ သဲများထည့်၍ မျောတိုင်များ စီတန်းရိုက်ပြီးနောက် ရေဝင်ရောက်မှုကို ကာကွယ်နိုင်ရန်နှင့် ရေကြောင်းပြောင်းလဲနိုင်ရန်အတွက် ရေကာတာရိုက်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**



# စစ်တွေခရိုင်အတွင်း မျိုးစေ့ထုတ်လုပ်ငန်းများအောင်မြင်ရေးဆိုင်ရာ သင်တန်းဖွင့်

**စစ်တွေ အောက်တိုဘာ ၂၂**

ရခိုင်ပြည်နယ် စစ်တွေခရိုင်အတွင်းရှိ မြို့နယ်အသီးသီးတွင် ယခုနှစ် မိုးစပါးရာသီအတွင်း စိုက်ပျိုးဆောင်ရွက်လျက်ရှိသော မျိုးစေ့ထုတ်လုပ်ငန်းများ အောင်မြင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းဆိုင်ရာ ပညာပေးသင်တန်းကို စစ်တွေမြို့ရှိ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး၌ အောက်တိုဘာ ၁၉ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတိုးဝေက ရခိုင်ပြည်နယ်အတွင်းရှိ စိုက်ပျိုးရေးပညာရှင် ဝန်ထမ်းများအနေဖြင့် ဌာန၏ အဓိကတာဝန်ကြီးတစ်ရပ်ဖြစ်သော မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်လျက်ရှိရာတွင် မျိုးစေ့ထုတ်လုပ်ငန်း စံချိန်စံညွှန်းများနှင့်အညီ ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ရန်နှင့် လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကွင်းဆင်း စစ်ဆေးခြင်းသည် မျိုးစေ့ထုတ်လုပ်ငန်းစဉ်တွင် အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ မျိုးစေ့ထုတ်လုပ်ငန်းများကို နှစ်စဉ်တိုးချဲ့ဆောင်ရွက်ရန်လိုအပ်ပြီး ရခိုင်ပြည်နယ်အတွင်း မျိုးကောင်းမျိုးသန့် လွှမ်းခြုံမှုနှင့် ရာနှုန်းပြည့်အသုံးပြုနိုင်ရေး စီမံချက်ချမှတ်၍ အကောင်အထည်ဖော်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခုသင်တန်းမှ ပို့ချသင်ကြားပေးသည့် နည်းပညာများကို စိုက်ပျိုးရေးပညာရှင် ဝန်ထမ်းများအား ဆင့်ပွားသင်တန်းပို့ချခြင်းဖြင့် မျိုးစေ့ထုတ်စိုက်ကွင်းများတွင် လက်တွေ့စစ်ဆေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် စစ်တွေခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးမင်းထွန်းက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်နှင့် စပါးမျိုးကွဲအလိုက် အရည်အချင်း လက္ခဏာများကိုလည်းကောင်း၊ ခရိုင်မျိုးစေ့တာဝန်ခံက ကွင်းဆင်းစစ်ဆေးခြင်း ဘာသာရပ်အကြောင်းကို လည်းကောင်း၊ ခရိုင်သီးနှံကာကွယ်ရေး တာဝန်ခံက ကွင်းဆင်းစစ်တမ်းကောက်ယူခြင်းဘာသာရပ်ကို လည်းကောင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံက မြေနမူနာရယူနည်းများ ဘာသာရပ်ကို လည်းကောင်း သင်ကြားပို့ချခဲ့ကာ အဆိုပါသင်တန်းသို့ စစ်တွေခရိုင်အတွင်းရှိ မြို့နယ်လေးခုမှ စိုက်ပျိုးရေးဌာန ဒုလက်ထောက်ဦးစီးမှူးများနှင့် အလုပ်သင်နေ့စား (ကွင်း)ဝန်ထမ်း ၆၀ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ရန်ကုန်မြစ် ရေလမ်းကြောင်းဖွံ့ဖြိုးရေးအတွက် သောင်တူးခြင်းများ လုပ်ဆောင်လျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၂**

ရန်ကုန်မြစ် ရေလမ်းကြောင်းနှင့် ရန်ကုန်ဆိပ်ကမ်းများ ပိုမိုဖွံ့ဖြိုးရေးအတွက် သောင်တူးခြင်းလုပ်ငန်းများကို ဆက်လက်၍လုပ်ဆောင်နေကြောင်း ရှင်းလင်းပွဲတစ်ရပ်ကို အောက်တိုဘာ ၁၉ ရက်က ရန်ကုန်မြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး၌ ပြုလုပ်ခဲ့သည်။

အဆိုပါရှင်းလင်းပွဲတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရေကြောင်းဌာနမှ ရေကြောင်းဌာနမှူးချုပ် ဦးအောင်ကျော်ထူး၏ ရှင်းလင်းပြောကြားချက်အရ ရန်ကုန်မြစ်အတွင်းသို့ ကိုးမီတာ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်ရာတွင် ရေလမ်းကြောင်း ပိုမိုကောင်းမွန်တည်ငြိမ်ရေးအတွက် ၂၀၁၈ ခုနှစ် မေလမှ စတင်ကာ Seaford အမည်ရှိ သောင်တူးသင်္ဘောကြီးဖြင့် သောင်တူးခြင်းလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ ထိုသို့ သောင်တူးခြင်းလုပ်ငန်းများကို ငါးနှစ်စီမံကိန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် ရန်ကုန်မြစ်၏ အပြင်စည်းခုံနေရာတွင် လေးမီတာအနက်ရရှိ၍ ရေလမ်းကြောင်းတည်ငြိမ်နေပြီဖြစ်ကာ ဆက်လက်၍ အတွင်းစည်းခုံနေရာတွင် သောင်တူးမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

**တင်မောင်**



# ငပုတောမြို့နယ်၌ အခြေခံသမဝါယမအသင်း အမှုဆောင်များအတွက် စာရင်းရေးသွင်းမှုဆိုင်ရာ သင်တန်းဖွင့်လှစ်

**ငပုတော အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းများမှ အမှုဆောင်များအတွက် စာရင်းရေးသွင်းမှုသင်တန်းကို အောက်တိုဘာ တတိယပတ်အတွင်းက မြို့နယ်သမဝါယမအသင်းစုရုံး၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနှင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးရဲမြင့်စိုးက အခြေခံသမဝါယမအသင်းများမှ အမှုဆောင်များအနေဖြင့် အသင်းများ၏ စာရင်းအချက်အလက်များကို ကိုယ်တိုင်ရေးသွင်းနိုင်ရန်နှင့် နောင်တစ်ချိန်တွင် မိမိအသင်း၏ စာရင်းများကို အသင်း၏အမှုဆောင်များကိုယ်တိုင် ရေးသွင်းရန် ရည်ရွယ်လျက် သင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ငပုတောမြို့နယ်အတွင်းရှိ ဖွဲ့စည်းထားပြီးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ သမဝါယမအသင်းပေါင်း ၁၀ သင်းမှ အမှုဆောင်အသင်းဝင် ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကို သုံးရက်ကြာဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

***ယမန်နေ့မှအဆက်***

(ခ) ပုဒ်မခွဲ (၁) အရ ငွေတောင်းခံလွှာ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများဆိုသည်မှာ စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ် နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ ဖော်ပြသည့်ပုံစံကို ဆိုသည်။

(ဂ) ဤပုဒ်မပါ ဆောင်ရွက်ရန်အချက်များကို လိုက်နာရန် ပျက်ကွက်လျှင်ပျက်ကွက်မှုကို သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေခွင့်ပြုသည့် အပိုင်း (၆)လုပ်ငန်း၏အရာရှိနှင့် အပိုင်း (၆) လုပ်ငန်း၏အစီအစဉ်ကြီးကြပ်သူအား မှတ်ပုံတင်အရာရှိသည် ကျပ်တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေကို တပ်ရိုက်နိုင်သည်။

**အစီအစဉ်ကြီးကြပ်သူအားအစားထိုးခြင်း**

၁၃၃။ (က) ပုဒ်မ ၁၀၁၊ ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဃ)၊ ပုဒ်မ ၁၀၂၊ ပုဒ်မခွဲ (ခ)နှင့် (ဂ) နှင့်ပုဒ်မ ၁၀၃၊ ပုဒ်မခွဲ (ခ)၊ (ဂ)နှင့် (ဃ) တို့အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ရာထူးမှထုတ်ပယ်ခြင်း၊ ရာထူးနေရာလစ်လပ်ခြင်းနှင့် လစ်လပ်သောရာထူးနေရာတွင် အစားထိုးခန့်ထားခြင်းတို့နှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များသည် အပိုင်း(၆) လုပ်ငန်းအစီအစဉ်အဆင့်တွင် အစီအစဉ်ကြီးကြပ်သူနှင့် စပ်လျဉ်း၍လည်း အသုံးပြုနိုင်သည်။ ထို့ပြင် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတွင် အသုံးပြုနိုင်သော ပြဋ္ဌာန်းချက်များသည် အပိုင်း (၆) လုပ်ငန်းအစီအစဉ်အဆင့်တွင်လည်း အသုံးပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အစီအစဉ်ကြီးကြပ်သူကို ခန့်အပ်ပြီးပါက ၎င်းသည် ထိုသို့ခန့်အပ်ကြောင်းကို မှတ်ပုံတင်အရာရှိထံသို့ အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အကြောင်းကြားစာ ပေးပို့ရမည်။

**အခန်း (၅)**

**ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲခြင်း သို့မဟုတ် ရပ်စဲခြင်း**

**မဲခွဲရာတွင် မဲအများစုကို သတ်မှတ်ခြင်း**

၁၃၄။ ဤအခန်းပါ ရည်ရွယ်ချက်များအလို့ငှာ

(က) **ထပ်ဆင့်မဲအများစု** ဆိုသည်မှာ အောက်ဖော်ပြပါနည်းနှစ်မျိုးစလုံးဖြင့်ရရှိသည့် မဲအများစုကို ဆိုလိုသည်-

(၁) အစည်းအဝေးတွင် မဲပေးသူမြီရှင်တို့၏ ကြွေးမြီ စုစုပေါင်းတန်ဖိုး၏ငါးဆယ်ရာခိုင်နှုန်း သို့မဟုတ် ယင်းပမာဏထက်ပိုသော ကြွေးမြီပိုင်ဆိုင်သူ မြီရှင်များ၊ နှင့်

(၂) အစည်းအဝေးတွင် မဲပေးသူမြီရှင် စုစုပေါင်းအရေအတွက်၏ ငါးဆယ်ရာခိုင်နှုန်း သို့မဟုတ် ယင်းအရေအတွက်ထက်ပိုသောမြီရှင်များ။

(ခ) **အုပ်စုတစ်စုတည်းမဲအများစု** ဆိုသည်မှာ မဲခွဲရာတွင် ထပ်ဆင့်မဲအများစုတွင်ပါဝင်သောအုပ်စုနှစ်စုအနက် တစ်စုက မဲအများစုရရှိခြင်းကို ဆိုသည်။

**ရည်ရွယ်ချက်အောင်မြင်ပါက ပြန်လည်ထူထောင်ရေးအစီအစဉ် ရပ်စဲခြင်း**

၁၃၅။ (က) အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ် သို့မဟုတ် ထိုအစီအစဉ်နှင့် သက်ဆိုင်သော အခြားသူများ၏ တာဝန်ဝတ္တရားများအား အပြည့်အဝဆောင်ရွက်ပြီးသည့်အပြင် အစီအစဉ်အရ မြီရှင်များ၏တောင်းဆိုမှုများကို ဆောင်ရွက်ပြီးဖြစ်ပါက အစီအစဉ်ကြီးကြပ်သူသည် အစီအစဉ်အားရပ်စဲကြောင်း အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။ ယင်းအကြောင်းကြားစာတွင် အထက်ဖော်ပြပါကိစ္စရပ်များကို ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြရမည်။

(ခ) အစီအစဉ်ကြီးကြပ်သူသည် ပုဒ်မခွဲ (က) အရ အကြောင်းကြားစာကိုမှတ်ပုံတင်အရာရှိထံသို့ ပေးပို့ပြီးပါက ၎င်းအားခန့်အပ်ထားမှုသည် ရပ်စဲပြီးဖြစ်သည်။

(ဂ) အစီအစဉ်ကြီးကြပ်သူသည် ပုဒ်မခွဲ (က) အရ အကြောင်းကြားစာကို ခိုင်လုံသော အကြောင်းမရှိဘဲ မှတ်ပုံတင်အရာရှိထံ ပေးပို့ရန် ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိက ၎င်းအား ကျပ်တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေတပ်ရိုက်နိုင်သည်။

(ဃ) အစီအစဉ်ကိုအောင်မြင်စွာအကောင်အထည်ဖော်ပြီးပါက ကုမ္ပဏီမှတ်ပုံတင်ခြင်းမှ ပယ်ဖျက်မည် သို့မဟုတ် အစုစပ်လုပ်ငန်းကို ဖျက်သိမ်းမည်ဟု အစီအစဉ်တွင် ဖော်ပြပါရှိလျှင် အစီအစဉ်ကြီးကြပ်သူသည် ကုမ္ပဏီ သို့မဟုတ် အစုစပ်လုပ်ငန်းကို ပယ်ဖျက်ပေးရန် တစ်ချိန်တည်းတွင် လျှောက်ထားရမည်။ ထိုသို့လျှောက်ထားမှုအပေါ် ပုဒ်မ ၂၁၂ ပါ ပြဋ္ဌာန်းချက်များသည် ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့် အစီအစဉ်ကြီးကြပ်သူက တင်သွင်းရန် အချက်အလက်များနှင့် သက်ဆိုင်စေရမည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်ခြင်း**

၁၃၆။ (က) အစီအစဉ်ကြီးကြပ်သူသည် အောက်ပါအခြေအနေများတွင် ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်ရန်အတွက် အစည်းအဝေးခေါ်ယူရမည်-

(၁) အပိုင်း (၆) လုပ်ငန်းက တောင်းဆိုသည့်စာကို လက်ခံရရှိလျှင်၊ သို့မဟုတ်

(၂) အစီအစဉ်ပါစည်းကမ်းချက်များ၏ အဓိကကျသော အကြောင်းအရာများကို ချိုးဖောက်လျက်ရှိသည် သို့မဟုတ် ချိုးဖောက်ရန် အလားအလာရှိသည်ဟု အစီအစဉ်ကြီးကြပ်သူက ထင်မြင်ပြီး အစီအစဉ်ကို ရပ်စဲခြင်းထက် ပြောင်းလဲခြင်းက ပိုမိုအကျိုးရှိနိုင်လျှင်။

(ခ) ပုဒ်မခွဲ (က) ပါ အခြေအနေတွင် အစီအစဉ်ကြီးကြပ်သူက အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) နည်းဥပဒေတွင်ဖော်ပြထားသည့်နည်းလမ်းများအတိုင်း မြီရှင်များ၏ အစည်းအဝေးကျင်းပမည့် အကြောင်းကြားစာ ပေးပို့ရမည်၊

(၂) မြီရှင်များထံပေးပို့သည့် အကြောင်းကြားစာတွင် အဆိုပြုပြောင်းလဲလိုသည့် အစီအစဉ်မိတ္တူနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(ကက) မည်သည့်အတွက်ကြောင့် ထိုသို့ ပြောင်းလဲပြင်ဆင်ကြောင်း ရှင်းလင်းချက်၊

(ခခ) မြီရှင်များသည် ပြောင်းလဲမှုကို ထောက်ခံသင့်သည်၊ ကန့်ကွက်သင့်သည် သို့မဟုတ် အစီအစဉ်ကို ရပ်စဲသင့်သည်ဟု အစီအစဉ်ကြီးကြပ်သူ၏ ထင်မြင်ချက်၊

(ဂဂ) အစီအစဉ်ကြီးကြပ်သူက ထိုသို့ ယူဆရသည့် အကြောင်းအရင်း၊

(ဃဃ) အဆိုပြုထားသည့်ပြောင်းလဲမှုသည် အပိုင်း (၆) လုပ်ငန်းနှင့် တွဲဖက်လုပ်ကိုင်သူကို အကျိုးပြုနိုင်ခြင်း ရှိ မရှိ။

(ဂ) နည်းလမ်းတကျ ကျင်းပသည့် မြီရှင်များအစည်းအဝေးတွင် ထပ်ဆင့်မဲအများစုရရှိပါက ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်မှုသည် အတည်ဖြစ်စေရမည်။

(ဃ) မဲခွဲရာတွင် ထပ်ဆင့်မဲအများစုဖြင့် ဆုံးဖြတ်ခြင်းမပြုနိုင်ဘဲ အုပ်စုတစ်စုတည်း မဲအများစုရရှိပါက အစီအစဉ်ကြီးကြပ်သူသည် အဆုံးအဖြတ်ပေးမည့်မဲကို ပေးပိုင်ခွင့်ရှိသည်။ ထိုမဲသည် အစီအစဉ်ပြောင်းလဲပြင်ဆင်မှုအတွက် ထောက်ခံမဲပေးပါက ဆုံးဖြတ်ချက်သည် အတည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(င) ပြောင်းလဲပြင်ဆင်မှုအတွက် အဆုံးအဖြတ်မပြုနိုင်လျှင် အစည်းအဝေးသဘာပတိသည် အစီအစဉ်ကိုရပ်စဲရန် မဲခွဲဆုံးဖြတ်မည့်အစည်းအဝေးကို ထပ်မံကျင်းပရမည်။

(စ) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရပ်စဲရန် ထပ်ဆင့်မဲအများစုရရှိပါက ရပ်စဲမှုသည် အတည်ဖြစ်စေရမည်။

(ဆ) မဲခွဲရာတွင် ထပ်ဆင့်မဲအများစုဖြင့် ဆုံးဖြတ်ခြင်းမပြုနိုင်ဘဲ အုပ်စုတစ်စုတည်းမဲအများစုရရှိပါက အစီအစဉ်ကြီးကြပ်သူသည် အဆုံးအဖြတ်ပေးမည့်မဲကိုပေးပိုင်ခွင့်ရှိသည်။ ထိုမဲသည် အစီအစဉ်ရပ်စဲရန်အတွက် ထောက်ခံမဲပေးပါက ဆုံးဖြတ်ချက်သည် အတည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဇ) အစီအစဉ်ရပ်စဲရန်အတည်မပြုနိုင်ပါက အပိုင်း (၆) လုပ်ငန်းသည် အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပြီး ဤအစည်းအဝေးသည် မူလအစီအစဉ်အပေါ် မည်သို့မျှ အကျိုးသက်ရောက်မှုမရှိဟု မှတ်ယူရမည်။ သို့ရာတွင် ပုဒ်မ ၁၃၈ အရ လျှောက်ထားလာလျှင် တရားရုံးသည် အစီအစဉ်ကို ရပ်စဲသင့်သည်ဟု ယူဆပါက ရပ်စဲရန် အခွင့်အရေးသည် ဆက်လက်တည်ရှိနေရမည်။

(ဈ) အစီအစဉ်ရပ်စဲရန်ဆုံးဖြတ်ခဲ့ပါက အပိုင်း (၆)လုပ်ငန်းသည် ပုဒ်မ ၁၃၉ နှင့်အညီ သက်ဆိုင်ရာစာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် လူမွဲခံယူခြင်းကို ချက်ချင်းဆောင်ရွက်ရမည်။

(ည) ဤပုဒ်မအရ မြီရှင်များအစည်းအဝေးကျင်းပပြီး အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်းအစီအစဉ်ကြီးကြပ်သူသည် အစည်းအဝေးဆုံးဖြတ်ချက်နှင့် မဲရလဒ်ကို မှတ်ပုံတင်အရာရှိနှင့် နည်းဥပဒေဖြင့် သတ်မှတ်ဖော်ပြထားသည့် ပုဂ္ဂိုလ်များထံသို့ ပေးပို့ရမည်။

(ဋ) အစီအစဉ်ကြီးကြပ်သူသည် ပုဒ်မခွဲ (ည) ပါပြဋ္ဌာန်းချက်ကို ခိုင်လုံသော အကြောင်းမရှိဘဲ လိုက်နာရန်ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

(ဌ) ဤပုဒ်မအရ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်ခဲ့လျှင် အပိုင်း (၆) လုပ်ငန်း၏ မြီရှင်တစ်ဦးသည် ထိုသို့ ပြောင်းလဲပြင်ဆင်ခြင်းကို ပယ်ဖျက်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် တရားမျှတမှုရှိစေရန်အလို့ငှာ ထိုပြောင်းလဲပြင်ဆင်ချက် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပယ်ဖျက်နိုင်သည် သို့မဟုတ် အတည်ပြုနိုင်သည်။

**ရည်ရွယ်ချက်မအောင်မြင်သဖြင့် ပြန်လည်ထူထောင်ရေးအစီအစဉ်ကို မြီရှင်များက ရပ်စဲခြင်း**

၁၃၇။ (က) အစီအစဉ်ကို ချိုးဖောက်ခဲ့ပြီး ပုဒ်မ ၁၃၆၊ ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရန်လည်း ပျက်ကွက်သည့်အပြင် ချိုးဖောက်မှုကို ကုစားမှု မပြုလုပ်ခဲ့လျှင် ဤပုဒ်မနှင့် သက်ဆိုင်စေရမည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့်အခြေအနေများ ဖြစ်ပေါ်လျှင် အစီအစဉ်ကြီးကြပ်သူသည် အောက်ပါအချက်များအရ မြီရှင်များ အစည်းအဝေးကို ခေါ်ယူကျင်းပရမည်-

(၁) အစီအစဉ်ကြီးကြပ်သူက ချိုးဖောက်မှုသည် အရေးပါသော ချိုးဖောက်မှုဟု ယူဆပြီး ထိုချိုးဖောက်မှုကို ကုစားရန်အတွက် ခွင့်ပြုထားသည့်အချိန်ကာလတစ်ရပ် ကုန်ဆုံးသွားလျှင်၊ သို့မဟုတ်

(၂) စုစုပေါင်းမြီရှင်အရေအတွက်၏ တစ်ဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များကဖြစ်စေ၊ မြီရှင်တို့၏ကြွေးမြီ စုစုပေါင်းတန်ဖိုး၏ တစ်ဆယ် ရာခိုင်နှုန်းထက်ပိုသောမြီရှင်များက အစည်းအဝေးခေါ်ယူပေးရန်တောင်းဆိုလျှင်။

(ဂ) အစည်းအဝေးကို နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကျင်းပရမည်ဖြစ်ပြီး အစည်းအဝေးသဘာပတိက ပြန်လည်ထူထောင်ရေးအစီအစဉ်ရပ်စဲရန် မဲခွဲဆုံးဖြတ် ဆောင်ရွက်ရမည်။

(ဃ) ဆုံးဖြတ်ချက်အတည်ဖြစ်ရန် လိုအပ်သောမဲအများစုအရေအတွက်သည် ပုဒ်မ ၁၃၆၊ ပုဒ်မခွဲ(စ) နှင့် (ဆ) ပါ ပြဋ္ဌာန်းချက်များအတိုင်း ဖြစ်သည်။

(င) အကြောင်းကြားစာပေးပို့ခြင်းကို ပုဒ်မ ၁၃၆၊ ပုဒ်မခွဲ (ည) ပါ ပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်ရမည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ် မအောင်မြင်သဖြင့် သို့မဟုတ် လုပ်ငန်းစဉ်ကို အလွဲသုံးသဖြင့် တရားရုံးက ရပ်စဲခြင်း**

၁၃၈။ (က) ဤပုဒ်မသည် အောက်ပါအခြေအနေများတွင် သက်ဆိုင်သည်-

(၁) အစီအစဉ်ကိုချမှတ်ရန် သို့မဟုတ် ပြောင်းလဲပြင်ဆင်ရန် မဲခွဲစဉ်က အပိုင်း (၆) လုပ်ငန်း၏ စီးပွားရေးလုပ်ငန်းများ၊ ပိုင်ဆိုင်မှုများ၊ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ သို့မဟုတ် ဘဏ္ဍာရေးအခြေအနေတို့နှင့် သက်ဆိုင်သည့် အရေးပါသော အချက်အလက်များကို မြီရှင်များထံပေးပို့ရာတွင် မှားယွင်း၍ဖြစ်စေ၊ လွဲမှားစေရန် ရည်ရွယ်၍ ဖြစ်စေ၊ ဆုံးဖြတ်ရန် အရေးပါသည့် အချက်အလက်ကို ထိမ်ချန်၍ဖြစ်စေ၊ သို့မဟုတ်

(၂) ပြန်လည်ထူထောင်ရေးအစီအစဉ်ကိုစတင်ရန် မြီရှင်များ အစည်းအဝေးတွင် ဆုံးဖြတ်စဉ်က ကြီးလေးသောဆန့်ကျင်ဆောင်ရွက်မှု ပြုလုပ်လျှင်ဖြစ်စေ၊ သို့မဟုတ်

(၃) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို စတင်ရန် ဆုံးဖြတ်ခဲ့စဉ်က အပိုင်း (၆) လုပ်ငန်း၏ တွဲဖက်လုပ်ကိုင်သူများ၏ ဆက်နွှယ်နေသူများက ပါဝင်မဲပေးခဲ့ခြင်းကြောင့်သာ အတည်ဖြစ်ခဲ့လျှင်ဖြစ်စေ၊

(၄) စာချုပ်ပါစည်းကမ်းချက်တစ်ချက် သို့မဟုတ် တစ်ချက်ထက်ပိုသော အချက်များသည် မြီရှင်တစ်ဦး သို့မဟုတ် အများကို မမျှမတ ဘက်လိုက်လျှင် သို့မဟုတ် မမျှမတ အဆင့်အတန်းခွဲခြားလျှင် သို့မဟုတ် အပိုင်း (၆) လုပ်ငန်းမြီရှင်အားလုံး၏ အကျိုးကို ဆန့်ကျင်နေလျှင်ဖြစ်စေ၊ သို့မဟုတ်

(၅) လိုက်နာရန်တာဝန်ရှိသူ တစ်ဦးတစ်ယောက်က အစီအစဉ်ကို ကြီးလေးသော ဆန့်ကျင်ဆောင်ရွက်မှု ပြုလျှင်ဖြစ်စေ၊ သို့မဟုတ်

(၆) မသင့်လျော်သော နှောင့်နှေးကြန့်ကြာမှု သို့မဟုတ် မတရားမှု မဖြစ်စေဘဲ ပြန်လည်ထူထောင်ရေးအစီအစဉ်အား အကောင်အထည်ဖော်ရန် မဖြစ်နိုင်လျှင်ဖြစ်စေ၊ သို့မဟုတ်

(၇) အစီအစဉ်ကြီးကြပ်သူသည် ပြန်လည်ထူထောင်ရေးအစီအစဉ် သို့မဟုတ် ၎င်း၏တာဝန်များကို ဆန့်ကျင်ဆောင်ရွက်လျှင်ဖြစ်စေ၊ သို့မဟုတ်

(၈) အပိုင်း(၆)လုပ်ငန်းသည် ဤဥပဒေအရ သတ်မှတ်ထားသည့် အရည်အချင်းမပြည့်မီသည့် အပိုင်း (၆) လုပ်ငန်း ဖြစ်လျှင် ဖြစ်စေ။

(ခ) ပုဒ်မခွဲ (က) ပါအခြေအနေတစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုသော အခြေအနေများအရ အစီအစဉ်ကြီးကြပ်သူ သို့မဟုတ် အကျိုးသက်ဆိုင်သူ မည်သူမဆို အစီအစဉ်ကို ရပ်စဲပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

***စာမျက်နှာ ၂၁ သို့***

စာမျက်နှာ ၂၀ မှ

(ဂ) ပုဒ်မခွဲ (ဃ) ပါ အခြေအနေမှလွဲ၍ အပိုင်း (၆) လုပ်ငန်း၏အစီအစဉ် ရုပ်စဲခြင်းသည် ယခင်ဆောင်ရွက်ခဲ့မှုများကို မထိခိုက်စေရ။

(ဃ) တရားရုံးက အစီအစဉ်တစ်စုံတစ်ရာရုပ်စဲကြောင်း အမိန့်ချမှတ်သည့်အခါ အစီအစဉ်အရ ရရှိထားသော အကျိုးအမြတ်များကို ပြောင်းလဲပြင်ဆင်ရန် လိုအပ်သည်ဟုထင်မြင်လျှင် အောက်ပါပုဂ္ဂိုလ်များအပေါ် နောက်ဆက်တွဲအမိန့်များလည်း ချမှတ်နိုင်သည်-

(၁) အစီအစဉ်ကိုဖြစ်စေ၊ အစီအစဉ်အရ ချုပ်ဆိုသည့် ပဋိညာဉ်ကိုဖြစ်စေ ချိုးဖောက်သူ တစ်ဦးဦး၊

(၂) အပိုင်း (၆)လုပ်ငန်း၏ တွဲဖက်လုပ်ကိုင်သူနှင့် ဆက်နွယ်နေသူ တစ်ဦးဦး။

(င) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃) နှင့် (၄) တို့အရ လျှောက်ထားလိုလျှင် တရားရုံးက ခိုင်လုံသောအကြောင်းရှိသည်ဟု ယူဆသည်မှအပ မြီရှင်များက အစီအစဉ်ကို စတင်ရန် ဆုံးဖြတ်သည့်နေ့မှ ၂၈ ရက်အတွင်း လျှောက်ထားရမည်။

### အခန်း (၆)

### စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသို့ ကူးပြောင်းခြင်း

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသို့ ကူးပြောင်းသည့်အခြေအနေ**

၁၃၉။ (က) အောက်ပါအခြေအနေများတွင် အပိုင်း (၆) လုပ်ငန်းသည် ကုမ္ပဏီဖြစ်ပါက မြီရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရေးသို့ ကူးပြောင်းမည်ဖြစ်ပြီး တစ်ဦးတစ်ယောက်ပိုင်လုပ်ငန်းဖြစ်ပါက တရားရုံးသည် လူမွဲခံယူခြင်းဆိုင်ရာအမိန့်ချမှတ်ပြီး ယုံမှတ်အပ်နှံခြင်းခံရသူကို ခန့်အပ်ရမည်-

(၁) မြီရှင်များသည် ပုဒ်မ ၁၃၆ နှင့် ၁၃၇ တို့အရ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရုပ်စဲရန် ဆုံးဖြတ်ခဲ့လျှင်၊ သို့မဟုတ်

(၂) မြီရှင်များမှ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို စတင်နိုင်ခြင်းမရှိဘဲ အပိုင်း (၆) လုပ်ငန်း၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် ပြီးဆုံးခြင်း သို့မဟုတ် ပုဒ်မ ၁၂၅၊ ပုဒ်မခွဲ (င) တွင် သတ်မှတ်ထားသည့်အချိန်အတွင်း ပြန်လည်ထူထောင်ရေးအစီအစဉ်ကို အကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့လျှင်၊ သို့မဟုတ်

(၃) ပုဒ်မ ၁၂၃ အရ ပြုလုပ်သော အစည်းအဝေးတွင် မြီရှင်များက အပိုင်း (၆)လုပ်ငန်း၏ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရုပ်စဲရန် ဆုံးဖြတ်ခဲ့လျှင်၊ သို့မဟုတ်

(၄) ပုဒ်မ ၁၃၈ အရ တရားရုံးက ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ရုပ်စဲမည်ဟု ဆုံးဖြတ်ခဲ့လျှင်၊ သို့မဟုတ်

(၅) ပုဒ်မ ၁၁၂၊ ပုဒ်မခွဲ (ဃ) ပါအခြေအနေများ ပေါ်ပေါက်ခဲ့ပြီး အပိုင်း (၆) လုပ်ငန်း၏ ပြန်လည်ထူထောင်ရေးအကြံပေးက အဆိုပါအခြေအနေများကိုပြင်ဆင်ရန် ယင်းလုပ်ငန်းသို့ စာဖြင့်ရေးသားအကြောင်းကြားခဲ့သော်လည်း အကြောင်းကြားစာရရှိပြီး ၁၄ ရက်အတွင်း ပြင်ဆင်ခဲ့ခြင်းမရှိလျှင်။

(ခ) ကူးပြောင်းသည့်အချိန်အထိ အောက်ပါအခြေအနေများ မပေါ်ပေါက်လျှင် ဖျက်သိမ်းခြင်း သို့မဟုတ် လူမွဲခံယူခြင်းသို့ မကူးပြောင်းမီအချိန်အထိ ဆောင်ရွက်ခဲ့သည့် ပြန်လည်ထူထောင်ရေးအကြံပေး သို့မဟုတ် အစီအစဉ်ကြီးကြပ်သူအဖြစ် ဆောင်ရွက်ခဲ့သည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူသည် အပိုင်း (၆) လုပ်ငန်း၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် လူမွဲခံယူခြင်းဆိုင်ရာ ယုံကြည်အပ်နှံခြင်းခံရသူအဖြစ် ဆက်လက်ဆောင်ရွက်ရမည်။

(၁) မြီရှင်များက အခြားလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ယုံကြည်အပ်နှံခြင်းခံရသူအဖြစ် ခန့်အပ်ထားခြင်းမရှိလျှင်၊ သို့မဟုတ်

(၂) လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူသည် ၎င်းအားခန့်အပ်သည်ကို စာဖြင့် ရေးသားသဘောတူခြင်းမရှိလျှင်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ယုံကြည်အပ်နှံခြင်းခံရသူသည် ကူးပြောင်းပြီးနောက် အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ ထိုသို့ကူးပြောင်းကြောင်းကို စာဖြင့်ရေးသားအကြောင်းကြားရမည်။ ထို့ပြင် အဆိုပါအကြောင်းကြားစာကို နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် ကာလအတွင်း သတ်မှတ်ပြဋ္ဌာန်းထားသည့် နည်းလမ်းများအတိုင်း အများသိစေရန် ထုတ်ပြန်ကြေညာရမည်။

(ဃ) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် သို့မဟုတ် ပြန်လည်ထူထောင်ရေးအစီအစဉ်အားဆောင်ရွက်နေသော အပိုင်း(၆)လုပ်ငန်းအနေဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် လူမွဲခံယူခြင်းသို့ ကူးပြောင်းနိုင်သော အခြားအခြေအနေများကိုလည်း နည်းဥပဒေတွင် သတ်မှတ်ဖော်ပြနိုင်သည်။

### အခန်း (၇)

### မှတ်ပုံတင်ထားသောအပိုင်း (၆)လုပ်ငန်းများကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

**အပိုင်း (၆)လုပ်ငန်းများကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသည် အပိုင်း (၇) နှင့် သက်ဆိုင်ခြင်း**

၁၄၀။ ဤအခန်းတွင် ဖော်ပြပါရှိသည်မှအပ အပိုင်း(၇)ပါ ပြဋ္ဌာန်းချက်များသည် မှတ်ပုံတင်ထားသော အပိုင်း (၆) လုပ်ငန်းများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်စေရမည်။

**လျှောက်ထားခြင်းနှင့် လျှောက်လွှာအတွက် အခွန်အခများ**

၁၄၁။ မှတ်ပုံတင်ထားသောအပိုင်း (၆) လုပ်ငန်းကို တရားရုံးသို့ လျှောက်ထားခြင်း သို့မဟုတ် မှတ်ပုံတင်အရာရှိထံသို့ စာရွက်စာတမ်းများ မှတ်ပုံတင်ရန်လျှောက်ထားခြင်းသည် ယင်းလုပ်ငန်းများကို စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် လျှောက်ထားခြင်းဖြစ်လျှင် နည်းဥပဒေတွင်ဖော်ပြထားသည့် ပေးသွင်းရမည့်အခွန်အခ၏ ငါးဆယ်ရာခိုင်နှုန်းကို ပေးသွင်းရမည်။

**သက်သေအထောက်အထားနှင့် တောင်းဆိုချက်၏ ဦးစားပေးအစီအစဉ်**

၁၄၂။ မှတ်ပုံတင်ထားသောအပိုင်း (၆) လုပ်ငန်းကို စာရင်းရှင်းလင်းဖျက်သိမ်းစဉ် ယင်းလုပ်ငန်း၏ တွဲဖက်လုပ်ကိုင်သူနှင့် ဆက်နွယ်နေသူ၏ သက်သေထင်ရှားပြီးဖြစ်သောကြွေးမြီ သို့မဟုတ် တောင်းဆိုမှုသည် အာမခံအကျိုးခံစားခွင့်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သို့မဟုတ် ဦးစားပေးခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ အပိုင်း (၆) လုပ်ငန်း၏မြီရှင်အားလုံး ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုတို့နှင့် နှိုင်းယှဉ်လျှင် မြီရှင်အားလုံးကြွေးမြီသို့မဟုတ် တောင်းဆိုမှုကို ဦးစားပေးရမည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပေးချေနိုင်စွမ်းမရှိသော ကုန်ကျစရိတ်များကို ကျခံရန်တာဝန်မရှိခြင်း**

၁၄၃။ (က) အပိုင်း (၆)လုပ်ငန်းကို စာရင်းရှင်းလင်းဖျက်သိမ်းသည့် ကုန်ကျစရိတ်များအတွက် လုပ်ငန်းတွင် လုံလောက်သောပိုင်ဆိုင်မှုမရှိပါက ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသောအပိုင်း (၆) လုပ်ငန်း၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ထိုကုန်ကျစရိတ်များကိုကျခံရန် တာဝန်မရှိစေရ။

(ခ) ပုဒ်မခွဲ(က)ပါ ယေဘုယျပြဋ္ဌာန်းချက်များကို ကန့်သတ်ခြင်းမရှိစေဘဲ ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသော အပိုင်း (၆) လုပ်ငန်း၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အောက်ပါတို့ကို ဆောင်ရွက်ရန် တာဝန်မရှိစေရ-

(၁) ပုဒ်မ ၁၇၈ တွင် ပြဋ္ဌာန်းထားသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက စုံစမ်းစစ်ဆေးရန် တာဝန်ဝတ္တရားများကို ဆောင်ရွက်ခြင်း၊ သို့မဟုတ်

(၂) အပိုင်း (၇)၊ အခန်း (၈) တွင် ပြဋ္ဌာန်းထားသည့် ၎င်းကိုယ်တိုင် သို့မဟုတ် ကုမ္ပဏီကဆောင်ရွက်နိုင်သော စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း သို့မဟုတ် တောင်းဆိုမှု သို့မဟုတ် ဆောင်ရွက်မှုတစ်စုံတစ်ရာကို ဆောင်ရွက်ခြင်း၊ (စာရင်းရှင်းလင်းဖျက်သိမ်းစဉ်ကာလနှင့် ယင်းမတိုင်မီ အလွဲသုံးစားပြုခြင်း၊ ကုမ္ပဏီများနှင့် ကုမ္ပဏီအရာရှိများကို ပြစ်ဒဏ်ချမှတ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုအရေးယူခြင်း ... စသည်)

(ဂ) အပိုင်း (၆)လုပ်ငန်း၏ မြီရှင် သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ၏ လျှောက်ထားချက်အရတရားရုံးသည် သင့်သည်ထင်မြင်လျှင် မြီရှင် သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများက စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ကုန်ကျခဲ့သည့် သီးခြားစရိတ်ကို မြီရှင် သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူများက ပြန်လည်ပေးဆပ်ရမည်ဆိုသည့် စည်းကမ်းချက်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို အပိုင်း (၆) လုပ်ငန်းအတွက် ကုန်ကျစရိတ်အချို့အား စိုက်ထုတ်ကျခံပေးစေရန်အမိန့် ချမှတ်နိုင်သည် သို့မဟုတ် ညွှန်ကြားနိုင်သည်။

(ဃ) ဤပုဒ်မသည် ဤဥပဒေပါပုဒ်မတစ်ခုခုအရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မှတ်ပုံတင်အရာရှိထံသို့ စာရွက်စာတမ်းများ တင်သွင်းရမည့်တာဝန်ကို ဆောင်ရွက်ခြင်းကြောင့် ကျခံရသည့်ကုန်ကျစရိတ်များကို ကင်းလွတ်ခွင့်ပြုသည်ဟု မမှတ်ယူရ။

**ကုမ္ပဏီအဖြစ်မှတ်ပုံတင်ထားသောအပိုင်း (၆) လုပ်ငန်းများကို ဆောလျင်စွာ ဖျက်သိမ်းခြင်း**

၁၄၄။ (က) ကုမ္ပဏီအဖြစ်မှတ်ပုံတင်ထားသော အပိုင်း(၆) လုပ်ငန်းအတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ခံပြီးနောက် ကုမ္ပဏီတွင် မြီရှင်များအား ခွဲဝေပေးရန်အတွက် ပစ္စည်းတစ်စုံတစ်ရာမရှိကြောင်း တွေ့ရှိလျှင် ထိုသို့တွေ့ရှိကြောင်းကို နည်းဥပဒေတွင် ဖော်ပြထားသော ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ခ) အရ ပေးပို့သည့် အကြောင်းကြားစာကိုလက်ခံရရှိသည့်အခါ မှတ်ပုံတင်စာရင်းရေးသွင်းရမည်။

(ဂ) ပုဒ်မခွဲ(က) အရ အကြောင်းကြားစာ မပေးပို့မီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ထိုသို့ပေးပို့မည်ကို အလုပ်လုပ်ကိုင်ရက် ၅ ရက် ကြိုတင်၍ နေရပ်လိပ်စာသိရှိသော အပိုင်း (၆)လုပ်ငန်း၏ မြီရှင်အားလုံးထံသို့ အသိပေးရမည်။

(ဃ) စာရင်းရှင်းလင်းဖျက်သိမ်းရန် ကုန်ကျမည့်ကုန်ကျစရိတ်များသည် အပိုင်း (၆)လုပ်ငန်း၏ ပိုင်ဆိုင်မှုထက်ကျော်လွန်နေသည့်တိုင် လုပ်ငန်း၏ မြီရှင်မှ ယင်းကုန်ကျစရိတ်ကို ပေးချေရန်တာဝန်ယူလျှင် ၎င်းမြီရှင် သို့မဟုတ် အပိုင်း (၆) လုပ်ငန်း၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ လုပ်ငန်းအား ဆောလျင်စွာ ဖျက်သိမ်းခြင်း မပြုရန် လျှောက်ထားလာပါက တရားရုံးသည် ပုဒ်မခွဲ (က)ပါ အကြောင်းကြားစာအား ပေးပို့ခြင်းမပြုရန် အမိန့်ချမှတ်နိုင်သည်။

(င) တရားရုံးသည် အခြားနည်းအမိန့်မချမှတ်လျှင် ပုဒ်မခွဲ (က) အရ ပေးပို့သည့် အကြောင်းကြားစာကို မှတ်ပုံတင်စာရင်းရေးသွင်းသည့်နေ့မှ သုံးလပြည့်မြောက်သည့်နေ့တွင် ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသောလုပ်ငန်းကို ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(စ) ပုဒ်မခွဲ (င) တွင် ဖော်ပြထားသည့် သက်တမ်းကုန်ဆုံးသွားသည့်တိုင် အပိုင်း (၆)လုပ်ငန်း၏ မြီရှင် သို့မဟုတ် အကျိုးသက်ဆိုင်သူ တစ်ဦးဦးမှ လျှောက်ထားလာပါက တရားရုံးသည် ယင်းလုပ်ငန်းအား မူလအတိုင်း မှတ်ပုံတင်ထားရှိစေရန် မှတ်ပုံတင်အရာရှိသို့ ညွှန်ကြားနိုင်သည်။

### အပိုင်း (၇)

### စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

### အခန်း (၁)

### ကုမ္ပဏီများဥပဒေအရမှတ်ပုံတင်ထားသောကုမ္ပဏီများအားဖျက်သိမ်းခြင်း နိဒါန်း

**ဤအပိုင်းနှင့်သက်ဆိုင်ခြင်း**

၁၄၅။ (က) ဤအပိုင်းသည် အောက်ပါအဖွဲ့အစည်းများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်စေရမည်-

(၁) ကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသည့် ကုမ္ပဏီနှင့်

(၂) ကုမ္ပဏီများဥပဒေ ပုဒ်မ ၃ အရ မှတ်ပုံတင်ထားသော အဖွဲ့အစည်းနှင့် အဖွဲ့အစည်းအား အစားထိုးပြောင်းလဲထားသော“ကုမ္ပဏီ”၊

(၃) အခန်း (၁၀) တွင် ဖော်ပြပါရှိပြီး အခန်း (၁၀) အရ အကျုံးဝင်သည့် အဖွဲ့အစည်းများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း။

(ခ) ကုမ္ပဏီများ ဥပဒေအရ မှတ်ပုံတင်ထားသည့် ကုမ္ပဏီတစ်ခုအား အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဖျက်သိမ်းနိုင်သည်-

(၁) ဆန္ဒအလျောက်ဖျက်သိမ်းခြင်း၊ သို့မဟုတ်

(၂) တရားရုံးက ဖျက်သိမ်းခြင်း။

**ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်များကို ဦးစားပေးခြင်း**

၁၄၆။ ကုမ္ပဏီတစ်ခုသည် ဤဥပဒေ၏အပိုင်း (၅) သို့မဟုတ် အပိုင်း (၆) အရ ပြုလုပ်သည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအား လုပ်ဆောင်နေလျှင် ထိုအပိုင်းများအရ ခွင့်ပြုထားသည်မှတစ်ပါး မိမိဆန္ဒအလျောက်ဖြစ်စေ၊ တရားရုံး၏အမိန့်အရဖြစ်စေ မည်သည့်ဖျက်သိမ်းခြင်းကိုမျှ စတင်ခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။

**ကုမ္ပဏီအားဆန္ဒအလျောက် ဖျက်သိမ်းနိုင်သည့်အခြေအနေများ**

၁၄၇။ (က) ဤအခန်းအရ အောက်ဖော်ပြပါ အခြေအနေများတွင် ကုမ္ပဏီတစ်ခုအား ဆန္ဒအလျောက် ဖျက်သိမ်းနိုင်သည်-

(၁) ကုမ္ပဏီ၏ ဖွဲ့စည်းပုံစည်းမျဉ်းအရ ကုမ္ပဏီ၏သက်တမ်းအတွက် သတ်မှတ်ထားသည့် ကာလကုန်ဆုံးလျှင် သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံစည်းမျဉ်းတွင် ကုမ္ပဏီကိုဖျက်သိမ်းနိုင်သည်ဟု ဖော်ပြထားသည့် အခြေအနေများဖြစ်ပေါ်ခဲ့လျှင်၊ ထို့အပြင် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့လျှင်၊ သို့မဟုတ်

(၂) ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းမည်ဖြစ်ကြောင်းကို ကုမ္ပဏီက အထူးဆုံးဖြတ်ချက်ဖြင့် ချမှတ်ဆောင်ရွက်လျှင်၊ သို့မဟုတ်

(၃) အပိုင်း(၅)နှင့် အပိုင်း(၆)တို့တွင် ဖော်ပြထားသော အခြေအနေများ ဖြစ်ပေါ်လျှင်။

(ခ) ဤအပိုင်းတွင် **ဆန္ဒအလျောက် ဖျက်သိမ်းခြင်းဆုံးဖြတ်ချက်** ဆိုသည်မှာ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) သို့မဟုတ် (၂) နှင့်အညီ ချမှတ်သော ဆုံးဖြတ်ချက်ကို ဆိုသည်။

**ကုမ္ပဏီတွင်ပါဝင်သူများနှင့် မြီရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းကို ခွဲခြားခြင်း**

၁၄၈။ ပုဒ်မ ၁၅၁ အရ ဒါရိုက်တာများ၏ကြွေးမြီပေးချေနိုင်ကြောင်း ကြေညာချက်ကို ပြုလုပ်၍ ဖျက်သိမ်းလျှင် ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်းဖြစ်ပြီး အဆိုပါကြေညာချက်ကို ပြုလုပ်ခြင်းမရှိလျှင် မြီရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းခြင်း ဖြစ်သည်။

**ဆန္ဒအလျောက်ဖျက်သိမ်းခြင်းမှ တရားရုံးက ဖျက်သိမ်းခြင်းအဖြစ်သို့ ပြောင်းလဲခြင်း။**

၁၄၉။ ကုမ္ပဏီသည် ဆန္ဒအလျောက်ဖျက်သိမ်းခြင်း ပြုရုံမျှဖြင့် မြီရှင် သို့မဟုတ် ကြွေးမြီဆပ်ရန်တာဝန်ရှိသူ၏ တရားရုံးကဖျက်သိမ်းပေးရန် လျှောက်ထားခွင့် အခွင့်အရေးကို ပိတ်ပင်ခြင်းမရှိစေရ။ ထိုအခွင့်အရေးအရ ကြွေးမြီဆပ်ရန် တာဝန်ရှိသူတစ်ဦးမှ လျှောက်ထားလာလျှင် ဆန္ဒအလျောက် ဖျက်သိမ်းခြင်းဖြင့် ၎င်းတွင် နစ်နာမည် ဖြစ်ကြောင်းကို တရားရုံးကယုံကြည်ပါက ဆန္ဒအလျောက် ဖျက်သိမ်းခြင်းမှ တရားရုံးက ဖျက်သိမ်းခြင်းအဖြစ်သို့ ပြောင်းလဲနိုင်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်သည့်အချိန်**

၁၅၀။ အောက်ပါအခြေအနေများတွင် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်သည်ဟု မှတ်ယူရမည်-

(က) ဆန္ဒအလျောက် ဖျက်သိမ်းခြင်းဖြစ်ပါက ထိုဖျက်သိမ်းရန် ဆုံးဖြတ်ချက် ချမှတ်သည့် အချိန်၊

(ခ) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်မှ ဖျက်သိမ်းခြင်းသို့ ကူးပြောင်းသွားခြင်းဖြစ်ပါက ထိုပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် စတင်သည့်အချိန်၊

(ဂ) တရားရုံး၏အမိန့်အရ ဖျက်သိမ်းခြင်းဖြစ်လျှင်-

(၁) ဆန္ဒအလျောက်ဖျက်သိမ်းခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်နေချိန်တွင် အမိန့်ချမှတ်ခြင်းဖြစ်ပါက ထိုသို့ဖျက်သိမ်းရန် ဆုံးဖြတ်ချက်ကို ချမှတ်သည့်အချိန်၊

(၂) သို့တည်းမဟုတ် ကုမ္ပဏီအား ဖျက်သိမ်းရန်လျှောက်လွှာကို စတင် တင်သွင်းသည့် အချိန်။

*(ဆက်လက်ဖော်ပြပါမည်)*

# ချင်းတွင်းမြစ်တွင်းသွား လူစီးအမြန်ရေယာဉ်များရှိ အထက်တန်းလူစီးခန်းများကိုဖြုတ်သိမ်းရန် ညွှန်ကြားထား

**မုံရွာ အောက်တိုဘာ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာမြို့နယ်မှ အထက်ချင်းတွင်းဒေသများသို့ပြေးဆွဲလျက်ရှိသော လူစီးအမြန်ရေယာဉ်များတွင် တပ်ဆင်ထားသော အထက်တန်း လူစီးခန်းများသည် ရေယာဉ်၏တည်ငြိမ်မှုကို ထိခိုက်နိုင်သဖြင့် ဖြုတ်သိမ်းကြရန် ညွှန်ကြားချက်များထုတ်ပြန်ထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ချင်းတွင်းမြစ်အတွင်း ပြေးဆွဲလျက်ရှိသော လူစီးအမြန်ရေယာဉ်များသည် အထက်မြန်မာပြည် ရေတိမ်သွားခရီးသည်တင်ရေယာဉ်များ၏ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိ/မရှိ စစ်ဆေးခြင်း ခံယူကြရသည်။ ခရီးသည်များ အဆင်ပြေစွာ လိုက်ပါနိုင်ရန် ပင်မကုန်းပတ်(သို့မဟုတ်)လှိုင်းကာအမြင့်တွင် အခင်းခင်းပြီး သီးသန့်အခန်းနှင့် ဟောခန်းများ တပ်ဆင်ရန်အတွက် ရေယာဉ်တစ်စင်းချင်းအလိုက် တည်ငြိမ်မှုအခြေအနေများအပေါ် မူတည်ပြီး တွက်ချက်ခွင့်ပြုထားသော်လည်း သတ်မှတ်ချက်ထက်ကျော်လွန်ပြီး အထပ်မြင့်လူစီးခန်းများ တပ်ဆင်ထားသည့် အမြန်ရေယာဉ်များကိုမူ ပြန်လည်ဖြုတ်သိမ်းကြရန် ညွှန်ကြားထားခြင်းဖြစ်ကြောင်း သိရသည်။

“အထက်တန်းလူစီးခန်းတွေက မြင့်တယ်၊ ရေယာဉ်တွေရဲ့တည်ငြိမ်မှုကို နှောင့်ယှက်တယ်၊ ရေယာဉ်ခုတ်မောင်းရင်း ရေစီးကြောင်းတွေ၊ ရုတ်တရက်ရေစီးသန်တာတွေနဲ့ အကွေ့တွေမှာ အပေါ်ဝိတ်များရင် တိမ်းစောင်းနိုင်တယ်၊ အဲဒါကြောင့် အထက်တန်းခန်းတွေကို ဖြုတ်ခိုင်းတာပါ၊ ရေယာဉ်တည်ဆောက်စဉ်က တပ်ထားတာတွေရှိတယ်၊ အပေါ်ဝိတ် မများအောင် တပ်ထားတာတွေ ဖြုတ်ရမှာပါ၊ မဖြုတ်ဘူးဆိုရင်တော့ အရေးယူမှုတွေ ရှိလာမှာပါ၊ အထက်တန်းခန်းတွေကို ဖြုတ်ခိုင်းတာကိုတော့ ရေယာဉ်ပိုင်ရှင်တွေကို အသိပေးတယ်၊ သိရှိကြောင်း ကတိဝန်ခံချက်လည်း လုပ်ထားပြီးပါပြီ၊ ကျွမ်းကျင်တဲ့ပညာရှင်တွေနဲ့ သင်္ဘောကျင်းတွေမှာ ပြန်လုပ်ရမှာဆိုတော့ အချိန်တော့ယူရမှာပါ၊ စတော့ဖြုတ်ခိုင်းနေပါပြီ”ဟု စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူး ဦးသန်းအောင်က ပြောသည်။



“လက်ရန်းတွေလည်း ဖြုတ်ခိုင်းတယ်၊ လက်ရန်းတွေက အများအမြင်မှာတော့ အကာအကွယ်ဖြစ်တယ်လို့ မြင်ကြတယ်၊ လက်ရန်းတွေကိုအမှီပြုပြီး သွားလို့ရတယ်လို့ မြင်ကြတယ်၊ နည်းပညာပိုင်းကကြည့်တဲ့အခါမှာ လက်ရန်းပါတာက ပြဿနာမရှိပေမယ့် ရေယာဉ်မတော်တဆမှုတွေဖြစ်တဲ့အခါမှာကျတော့ ထွက်လို့ပြုလို့ ခက်တယ်ဆိုတာ သာဓကတွေရှိခဲ့တဲ့အတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက နည်းပညာဆွေးနွေးပွဲမှာ ပညာရှင်တွေက ဆွေးနွေးညှိနှိုင်းပြီးတော့မှ ဖြုတ်သင့်တယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ လုပ်ဆောင်တာပါ”ဟုလည်း ဦးစီးမှူးက ဆက်လက်ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်တွင် မုံရွာမြို့မှ အခြေပြုပြီး အထက်ချင်းတွင်းဒေသ ခန္တီးမြို့အထိ ပြေးဆွဲလျက်ရှိသော လူစီးအမြန်ရေယာဉ်အသင်း ၁၀ သင်းရှိကာ ထိုအသင်းများတွင် ရေယာဉ်အစင်းရေ ၁၄၀ ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## ဖျက်ပိုးများ ကာကွယ်ရန် ဥကပ်ပါးနဂျီကတ်ချိတ်ခြင်းနှင့် မီးထောင်ချောက် ထွန်းညှိခြင်းများ သရုပ်ပြ

**ခင်ဦး အောက်တိုဘာ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မြို့သစ်ကျေးရွာအုပ်စုမှ ဒေသခံတောင်သူများ၏ မိုးစပါးစိုက်ခင်းများ၌ ဆစ်ပိုးနှင့် အခြားဖျက်ပိုးများကျရောက်ခြင်းမှ ကာကွယ်ရန် ဥကပ်ပါးနဂျီကတ်ချိတ်ခြင်းနှင့် မီးထောင်ချောက်ထွန်းညှိခြင်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက အောက်တိုဘာ ၂၂ ရက်တွင် ပညာပေးသရုပ်ပြခဲ့ကြောင်း သိရသည်။

မြို့သစ်ကျေးရွာအုပ်စုရှိ ၃၀၅ ဧက စံပြကွက်၌ ပြုလုပ်သည့်သရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုးအောင်က ဥကပ်ပါးနဂျီကတ်ချိတ်ခြင်းနှင့် မီးထောင်ချောက်ထွန်းညှိခြင်း ပညာပေးမှုများပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်သီတာလွင်က မိမိတို့စိုက်ပျိုးနေသောမြေအကြောင်း စမ်းသပ်နည်းနှင့် ပြုပြင်နည်းများကိုလည်းကောင်း၊ မျိုးစေ့တာဝန်ခံ ဒေါ်မေကြွယ်ဝင်းနှင့် သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မာချိုတို့က စပါးခင်းတွင် ကျရောက်သော အဓိကလိပ်ပြာမျိုးရင်းဝင် ဖျက်ပိုးများကို ဇီဝနည်းဖြင့် ကာကွယ်နှိမ်နင်းခြင်းနှင့် ထရိုင်ကိုဂရားမား ဥကပ်ပါးနဂျီ အသုံးပြုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ မီးထောင်ချောက်ထွန်းညှိခြင်းအကြောင်း စသည်တို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တာဝန်ရှိသူများအဖွဲ့သည် ဥကပ်ပါးနဂျီကတ်ချိတ်ခြင်း၊ အဝါရောင်ထောင်ချောက်ထောင်ခြင်းနှင့် ဘက်ထရီမီးထောင်ချောက်ထွန်းညှိခြင်းတို့ကို တောင်သူများအား သရုပ်ပြသင်ကြားပေးကာ တောင်သူများနှင့်အတူ လက်တွေ့ပြုလုပ်ခဲ့သည်။

ဥကပ်ပါးနဂျီကတ်များ ချိတ်ဆွဲရာတွင် တစ်ကတ်လျှင် နဂျီကောင်ရေ ၁၀၀၀ ပါရှိပြီး စပါးတစ်ဧကတွင် ကတ်ပေါင်း ၄၀ ချိတ်ဆွဲရမည်ဖြစ်ကြောင်း၊ ဥကတ်တစ်ကတ်နှင့်တစ်ကတ် ၁၀ မီတာအကွာတွင် ထားရမည်ဖြစ်ကြောင်း၊ နဂျီများမလွှတ်ခင်(ကတ်မချိတ်ဆွဲခင်)တစ်ပတ်နှင့် လွှတ်ပြီး နောက်တစ်ပတ်အတွင်း စပါးခင်းကို ပိုးသတ်ဆေးလုံးဝမဖျန်းရကြောင်း သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မာချို၏ ပြောကြားချက်အရ သိရသည်။

**ခင်ဦးစိုးဝေ**

## ဆင်ပေါင်ဝဲမြို့နယ်မှ တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များပေးအပ်

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၂၂**
မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ရှစ်အုပ်စုမှ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)လျှောက်ထားသည့် တောင်သူများအတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးခဲ့ပြီးနောက် ခွင့်ပြုချက်ရရှိသည့် တောင်သူ ၃၀၅ ဦးထံသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ပေးအပ်ပွဲကို အောက်တိုဘာ ၂၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုတို့က အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးမြတ်သိန်းဇော်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များပေးအပ်သည့် ရည်ရွယ်ချက်နှင့် ပုံစံ(၇)ရှိခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တာဝန်ရှိသူများက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များကို တောင်သူများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေခြည်(ဆင်ပေါင်ဝဲ)**

## ရွှေတောင်မြို့နယ်တွင် အရေးပေါ် ရှာဖွေကယ်ဆယ်ရေး အသင့်အနေအထားပြင်ဆင်ထားရှိ

**ရွှေတောင် အောက်တိုဘာ ၂၂**
လတ်တလောဖြစ်ပေါ်နေသော မုန်တိုင်းဝင်ရောက်မှုနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအနှံ့အပြားတွင် မုန်တိုင်းကြေညာချက်များကို မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက ထုတ်ပြန်ထားသည့်အတွက် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်မီးသတ်ဦးစီးဌာန၏ လမ်းညွှန်မှုအောက်ရှိ ရွှေတောင်မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် အချိန်နှင့်တစ်ပြေးညီ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အသင့်အနေအထား ပြင်ဆင်ထားရှိကြောင်း သိရသည်။



မုန်တိုင်းသတိပေး ကြေညာချက်များကြောင့် ရွှေတောင်မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးကျော်ကျော်ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအနေဖြင့် အောက်တိုဘာ ၂၁ ရက် ညပိုင်းမှစတင်၍ လူအင်အား အသင့်စုဖွဲ့ထားရှိကာ ပစ္စည်းအသင့်၊ လူအသင့်၊ စက်အသင့် အနေအထားအဖြစ် ဆောင်ရွက်ထားကြောင်း သိရသည်။ (ဝ၄၉)

## တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် စာပေဆိုင်ရာပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်

**တောင်ကြီး အောက်တိုဘာ ၂၂**
ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့၏ အထင်ကရတန်ဆောင်တိုင်ပွဲတော်နှင့် မီးပုံးပျံပြိုင်ပွဲများကို တန်ဆောင်မုန်းလဆန်း ၇ ရက်မှ လပြည့်ကျော် ၁ ရက်(နိုဝင်ဘာ ၁၄ ရက်မှ နိုဝင်ဘာလ ၂၃ ရက်) အထိ တောင်ကြီးမြို့ အဝေရာ မီးပုံးပျံကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ယခုနှစ် တောင်ကြီးတန်ဆောင်တိုင်တွင် ထူးခြားမှုတစ်ခုအနေဖြင့် စာပေဆိုင်ရာပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အထင်ကရ ပွဲတော်တစ်ရပ်ဖြစ်သည်နှင့်အညီ ပွဲတော်နှင့်ပတ်သက်သည့် သမိုင်းဆိုင်ရာ အထောက်အထား အကြောင်းအရာများကို သိရှိနိုင်စေရန်နှင့် စာပေကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ယခုနှစ် တန်ဆောင်တိုင်ပွဲတော်တွင် စာပေနှင့်သက်ဆိုင်သည့် ပြိုင်ပွဲများဖြစ်သော ဆောင်းပါး ၊ ဝတ္ထုရှည် ၊ ကဗျာနှင့် ကာတွန်းဟု ပြိုင်ပွဲအမျိုးအစား လေးခုကို ထည့်သွင်းကျင်းပခြင်းဖြစ်ကာ ပြိုင်ပွဲတစ်ခုချင်းစီအလိုက် ပထမ၊ ဒုတိယ ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆုစီကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်စာမူများကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၅ ရက်နောက်ဆုံးထား၍ ရှမ်းပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့လည်းကောင်း၊ mja.shan18@gmail.com အီးမေးလ်လိပ်စာသို့လည်းကောင်း ပေးပို့ပြိုင်ပွဲဝင်ရမည်ဖြစ်ပြီး ဆုရစာမူရှင်များအား နိုဝင်ဘာ ၁၄ ရက်တွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးစိုးညွန့်ရွှေ၏ ပြောကြားချက်အရ သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

## စပါးဈေးနှုန်းများ ဆက်လက်ကျဆင်းနေပါက တောင်သူများ အခက်အခဲဖြစ်လာနိုင်

**ရေတာရှည် အောက်တိုဘာ ၂၂**
တစ်ရာသီစာ စပါးပေါ်ချိန်ကိုသာ အားကိုးအားထားပြုနေကြရသော ကျေးလက်ဒေသနေ တောင်သူများအနေဖြင့် အဘက်ဘက်၌ ကုန်ကျစရိတ်မြင့်မားမှုနှင့် ကြုံတွေ့နေကြခြင်းကြောင့် လက်ရှိ မိုးစပါးပေါ်ချိန်တွင် စပါးဈေးကောင်းရရေးကိုသာ မျှော်လင့်နေကြရကြောင်းနှင့် စပါးဈေးနှုန်းများ ဆက်လက်ကျဆင်းလာပါက အခက်အခဲများစွာဖြစ်ပေါ်နိုင်ကြောင်း သုံးသပ်ပြောကြားမှုများလည်းရှိနေသည်ကို တွေ့ရသည်။

“မိုးစပါးပေါ်ရင်ဆိုတဲ့ မျှော်လင့်ချက်တွေနဲ့ ကြိုတင်သုံးစွဲဝယ်ယူကြရတာတွေလည်းရှိတယ်၊ စိုက်ပျိုးချိန်နဲ့ စိုက်ပျိုးပြီးချိန်တွေမှာ မြေဩဇာဝယ်ယူထားတာတွေ၊



ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးဖိုး ကုန်ကျစရိတ် အကြွေးတွေကလည်း ရှိနေတော့ ခုလို စပါးဈေးကျနေရင် အခက်အခဲတွေ အများကြီးကြုံတွေ့နိုင်တယ်၊ တောင်သူတွေအနေနဲ့က စပါးပေါ်လာရင် အကြာကြီးမထားနိုင်ကြတော့ စက်ရိတ်ပြီးတာနဲ့ တန်းရောင်းရတာပဲ၊ ကုန်သည်တွေကပေးတဲ့ဈေးနဲ့ ရောင်းရတာ၊ တောင်သူတွေဆီမှာ စပါးကုန်လောက်ပြီဆိုရင် စပါးဈေးက တက်လာပြီ၊ အဲဒီအချိန်ကျတော့ လယ်သမားတွေဆီမှာ စပါးက မရှိတော့ဘူး၊ နောက်ဆုံးတော့ ငွေကြေးချမ်းသာတဲ့ ကုန်သည်တွေပဲ အကျိုးအမြတ်ရရှိကြတာပါပဲ”ဟု ရေတာရှည်မြို့နယ် ကွင်းကြီးကျေးရွာမှ ဒေသခံတောင်သူ ဦးစိန်ဝင်းက ပြောသည်။

မိုးစပါး ပေါ်ဦးစအချိန်က စပါးဈေးမှာ တင်း ၁၀၀ လျှင် ကျပ် ခြောက်သိန်းခွဲအထိ ပေါက်ဈေးရှိခဲ့သော်လည်း လက်ရှိအချိန်တွင် စပါးဈေးမှာ တင်း ၁၀၀ လျှင် ကျပ် ငါးသိန်းခွဲအထိ ကျဆင်းလာခဲ့သည်။ ယခုနှစ်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ခြင်းကြောင့် စပါးခင်းများ ပျက်စီးမှုရှိခဲ့သလို ရေကျပြီးနောက်တွင်လည်း စပါးခင်းများစွာမှာ ဖျက်ပိုးများကျရောက်ခြင်း၊ အောင်ရေအတွက် ရေလိုအပ်ချက်များရှိခြင်းတို့ကြောင့် စိုက်ခင်းအများစုမှာ အထွက်နှုန်း လျော့ကျခဲ့ကာ တစ်ဧကလျှင် တင်း ၆၀ နှင့် ၇၀ အကြားသာ ထွက်ရှိကြသဖြင့် စပါးဈေးကွက်ကောင်းမွန်ပြီး ဈေးကောင်းရမှသာ ကျေးလက်ဒေသနေတောင်သူများအတွက် အဆင်ပြေကြမည်ဖြစ်၍ နိုင်ငံတော်အပိုင်းက ကောင်းမွန်သောဈေးကွက်ဖော်ဆောင်ပေးနိုင်ရေးကို တောင်သူများက မျှော်လင့်လိုလားလျက်ရှိကြောင်း သိရသည်။ **သန်းလွင်**


GRACE COLLECTION
(၂၃)လမ်းနှင့်မဟာဗန္ဓုလလမ်းထိပ်၊ သိမ်ကြီးဈေးမီးပွိုင့်အနီး
နိုင်ငံတကာအဆင့်မီ
ရွှေနန်းတော်
စိန်ရွှေရတနာဆိုင်
GRAND OPENING
23-10-2018 (အင်္ဂါနေ့) နံနက်(၁၀)နာရီ
(၂၃-၁၀-၂၀၁၈) မှ (၃၁-၁၀-၂၀၁၈)အထိ
ဝယ်ယူသူတိုင်းအတွက်ဝယ်ယူသည့် တန်ဖိုးပေါ်မူတည်၍
ကျပ်(၃)သောင်းမှ(၅)သိန်းအထိ
ရွှေဆွဲပြားနှင့် ရွှေဆွဲကြိုးများချက်ချင်းလက်ဆောင်ချီးမြှင့်ပေးမည်။
Grace Collcction
၂၃-၁၀-၂၀၁၈ မှ ၁၃-၁-၂၀၁၉ အထိ
သိန်းပေါင်း(၃၀၀၀)ကျော်ချီးမြှင့်ပေးမည့် ကံစမ်းမဲအထူးအစီအစဉ်
Toyota Brand New ကား (၃)စီးနှင့် ရွှေသားဆုမဲများစွာ
10% to 60% Off
ချက်ချင်းပေါက်ချက်ချင်းယူ ဗလာမပါကံစမ်းမဲအစီအစဉ်
(၁)ကျပ်သားရွှေဆွဲကြိုး - (၅)ကုံးနှင့်အခြားရွှေသားဆုမဲများ
တီဗွီ၊ ရေခဲသေတ္တာ၊အဝတ်လျှော်စက်နှင့် ငွေသားကံစမ်းမဲများ
ပြေတီဦး၊ နေတိုး၊ မြင့်မြတ်၊ ဇေရဲထက်၊ ကျော်ထက်အောင်
ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်၊ ခိုင်သင်းကြည်၊ ဝတ်မှုန်ရွှေရည်၊ ဖွေးဖွေး၊ အေးမြတ်သူ၊ အေးဝတ်ရည်သောင်း
Rဇာနည်၊ ရွှေထူး၊ ထွန်းအိန္ဒြာဗို၊ ပြုံးပြုံးကျော်သိန်း၊ နီနီခင်ဇော် ၊ (Rose Quartz) တို့မြင့် ထူးခြားဆန်းပြားစမ်းနားရင်ခုန်ဖွယ် ဖွင့်လှစ်ပေးပါမည်။

# ၂၉-၉-၂၀၁၈ နေ့တွင် ကျင်းပခဲ့သော Myanmar Thilawa SEZ Holdings Public Ltd (MTSH) ၏ ပဉ္စမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် Myanmar Edible Oil Industrial Public Corporation Limited (MEICO) မှ တင်ပြလာသည့် ဒဂုန်အင်တာနေရှင်နယ်လီမိတက်နှင့် စပ်လျဉ်းသော စွပ်စွဲချက်များအပေါ် ဖြေရှင်းချက်

၁။ ၂၉-၉-၂၀၁၈ နေ့တွင် ကျင်းပခဲ့သော MTSH ၏ ပဉ္စမအကြိမ် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင် MEICO မှ "ဖြေရှင်းပေးရန်ကိစ္စ" ဟူသော တင်ပြချက်တွင် ဒဂုန်အင်တာနေရှင်နယ်လီမိတက် နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာ နှင့် ကျော်ကြားမှု ကိုထိခိုက်စေသော မမှန်မကန် စွပ်စွဲချက်များ ပါရှိလာပါသဖြင့် MTSH ၏ အစုရှယ်ယာရှင်များ ၊ လုပ်ငန်းများ ဆက်နွယ် လုပ်ကိုင်သူများ နှင့် အများပြည်သူများအား အမှန်ကို သိရှိနိုင်စေရန် အောက်ပါအတိုင်း ရှင်းလင်း အပ်ပါသည်။

၂။ MEICO ၏ တင်ပြချက် အပိုဒ် (၂)တွင် -

- **"မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်မှ ထုတ်ပြန်ခဲ့သည့် "ဘဏ္ဍာရေးနှစ် (၂၀၁၃-၁၄)တွင် ငွေကျပ် (၁၀၁,၈၅၀,၀၀၀/-)ကို ဒါရိုက်တာအဖွဲ့မှ ခွင့်ပြုချက် မရှိဘဲ ဦးဝင်းအောင် ပိုင်ဆိုင်သည့် ဒဂုန်အင်တာနေရှင်နယ်လီမိတက်မှ ထုတ်ယူခဲ့သည်"**ဟူ၍လည်းကောင်း၊
- **"Feasibility Study သည် မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက် ဖွဲ့စည်းရန် တိကျသည့် အစီအစဉ်မရှိခင်ကာလ ကတည်းက ဒဂုန်အင်တာနေရှင်နယ် လီမိတက်၏ Own Risk ဖြင့် ပြုလုပ်ခဲ့ခြင်းသာဖြစ်ပါသည်။"** ဟူ၍လည်းကောင်း၊
- **"ယင်းကဲ့သို့ သိလျက်နှင့် ဖြစ်စေ၊ မသိ၍ ဖြစ်စေ အခွင့်မရှိဘဲ ထုတ်ယူခဲ့ခြင်းကို ပြင်ပစာရင်းစစ် စစ်ဆေးတွေ့ရှိ၍ ဒါရိုက်တာအဖွဲ့သို့ ထောက်ပြသည့်အခါမှ အဆိုပါ ထုတ်ယူသွားခဲ့သည့် ငွေများ အားခွင့်ပြုရန် ဒါရိုက်တာအဖွဲ့ထံမှ အတည်ပြုချက် ပြန်လည် တောင်းခံခဲ့ခြင်းသည် လုံးဝ မဖြစ်သင့် သည့်အပြင် ကုမ္ပဏီအတွက်မည်သို့မျှ အကျိုးမရှိသော ကိစ္စရပ်တစ်ခု အတွက် ဖော်ပြပါ ငွေပမာဏ ကို ပေးရန် ဆုံးဖြတ်ခဲ့ခြင်းသည် အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားအားလွဲမှားစွာစီမံခဲ့ခြင်း ဖြစ်ပါသည်"** ဟူ၍လည်းကောင်း၊

စသည်ဖြင့် အများသိစေရန် စွပ်စွဲပြောဆို ရေးသား ဖြန့်ဝေချက်အပေါ် အဖြစ်မှန် ကို ပြန်လည်ရှင်းလင်း အပ်ပါသည်။

ထိုစဉ် (၂၀၁၂)ခုနှစ်ကာလက ဦးဝင်းအောင်သည် UMFCCI ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ် သီလဝါ အထူးစီးပွားရေးဇုန် အကောင်အထည်ပေါ်လာရေးအတွက် ဂျပန်အစိုးရ၏ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံရေး အဖွဲ့ ခေါင်းဆောင်များ၊ JV အဖွဲ့ဝင် ဂျပန် ကုမ္ပဏီများနှင့် မြန်မာအစိုးရ၏ တာဝန်ရှိ အကြီးအကဲများအကြား စီမံကိန်းကြီးကို ပုဂ္ဂလိက ကုမ္ပဏီများနှင့် သာမန်ပြည်သူများ ပါဝင် ရင်းနှီးမြှုပ်နှံဆောင်ရွက် နိုင်ရေးအတွက် ဆက်စပ်ညှိနှိုင်း ဆောင်ရွက်ရန် ယုံကြည်စွာ တာဝန်ပေးအပ်ခြင်း ခံခဲ့ရပါသည်။ သို့ပါ၍ ဦးဝင်းအောင်မှ ထိုသို့ ဆွေးနွေးမှုများကို စံနစ်တကျ ပြုလုပ်ရာတွင် လိုအပ်သော Feasibility Study (FS) အတွက် ထိုင်းနိုင်ငံမှ Consultant ကုမ္ပဏီနှင့် ဒဂုန်အင်တာနေရှင်နယ် လီမိတက်မှ ကျွမ်းကျင်သူ ဝန်ထမ်းများ ပူးပေါင်း၍ (၂၀၁၂) ခုနှစ် အစောပိုင်းကာလများ တွင် FS များ ပြုလုပ်ခြင်းအတွက် ငွေကြေးကြိုတင်စိုက်ထုတ်ပြီး ပြုလုပ်ခဲ့ပါသည်။ စီမံကိန်းနှင့် စပ်လျဉ်း၍ ဂျပန် JV partner များနှင့် ဆွေးနွေးရာတွင် အဆိုပါ FS Data များကို အခြေခံပြီး စီမံကိန်း မဟာဗျူဟာ- နည်းဗျူဟာများ ညှိနှိုင်းဆွေးနွေး ရေးဆွဲခြင်းများ တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ ဦးသူရိန်အောင် ကလည်း ၎င်း၏ကျွမ်းကျင်မှုကို အခြေခံ၍ စီမံကိန်း အတွက် အနီးစပ်ဆုံး အမှန်တကယ် ရင်းနှီးမြှုပ်နှံမှု (Capital) သင့်တင့်စွာဖြင့် Phase by Phase ဖော်ဆောင်သွားရေးအတွက် လိုအပ်ချက်များကို အဆိုပါ FS Data ပေါ်အခြေခံ၍ အကြိမ်ကြိမ် ဆွေးနွေးခဲ့ပါသည်။ ထိုသို့ ကြိုးစားအားထုတ် ဆွေးနွေးချိန်များတွင် MTSH အများပိုင် ကုမ္ပဏီကိုပင် တည်ထောင်ရန် ဖိတ်ခေါ်ခြင်း၊ ဖွဲ့စည်းခြင်း များ မပြုလုပ်ခဲ့ရသေးပါ။

(၂၁-၄-၂၀၁၂)နေ့တွင် သီလဝါ SEZ စီမံကိန်းအတွက် G to G အဆင့် Japan-Myanmar Memorandum of Intention ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက်ယင်း FS ကို အခြေခံကာ ဂျပန်နှင့်မြန်မာ အကြား စီမံကိန်းကိစ္စများကို အကြိမ်ကြိမ် ဆွေးနွေးခဲ့ပြီး နိုင်ငံတော်အစိုးရမှ မြန်မာနိုင်ငံဘက်မှ ပါဝင်ဆောင်ရွက်မည့် ကုမ္ပဏီဖွဲ့စည်းရန် အဆင်သင့် ဖြစ်ပြီဟု သုံးသပ်၍ ညွှန်ကြားလာသောအခါ ၎င်းစီမံကိန်းအတွက် အလုပ်ရုံ ဆွေးနွေးပွဲပြုလုပ်ရန် (၃-၁-၂၀၁၃)နေ့ ထုတ် မြန်မာအလင်း သတင်းစာတွင် ကြေငြာထုံကာ ခေါ်ယူကျင်းပခဲ့ပြီး MEICO အပါအဝင် အစုရှယ်ယာရှင် (၅၀)ဦးအထက်ပါဝင်သော အများပိုင်ကုမ္ပဏီ (၉)ခုအား ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီပူးပေါင်း ရင်းနှီးမြှုပ်နှံ ခွင့်ပြုရန် ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်၏ လမ်းညွှန်ချက်များအရ အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီးနောက် အဆိုပြုခဲ့သော အများပိုင်ကုမ္ပဏီ (၉)ခုကို စုစည်း၍ MTSH ကုမ္ပဏီကို (၃.၅.၂၀၁၃)ရက်နေ့တွင် ဦးဝင်းအောင်မှ ဦးဆောင်ဖွဲ့စည်းပေးခဲ့ပါသည်။

ယင်းမတိုင်မီ MTSH ၏ အများပိုင်ကုမ္ပဏီရုံးခန်း သီးသန့်မရှိသေးသောကြောင့် ဒဂုန်အင်တာနေရှင်နယ်လီမိတက် ရုံးခန်းတွင်လည်းကောင်း၊ UMFCCI အစည်းအဝေးခန်းတွင် လည်းကောင်း၊ ဂျပန်ကုမ္ပဏီများနှင့် MEICO အပါအဝင် အများပိုင် ကုမ္ပဏီ(၉)ခုမှ ကိုယ်စားလှယ်များကို (၉-၃-၂၀၁၃)နေ့ နှင့် (၁၄-၃-၂၀၁၃)နေ့ တို့တွင်ပြုလုပ်ခဲ့ကြသော အစည်းအဝေးများ၌ ဒဂုန်အင်တာနေရှင်နယ်လီမိတက်က ပြုလုပ်ထားသည့် FS Data များကို အခြေပြု၍ စီမံကိန်းကိစ္စရပ်များ အတွက် ဆွေးနွေးခဲ့ကြပါသည်။ ထို့အပြင် အဆိုပါ FS နှင့်ပတ်သက်၍ ဒဂုန်အင်တာနေရှင်နယ်လီမိတက်က ကုန်ကျခံထားသည့် ကုန်ကျစရိတ်အတွက်ကိုလည်း ဒဂုန်အင်တာနယ်ရှင်နယ်လီမိတက်သို့ ပြန်လည်ပေးချေရန် MTSH BOD မှ ၂၀၁၃ ခုနှစ် ဩဂုတ်လ တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးတွင် သဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။ ထို့ကြောင့် FS ကုန်ကျစရိတ်အား ထုတ်ယူနိုင်ပြီ ဖြစ်ကြောင်း MTSH ၏ ငွေစာရင်းဌာနမှ ၂၀၁၃ခုနှစ် စက်တင်ဘာလ တွင် အီးမေးဖြင့် အကြောင်းကြား လာသည့်အတွက် လုပ်ထုံးလုပ်နည်း စည်းမျဉ်းများနှင့်အညီ စံနစ်တကျ ငွေထုတ်ယူခဲ့ပါသည်။ ထိုသို့ ငွေထုတ် ယူခဲ့စဉ်ကလည်း Payment Voucher နှင့် ချက်လက်မှတ် များပေါ်တွင် ထိုအချိန်က MEICO အတွက် ကိုယ်စားပြု Alternate Director ဖြစ်သည့် MTSH Admin. Director ဖြစ်သူ ဦးအေးဝင်းကိုယ်တိုင် အတည်ပြုလက်မှတ် ရေးထိုးထုတ်ပေးခဲ့ခြင်း ဖြစ်ပါသည်။

၎င်းနောက် ၂၅.၄.၂၀၁၄ နေ့တွင် အများပြည်သူ (၁၇၀၉၉)ဦးကို အစုရှယ်ယာဝယ်ယူခွင့် ပြုပြီးနောက် ပထမဦးဆုံး အကြိမ်ခေါ်ယူသည့် ၂၀၁၃-၂၀၁၄ ခုနှစ် MTSH ၏ အစုရှယ်ယာရှင်များ နှစ်ပတ်လည်စုံညီ အစည်းအဝေး၏ နှစ်ပတ်လည် အစီရင်ခံတွင် ထည့်သွင်း ဖော်ပြရသော ဘဏ္ဍာရေးရှင်းတမ်း ကို အများပိုင်ကုမ္ပဏီများ၏ လုပ်ထုံးလုပ်နည်းအရ နှစ်စဉ် နှစ်ပတ်လည်အစည်းအဝေး ( AGM ) မတိုင်ခင် ပြုလုပ်လေ့ ရှိသည့်အတိုင်း MTSH BOD အဖွဲ့ဝင်များ နှင့် ပြင်ပစာရင်းစစ်တို့ တွေ့ဆုံဆွေးနွေးသည့် (၂၀-၉-၂၀၁၄)နေ့ External Audit Exit Meeting တွင် ပြင်ပစာရင်းစစ် Win Thin & Associates က FS အတွက် ငွေထုတ်ပေးခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ MTSH BOD မှ သဘောတူဆုံးဖြတ်ခဲ့ပြီးဖြစ်သော်လည်း အစည်းအဝေးမှတ်တမ်းတွင် မှတ်တမ်းတင်ရန် ကျန်ရှိခဲ့သောကြောင့် Win Thin & Associates မှ (၂၀.၉.၂၀၁၄) နေ့ အစည်းအဝေးတွင် မှတ်တမ်းတင်ရန် ပြောကြား၍ MTSH BOD အဖွဲ့ဝင် အားလုံးက ထပ်မံပြီး တညီတညွတ်တည်း သဘောတူညီ ကြပါသဖြင့် ဆုံးဖြတ်မှတ်တမ်းတင်ခဲ့ကြပါသည်။ ယင်းအစည်းအဝေးတွင် ဦးသိန်းဟန်လည်း တက်ရောက် သဘောတူ အတည်ပြုခဲ့ပါသည်။

ထို့ပြင် (၃.၃.၂၀၁၄) နေ့တွင် အများပြည်သူအား ရှယ်ယာများ ထည့်ဝင်နိုင်ကြောင်း ခေါ်ယူခဲ့ရာတွင် MTSH နှင့် စပ်လျဉ်းသည့် ပြည့်စုံစွာဖော်ပြထားသော "လုပ်ငန်း ညွှန်းတမ်း" (Prospectus) စာအုပ်၏ စာမျက်နှာ-၇ တွင် စုစုပေါင်း ရငွေများအား အသုံးပြုပုံ အပိုဒ်(ခ) ၌ **"သီလဝါ အထူး စီးပွားရေးဇုန်၏ ဖြစ်နိုင်ချေ လေ့လာဆန်းစစ်ချက်အတွက် သုံးစွဲခဲ့သောအသုံးစရိတ်များ နှင့် ဤကုမ္ပဏီ နှင့် ဖက်စပ်ကုမ္ပဏီတို့ ဖွဲ့စည်း တည်ထောင်ခြင်းအတွက် ကျခံသောကနဦး အသုံးစရိတ် များအားပေးချေရန်"** ဟုရှင်းလင်းစွာ ဖော်ပြထားပါသည်။

ထို့နောက် (၁.၁၁.၂၀၁၄) ရက်နေ့တွင် ကျင်းပခဲ့သော MTSH ၏ (၂၀၁၃-၁၄)ခုနှစ် အစုရှယ်ယာရှင်များ စုံညီ အစည်းအဝေး (AGM) တွင် အဆိုပါအသုံးစရိတ်နှင့် ပတ်သက်၍ (၂၀၁၃-၁၄)နှစ်ပတ်လည် AGM အစီရင်ခံစာ စာမျက်မှာ (၅၉) အပိုဒ်၁၁၊ ကနဦး ကုန်ကျစရိတ် ဖြစ်နိုင်ချေရှိ-မရှိ စိစစ်ချက် (၁၀၁,၈၅၀,၀၀၀) ခေါင်းစဉ် တွင် " **အထက်ပါ အသုံးစရိတ်သည် မြန်မာ သီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ်လီမိတက် မတည်ထောင်မီ ကုမ္ပဏီ နှင့်သက် ဆိုင်သော ဖြစ်နိုင်ချေရှိ၊ မရှိ စိစစ်ချက် အတွက် ကြိုတင်ကုန်ကျထားသည့် အသုံးစရိတ် ဖြစ်ပါသည်။ ၂၀၁၃ ဇန်နဝါရီ လတွင် ထုတ်ဝေခဲ့သော အဆိုပါ ဖြစ်နိုင်ချေရှိမရှိ စိစစ်ချက် အစီရင်ခံစာသည် ဖက်စပ် ကုမ္ပဏီ MJTD ဖွဲ့စည်းတည်ထောင်ခြင်းအတွက် ညှိနှိုင်း ဆောင်ရွက်မှု အခြေခံ ဖြစ်ပါသည်။ အဆိုပါအသုံးစရိတ်ကို ကုမ္ပဏီမှ ပေးချေရန် ဩဂုတ်လ ၂၀၁၃ တွင် ကနဦး အစုရှယ်ယာရှင်များက အတည်ပြုခဲ့ပြီး ၂၀၁၄ စက်တင်ဘာလ (၂၀)ရက်နေ့တွင် ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံး ဖြတ်ချက်ဖြင့် အတည်ပြု လက်မှတ်ရေးထိုးခဲ့ပါသည်"** ဟု သေချာစွာ ဖော်ပြထားကာ ထိုနှစ်ပတ်လည်အစည်းအဝေးတွင် အတည်ပြုခဲ့ပြီးသော ကိစ္စဖြစ်ပါလျက် ထပ်မံစွပ်စွဲ ပြောဆိုခဲ့ခြင်းသာဖြစ်ပါသည်။ စီမံကိန်းကြီးများ ပူးပေါင်းဆောင်ရွက်ရာတွင် စီမံကိန်းအကြိုကာလတွင် စိုက်ထုတ် ကျခံခဲ့ရသော ကြိုတင်ကုန်ကျစရိတ်ငွေများကို ကုမ္ပဏီတည်ထောင်ပြီးချိန်တွင် စိုက်ထုတ်ထားငွေ အသီးသီးကို ပြန်လည်ပေးချေရသည်မှာ နိုင်ငံတကာ လုပ်ရိုးလုပ်စဉ်များပင်ဖြစ်သည်ကို စီးပွားရေး လုပ်ငန်းရှင်တိုင်း သိရှိကြပါသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ Win Thin & Associates မှ ဆရာကြီး ဦးဝင်းသင် ကိုယ်တိုင် စံနစ်တကျ မှန်ကန်စွာ ဆောင်ရွက်ထားခဲ့ခြင်းဖြစ်ကြောင်း ကို (၂၉.၉.၂၀၁၈)နေ့တွင် ကျင်းပသော MTSH ၏ ပဉ္စမအကြိမ် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကြီးတွင် အသေးစိတ် ထပ်မံရှင်းလင်း ပြောဆိုခဲ့ပြီးဖြစ်ပါသည်။

၃။ MEICO ၏ တင်ပြစာ အပိုဒ်(၆)တွင်လည်း **"Dagon Concrete မှ အသင့်ဖျော် ကွန်ကရစ်များကို သီလဝါ စီမံကိန်းအတွင်း ရောင်းချပြီး သွယ်ဝိုက်အကျိုးစီးပွား ရယူခဲ့သည်"**ဟူ၍ Dagon Concrete ၏ ဂုဏ်သိက္ခာ ကို ကျဆင်းအောင် စွပ်စွဲရေးသားထားပါသည်။

အမှန်အားဖြင့် Dagon Concrete လုပ်ငန်းကို သီလဝါအထူးစီးပွားရေးဇုန် မပေါ်သေးခင် (၂၀၁၁)ခုနှစ် ကတည်းက သီလဝါဒေသတွင် Batching Plant တည်ထောင်ပြီး သီလဝါရှိ လမ်း- တံတား- ဆိပ်ကမ်း စီမံကိန်းများသို့ Ready Mixed Concrete များရောင်းချ နေခဲ့ခြင်းဖြစ်ပြီး၊ သီလဝါ SEZ ပေါ်ပေါက်လာပြီးသည့် အချိန်တွင်လည်း MTSH ၏ subcontractor တစ်ဦး၏ တည်ဆောက်ရေး လုပ်ငန်းများတွင် Dagon Concrete သည် အခြားသော ကုမ္ပဏီများ နည်းတူ ဝင်ရောက်ယှဉ်ပြိုင်ကာ မိမိတို့ ကုမ္ပဏီကို ရွေးချယ်ခံရသည့်အခါမှသာ လုပ်ငန်းများကို ရယူ လုပ်ကိုင် ဆောင်ရွက်ခဲ့ပါသည်။

ယခုရှင်းလင်းချက်များမှာ MEICO ၏စာပါ အကြောင်းအရာများအနက် ဒဂုန်အင်တာနေရှင်နယ်လီမိတက်နှင့် သက်ဆိုင်သည့် မမှန်မကန်စွပ်စွဲပြောဆိုခဲ့သော အကြောင်းအရာများကို ဖြေရှင်းခြင်းသာ ဖြစ်ပါသည်။

ယခုကဲ့သို့ မိမိတို့ ဒဂုန်အင်တာနေရှင်နယ်လီမိတက်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာနှင့်လုပ်ငန်းကို ထိခိုက်စေသော မမှန်မကန် စွပ်စွဲချက်များကို ပြောဆို ရေးသားသူ မည်သူ့ကိုမဆို ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

**ဒဂုန်အင်တာနေရှင်နယ်လီမိတက်**

## "အရဟံ စေတီ" တည်ကြမည်

ဘုရားဒကာ ၊ ဘုရားအမများ ကြွရောက်ပါရန် ဖိတ်ခေါ်ပါသည်။

ရန်ကုန်၊ မြောက်-ဒဂုံ၊ (၄၂)ရပ်ကွက်၊ ကိုးဘွဲ့ရ သာသနာပြု ကျောင်းတိုက်၊ အဝင်တွင် ဝါကျွတ်ပါက 'အရဟံ စေတီ' တည်ပါမည်။ တပေါင်းလပြည့်နေ့ ထီးတင်ပါမည်။ တစ်ဦးလျှင် ကျပ်တစ်သိန်းမျှသာ ကုသိုလ်ပါဝင်ပါက လွယ်ကူစွာ ပြီးပါလိမ့်မည်။ ဆန္ဒကုသိုလ် ပါဝင်လိုပါက ဆရာတော့်ထံ နာမည်စာရင်းသာ ပေးပို့၍ အလှူတော်ငွေကို မြောက်ဥက္ကလာပ ကမ္ဘောဇဘဏ် အကောင့်အမည်-အရှင်အာစာရာလင်္ကာရ - 0 70 30 10 1600 51 400 1 သို့သာ တိုက်ရိုက် လွှဲပို့စေလိုပါသည်။

[အသေးစိတ်သိရှိလိုပါက Ph: 09 78 78 77 969 သို့ ဆက်သွယ်နိုင်ပါသည်။]

## ကထိန်သင်္ကန်းကပ်လှူပွဲ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သုနန္ဒာလမ်းရှိ မဟာကျိန်သစ္စာရှင်ဘုရားကြီး၏ ပဓာနနာယက **မဟာဇေယျာသိဒ္ဓိ အဓိဋ္ဌာန်ဆရာတော် ဘဒ္ဒန္တကုလရက္ခိတ**အား ဦးထိပ်ထားလျက် **ဦးသန်းရွှေ-ဒေါ်သန်းသန်းမူ** (ရွှေပြည်ကြီး ကုမ္ပဏီလီမိတက်)မိသားစုတို့က မတည်လျက် တပည့်ဒါယကာ၊ ဒါယိကာမများမှ အများကောင်းမှုပေါင်းစုလှူဒါန်းသော ကထိန်သင်္ကန်းဆက်ကပ်ခြင်း၊ သံဃာတော်အရှင်သူမြတ်များကို ဆွမ်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ကို ကပ်လှူခြင်းအား အတူတကွရေစက်ချ အမျှပေးဝေလိုပါသောကြောင့်

၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ ၂၇-၁၀-၂၀၁၈ ရက် (စနေနေ့) နံနက် ၉ နာရီတွင် မဟာကျိန်ဘုရားကြီးသို့ ကြွရောက်တော်မူကြပါရန် ဖိတ်ကြားအပ်ပါသည်။

(ဤကြော်ငြာအား ဖိတ်စာဟုမှတ်ယူလျက် ကြွရောက်ပေးကြစေလိုပါသည်။)

**ဆက်သွယ်ရန်**

| ဦးတက်ဖြိုး | ဦးကျော်ညွန့် | ရုံးဖုန်း |
|---|---|---|
| ဖုန်း-၀၉-၄၂၀၁၂၃၄၅၆ | ဖုန်း-၀၉-၅၁၂၅၄၄၀ | ဖုန်း-၀၉-၂၅၄၂၅၅၇၇၃ |

## အမည်ပြောင်း

ဦးတွမ်စိန်ကွေ၏သမီး မူဆယ်မြို့၊ အထကခွဲ (မန့်ဝိန်း) ပဥ္စမတန်း (A)မှ မတွမ်တင်လန့်အား မသော်တာဦးဟု ပြောင်းလဲခေါ်ပါရန်။

**ဦးတွမ်စိန်ကွေ**
**၁၃/လရန(နိုင်)၀၅၂၉၉၁**

## အမည်ပြောင်း

ဦးတွမ်စိန်ကွေ၏သား မူဆယ်မြို့၊ အထကခွဲ (မန့်ဝိန်း) စတုတ္ထတန်း(A)မှ မောင်တွမ်ပိဟန်အား မောင်ဟိန်းထက်ဦးဟု ပြောင်းလဲခေါ်ပါရန်။

**ဦးတွမ်စိန်ကွေ**
**၁၃/လရန(နိုင်)၀၅၂၉၉၁**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ပြည်မြို့၊ PEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဆဋ္ဌမတန်းမှ မောင်ဒီနိုင်း(ခ)မောင်ဒီနိုင်းအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးဝင်းနိုင်ထွန်း (ခ) ဦးဝဏ္ဏ ၇/ပမန(နိုင်)၁၁၄၃၈၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အလက ပန်းကုန်းမွန်ကျောင်း စတုတ္ထတန်းမှ မောင်ထူးခန့်စိုး၏ ဖခင်အမည်မှန်မှာ ဦးရန်နိုင်ဦး ၁၀/ပမန(နိုင်)၁၈၃၈၅၅ ဖြစ်ပါသည်။

**ဦးရန်နိုင်ဦး**

## မိခင်အမည်မှန်

ပေါင်မြို့နယ်၊ အလက ပန်းကုန်းမွန်ကျောင်း သတ္တမတန်းမှ မောင်ထက်နိုင်လင်း၏မိခင်အမည်မှန်မှာ ဒေါ်ဖြူဖြူမွှေး ၁၀/ပမန(နိုင်)၁၇၆၈၂၄ ဖြစ်ပါသည်။

**ဒေါ်ဖြူဖြူမွှေး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် HSE/349 ယာဉ်လက်ဝယ်ရှိသူ PAY SUP THU MYAR FUNERAL FOUNDATION က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## (၁၇-၁၀-၂၀၁၈)ပြန်လည်ရောက်ရှိသူများမှ ခင်နန္ဒာ (ဗုဒ္ဓဂယာ) သို့ ပို့သမေတ္တာ မုဒိတာများ ☎ ၀၉-၅၆၀၀၁၂၃

အောင်ခိုင်ဆင့် ၀၉-၄၂၀၀၄၄၈၈၄

- လိုလေးသည်မရှိ ပိုနေသေး၏။ နွေးထွေးပျူငှာ ခင်နန္ဒာ။
  ဦးစန်းအောင်ရွှေ(ခ)စစ်တွေညီညွန်း (စစ်တွေ ၀၉-၄၀၃၅၅၅၇၂၀၅)
- အကြံပြုချက် မလိုလောက်အောင်ကောင်းပါသည်။
  ဒေါ်အဘီ (လပွတ္တာ ၀၉-၄၂၂၄၅၀၉၉၄)
- ယခုထက်ပိုမိုအောင်မြင်ပါစေ။
  ဦးသိန်းဟန် (သဃ်န်းကျွန်း ၀၉-၅၀၉၀၇၈၈)
- ကျေနပ်မှုရှိသည်။
  ဒေါ်စန်းစန်းဝင်း (ပုဇွန်တောင် ၀၉-၂၆၀၀၅၀၆၀၀)
- စိတ်ချမ်းသာသောခရီးစဉ်။
  ဒေါ်စံနှင်းသာ (တ/ဥက္ကလာ ၀၉-၅၃၆၃၃၂၆)
- အစစအရာရာအဆင်ပြေတယ်။
  ဦးမောင်ဦးကျော် (လှိုင် ၀၉-၃၁၂၉၃၀၆၀)
- အလွန်ကောင်း၍ ကျေးဇူးအထူးတင်ပါသည်။
  ဒေါ်သန်းသန်းညွန့် (မရမ်းကုန်း ၀၉-၃၃၃၇၆၂၉၀)
- ကောင်းသည်ထက်ကောင်းအောင်ကြိုးစားပါ။
  ဦးတင်မောင်ဝင်း (သဃ်န်းကျွန်း ၀၉-၂၅၀၆၈၈၀၀၃)
- နောက်တစ်ကြိမ် ခင်နန္ဒာနှင့် ဘုရားဖူးလာချင်ပါသည်။
  ဒေါ်မအေး (တာမွေ ၀၉-၅၆၈၀၆၁၉)
- မောင်အောင်ခိုင်ဆင့်လို ကျန်းမာသန်စွမ်းပြီး ဆက်ဆံရေးကောင်းမွန်သော ခင်နန္ဒာဝန်ထမ်းများ ဝင်ရောက်လာနိုင်ပါစေ။
  ဦးမြဝင်း (စစ်တွေ ၀၉-၂၆၀၅၆၅၅၉၆)
- မွန်မြတ်သော မေတ္တာနှင့် ဖေးမကူညီမှုကို ကျေးဇူးတင်ပါသည်။
  ဒေါ်စံနု (မင်္ဂလာဒုံ ၀၉-၄၂၃၈၉၄၉၃၉)
- အထူးကောင်းပါသည်။
  ဦးဘိုဘို (မရမ်းကုန်း ၀၉-၄၄၀၇၂၁၃၅)
- ပိုပိုကောင်းမွန်စေရန် ကြိုးစားစေလိုပါသည်။
  ဒေါ်မြင့်မြင့်ဧ (အလုံ ၀၉-၂၅၃၂၉၈၉၀)
- အဆင်ပြေပါသည်။
  ဒေါ်မိုးမိုးအောင် (ပန်းဘဲတန်း ၀၉-၇၄၇၂၄၇၉၅)
- ဝန်ဆောင်မှုအထူးကောင်းမွန်ပါသည်။
  ဒေါ်လှခင် (လှိုင် ၀၉-၇၉၄၇၉၈၈၀၁)
  ဒေါ်လှစိန် (မင်းတပ် ၀၉-၄၀၀၃၀၀၈၃)

## မွေးသက္ကရာဇ်အမှန်

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ အထက (လောင်းလုံး) တက္ကသိုလ်ဝင်တန်းမှ (ဘ)ဦးသန်းရွှေ၏ သမီး မလဲ့ဝင်း၏ မွေးသက္ကရာဇ်အမှန်မှာ ကျောင်းဝင် မှတ်ပုံတင်စာရင်းအရ ၁၀-၂-၁၉၉၉ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ဦးကောသလ္လ ၆/သရခ(သ) ၀၀၀၃၃၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၉၉၀၂၉၈**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1N/2882 ၏အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/မနူဟာ၊ ဦးပိုင်အမှတ် ၂၄(က)၊ ဧရိယာ ၀.၁၁၁၁၃ ဧကအား ဦးဆန်းဝင်း (ဘ) ဦးဝိုင်း ၉/တကန(နိုင်)၁၉၈၅၂၈မှ တပ်ကုန်းမြို့နယ် တရားရုံး၏ကျမ်းကျိန်လွှာအမှတ် ၂၃၄/၂၀၁၈၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင်သုံးဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မှုရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မန္တလေးတက္ကသိုလ် သချၤာကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲ နှိုးဆော်လွှာ

**မန္တလေးတက္ကသိုလ် သချၤာကျောင်းသား၊ ကျောင်းသူဟောင်းများ**၏ အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို **၈-၁၂-၂၀၁၈ရက်(စနေနေ့) နံနက် ၉ နာရီတွင် မန္တလေးတက္ကသိုလ်ဓမ္မာရုံ**၌ ကျင်းပမည်ဖြစ်ပါသဖြင့် အလှူငွေထည့်ဝင်လိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် နီးစပ်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီးရှိ သချၤာဌာနများနှင့် အောက်ဖော်ပြပါ ကျောင်းသား၊ ကျောင်းသူဟောင်းများထံ ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

| | | | | | |
|---|---|---|---|---|---|
| ၁။ ဦးစောအောင်(စံပြ) | ဖုန်း-၀၉-၂၀၂၉၇၆၅ | ၁၀။ ဦးသိန်းဝင်း(နွားထိုးကြီး) | ဖုန်း-၀၆၆-၈၀၁၅၁ | ၁၉။ ဦးအေးနိုင် | ဖုန်း-၀၉-၇၉၈၉၇၉၉၄၃ |
| ၂။ ဦးညွန့်ဇော်(ကေဇော်) | ဖုန်း-၀၉-၂၀၀၁၂၇၉ | ၁၁။ ဒေါက်တာသိန်းထွန်း | ဖုန်း-၀၉-၂၀၀၃၆၁၆ | ၂၀။ ဦးစိုးလှ | ဖုန်း-၀၉-၄၃၀၁၀၈၃၅ |
| ၃။ ဦးမျိုးမင်း (K.E.C) | ဖုန်း-၀၉-၇၉၇၇၅၄၂၇၃ | ၁၂။ ဦးမောင်မောင်ကြီး | ဖုန်း-၀၉-၅၁၁၁၂၁၁ | ၂၁။ ဒေါ်နီနီဆင့် | ဖုန်း-၀၉-၄၃၂၀၁၄၁၅ |
| ၄။ ဒေါက်တာဥမ္မာ | ဖုန်း-၀၉-၇၉၈၉၂၁၁၈၆ | ၁၃။ ဦးညိုဝင်း(မန်းရတနာ) | ဖုန်း-၀၉-၂၀၃၀၅၅၀ | ၂၂။ ဦးကိုကိုနိုင်(သမာဓိ) | ဖုန်း-၀၉-၂၀၂၄၉၉၈ |
| ၅။ ဦးစိုင်းမြင့်သောင်း(ရန်ကုန်) | ဖုန်း-၀၉-၅၂၈၁၅၇၈ | ၁၄။ ဦးမင်းဦး(ဖိုး၀) | ဖုန်း-၀၉-၂၀၂၂၇၇၂ | ၂၃။ ဒေါက်တာခင်မျိုးအေး | ဖုန်း-၀၉-၂၀၁၉၆၁၁ |
| ၆။ ဦးလှသန်း | ဖုန်း-၀၉-၂၅၉၄၉၆၅၆၂ | ၁၅။ ဒေါက်တာအောင်အောင်မင်း | ဖုန်း-၀၉-၄၃၁၀၂၀၆၀ | ၂၄။ ဒေါက်တာခင်ဖြူဖြူထူး | ဖုန်း-၀၉-၂၀၅၂၁၆၉ |
| ၇။ ဦးဝင်းမြင့်(ဒဂုံး) | ဖုန်း-၀၂-၆၄၄၁၇ | ၁၆။ ဦးမြင့်နိုင် | ဖုန်း-၀၉-၂၀၁၆၆၀၉ | ၂၅။ ဦးမျိုးကျော်ဝင်း(နယူးချယ်ရီ) | ဖုန်း-၀၉-၂၀၀၁၀၁၆ |
| ၈။ ဒေါ်ငွေငွေယဉ်(စိန်နှင့်မြ) | ဖုန်း-၀၉-၂၁၁၁၁၁၈ | ၁၇။ ဦးစိန်မင်း | ဖုန်း-၀၉-၉၁၀၁၁၃၉၄ | ၂၆။ ဦးအောင်ကျော်ဦး | ဖုန်း-၀၉-၂၀၀၇၄၄၉ |
| ၉။ ဒေါ်သီတာကို | ဖုန်း-၀၂-၆၅၃၄၂ | ၁၈။ ဒေါ်ချိုချို | ဖုန်း-၀၂-၃၀၁၉၁ | ၂၇။ ဒေါ်လင်းလင်းမြတ်(မဟာ) | ဖုန်း-၀၉-၂၀၃၉၂၅၀ |

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ် ၃၆/ပြည်တော်သာရပ်၊ ဦးပိုင်အမှတ် ၂၇၂၊ မြေယာအမှတ် 216၊ မြေဧရိယာ ၀.၁၁၁မ၀၈၈၈ဧကရှိ မြေကွက်အား မြေငှားဂရန်သစ် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ခင်ခင်ထား ၉/မရတ(နိုင်)၀၀၂၈၇၄မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေးတောင်ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၂၅၀/၂၅၂၊ (1A)ပထမထပ်(ဝဲ)တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားတရားဝင်ပိုင်ဆိုင်သူ ဒေါ်မြင့်သန်းအေး ၁၂/သဃက(နိုင်)၀၈၃၅၈၆နှင့် ဒေါ်ကလျာစိုး ၁၀/ပမန(နိုင်)၀၀၁၅၉၃တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေတို့က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်မည့်သူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာနွယ် LL.B, D.B.L, D.I.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၇၉)**
**အမှတ် ၅၇၈၊ သီရိမြိုင် ၉ လမ်း၊ ၁၃ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၀၃၇၁၂၉၃၂**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၂၂၉၅၁ Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးညီညီထွေး ၆/လလန(နိုင်)၀၇၄၇၈၈ကေ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/ ၃၀၉၆၇ Honda Dream ND 125 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဟုတ် ၆/ရဖန(နိုင်)၀၁၅၉၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့ အမှတ် ၂၀၁၄ တပ်ရင်းမှ (ဘ) ဦးလှသောင်း၏သား တပ်ကြပ်ကြီး ဦးမောင်အေးနှင့် ဦးကိုကိုအေး ၉/မသန(နိုင်)၀၈၂၄၁၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်အေး(ခ)ဦးကိုကိုအေး**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးထွန်းထွန်းနိုင် ၆/သရခ(နိုင်)၀၄၆၁၄၅၏ ပွဲနင်းမှူးလက်မှတ်အမှတ် REV.2278/17 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၆၄၁၂၆၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ ရွှေပေါက်ကံမြို့သစ်၊ အောင်ရာဇာလမ်း၊ မြေကွက်အမှတ်(၁၀၃၅/ခ/၂)၊ ခြေရင်းဘက်ခြမ်း (ရတနာသိန်းလမ်းနှင့်ကပ်လျက်ထောင့်ကွက်)၊ အကျယ်အဝန်းပေ(၂၀×၆၀)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေချပါမစ်အမည်ပေါက်သူ ဒေါ်သောင်းရီ CG-၀၇၆၆၈၈ ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူဦးစိုးမြင့် ၁၄/ပတန(နိုင်)၂၀၇၀၈၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစည်သူဝင်း LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၃၄)**
**အမှတ်(၈၇၀)၊ အောင်သိဒ္ဓိ(၃)လမ်း၊ (၁၂)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၀၅၀၉၀၉၁**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှား ဒုတိယဝန်ကြီးနှင့် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်တို့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexender Vasilievich Fomin နှင့် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် H.E.Mr. Vijay Gokhale တို့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာမှုရှိသည့်အခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား စစ်ဘက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ARMY Games 2018 တွင် မြန်မာ့တပ်မတော်မှ ပါဝင်ယှဉ်ပြိုင်ခဲ့မှု အခြေအနေများနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အဆင့်အလိုက် ချစ်ကြည်ရေး ခရီးစဉ်များအပြန်အလှန်လည်ပတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်နှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်နှစ်ရပ်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်

*စာမျက်နှာ ၅ ကော်လံ ၁* ▲



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် H.E.Mr. Vijay Gokhale အား လက်ခံတွေ့ဆုံစဉ်။**

ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

## တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာမျက်နှာ » ၈

## ဘူးသီးတောင်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၆၀၀၀ နှင့် စီးကရက် စက္ကူပုံးကြီး ၂၀ သိမ်းဆည်းရမိ

စာမျက်နှာ » ၁၂

## မန္တလေးမြို့ ကျုံးတောင်ဘက်ခြမ်းတွင် ရောင်စုံမီးများဖြင့် သီတင်းကျွတ်မီးထွန်းပွဲတော် ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၂၂**

သီတင်းကျွတ်ပွဲတော်ကာလအတွင်း မန္တလေးမြို့ ကျုံးတောင်ဘက်ခြမ်း လမ်း ၈၀ နှင့် ၆၆ လမ်းကြား၊ ၂၆ လမ်းတစ်လျှောက်တွင် LED ရောင်စုံမီးလုံးများ တပ်ဆင်ထွန်းညှိ၍ မြန်မာ့ယဉ်ကျေးမှု မီးထွန်းပွဲတော်ကို စည်စည်ကားကား ကျင်းပသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနမှူး ဦးဇော်ဝင်းက ပြောကြားသည်။

"သီတင်းကျွတ်ကာလအတွင်းမှာ ကျုံးတောင်ဘက်အခြမ်းမှာရှိတဲ့ မီးတိုင်တွေကနေ တောင်မြောက် LED မီးကြိုးတွေ သွယ်တန်းတပ်ဆင်ပြီး

*စာမျက်နှာ ၅ ကော်လံ ၅* ❁



ယမန်နှစ်က ကျင်းပခဲ့သည့် သီတင်းကျွတ်မီးထွန်းပွဲတော်ကို တွေ့ရစဉ်။

## မြန်မာ့လက်ရွေးစင်အသင်း ကာတာနိုင်ငံတွင် ဒုတိယခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် အောက်တိုဘာ ၂၂**

၂၀၁၈ အာဆီယံဆူဇူကီးဖလား ပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် ကာတာနိုင်ငံ ဒိုဟာမြို့၌ လေ့ကျင့်မှုပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် အောက်တိုဘာ ၂၄ ရက်တွင် ကာတာ Police အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာ ၁၇ ရက်မှစ၍ ကာတာနိုင်ငံ၌ လေ့ကျင့်မှုပြုလုပ်နေခြင်းဖြစ်ပြီး ကာတာခြေစမ်းခရီးစဉ် ဒုတိယပွဲနှင့် ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီ ငါးပွဲမြောက် ခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားခြင်း ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည်

*စာမျက်နှာ ၅ ကော်လံ ၅* ❒

## ၂၀၁၉ အာဆီယံ ယူ-၁၅ အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲ အုပ်စုများထုတ်ပြန်

**ရန်ကုန် အောက်တိုဘာ ၂၂**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၉ ခုနှစ်တွင်ကျင်းပမည့် အာဆီယံ ယူ-၁၅ အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲအုပ်စုများ ထုတ်ပြန်လိုက်ပြီဖြစ်သည်။ အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲနှစ်ခုစလုံးကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ပြိုင်ပွဲနှစ်ခုစလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။ အာဆီယံ ယူ- ၁၅ အမျိုးသမီးပြိုင်ပွဲကို မတ် ၂၀ ရက်မှ ဧပြီ ၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (က) တွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ တီမောအသင်းတို့နှင့် ကျရောက်နေသည်။

အုပ်စု (ခ) တွင်မူ လက်ရှိချန်ပီယံ ထိုင်း၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယားတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အိမ်ရှင်ထိုင်းအသင်းနှင့် တစ်အုပ်စုတည်း

*စာမျက်နှာ ၅ ကော်လံ ၅* ❍

(၁၉-၁၀-၂၀၁၈)ပြန်လည်ရောက်ရှိသူများမှ ခင်နန္ဒာ (ဗုဒ္ဓဂယာ) သို့ ပိုသမေတ္တာ မုဒိတာများ ☎ ၀၉-၅၆၀၀၁၂၃

မောင်သူရိန်အောင် ၀၉-၄၄၄၅၂၉၉၈၈
- ဝန်ဆောင်မှုကောင်းမွန်သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါသည်။ ဦးဝိသုတ (ဗိုးကုန်း ၀၉-၄၁၀၅၆၉၉၆)
- ခရီးစဉ်တလျှောက် အဆင်ပြေကောင်းမွန်သည့်အတွက် အထူးကျေးဇူးတင်ရှိပါသည်။ ဦးဝါသေဋ္ဌ (ဗိုးကုန်း ၀၉-၄၂၃၆၆၀၀၉၄)
- စေတနာရဲ့အကျိုးကြောင့် တိုးတက်ပါစေ။ ဒေါ်သန်းသန်းစိုး (ဝေါ ၀၉-၄၂၈၁၇၃၄၄၁)
- နောက်တစ်ခေါက်လာပါဦးမည်။ ဦးသန်းဝင်း (ရန်ကင်း ၀၉-၄၂၁၁၆၆၀၄၆)
- ခင်နန္ဒာရဲ့စေတနာ အမြဲသတိရနေပါမည်။ ဒေါ်စန်းစန်းရီ (ရန်ကင်း ၀၉-၂၅၀၀၁၈၁၁၅)
- သူရိန်အောင် အရမ်းတော်။ ဒေါ်သိန်းသိန်းဝင်း (ဒဂုံ/အရှေ့ ၀၉-၄၂၀၀၁၉၇၂၈)
- နောင်ခရီးစဉ်များကိုလည်း လိုက်ပါရန် ကြိုးစားပါဦးမည်။ ဒေါ်မိမိတင် (ရန်ကင်း ၀၉-၂၅၄၂၇၆၇၂၀)
- စိတ်ချမ်းသာရပါသည်။ ဒေါ်တင်ကြည် (ဗိုးကုန်း ၀၉-၄၂၃၆၉၈၆၇၆)
- Guide ကလေးများ လိမ္မာကြ ၊ ကူညီပေးကြတာကိုလည်း ကျေးဇူးတင်ပါတယ်။ မအေးစိမ့်အောင် (ရန်ကင်း ၀၉-၂၅၄၂၇၆၇၂၀)
- အထူးကျေးဇူးတင်ရပါသည်။ ဒေါ်စန်းမြင့် (ဗိုးကုန်း ၀၉-၄၂၃၆၉၈၆၇၆)
- ကျေးဇူးတင် သာဓု အခါခါ ခေါ်ဆိုပါသည်။ ဒေါ်သီသီတင် (ရန်ကင်း ၀၉-၂၅၄၂၇၆၇၂၀)